# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ စုပေါင်းသန့်ရှင်း အမှိုက်ကောက်လှုပ်ရှားမှု ဆောင်ရွက်

## မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေး ၂၀၂၃ ခုနှစ် ဇွန်လခန့်တွင်ကျင်းပမည့် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မည်



နေပြည်တော် ဧပြီ ၂

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် စုပေါင်းသန့်ရှင်း အမှိုက်ကောက်လှုပ်ရှားမှုကို ယနေ့ နံနက် ၇ နာရီတွင် ဆောင်ရွက်သည်။ (ယာပုံ)

ရခိုင်ပြည်နယ် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်လုပ်ငန်းများဆောင်ရွက်မှုကို ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အဆိုပြုစာတွဲ (Nomination Dossier) (Complete) ကို ကမ္ဘာ့အမွေအနှစ် ကော်မတီ (World Heritage Committee) သို့ ပေးပို့ပြီးစီးခဲ့သည့် အဆိုပြုစာတွဲ (Nomination Dossier) ပါ ဆောင်ရွက်ချက်များကို ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာများကောင်စီ (ICOMOS- International Council on Monuments and Sites) ၏ Technical Evaluation Team က လာရောက် စစ်ဆေးမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံပြည်သူများသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး AstraZeneca တစ်သန်း Doses အနက် ဒုတိယအသုတ် ကာကွယ်ဆေး ငါးသိန်း Doses နှင့် ဆေးထိုးအပ် ငါးသိန်း ရောက်ရှိ




ရန်ကုန် ဧပြီ ၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် အသုံးပြုရန် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံပြည်သူများသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး Astra-Zeneca အမှတ်တံဆိပ် တစ်သန်း Doses အနက် ဒုတိယအသုတ် ကာကွယ်ဆေး ငါးသိန်း Doses နှင့် ဆေးထိုးအပ် ငါးသိန်းတို့သည် Thai Airways လေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာရာ

*စာမျက်နှာ ၄ ကော်လံ ၁* ❒


**ယနေ့** *ဖတ်စရာ*

**ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ဖို့ ရန်ပုံငွေပြတ်လပ်သွားတဲ့ အမေရိကန်** — နိုင်ငံတကာရေးရာ — စာ - ၁၄

**မက်မန်းမြို့နယ်အတွင်းက နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ** — ဆောင်းပါး — စာ - ၁၆



**မတ်ပဲနှင့်ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၃ မတ်လကုန်အထိ အိန္ဒိယသက်တမ်းတစ်နှစ်တိုးမြှင့်** — စိုက်၊ မွေး၊ စီးပွား အထူးကဏ္ဍ — စာ - ၂၃

## အဆင့်မြင့် မျိုးဆက်သစ်များဖြစ်အောင်

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနပေါင်း ၁၂၀၀ ကျော်နှင့် နိုင်ငံခြားစာစစ်ဌာန ၂၀ တို့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း သုံးသိန်းခန့်တို့ ဖြေဆိုလျက်ရှိသည်။ ကျောင်းသား ကျောင်းသူတို့၏ ဘဝရှေ့ခရီးအတွက် တက္ကသိုလ်ဝင်စာမေးပွဲက အရေးကြီးသည်မို့ မိဘများနှင့်တကွ မိသားစုကပါ အလေးဂရုပြုကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် မိသားစုဝင် ကျောင်းသူ ကျောင်းသားတို့ကို လိုလေသေးမရှိ ဂရုစိုက်ကြသည်။ အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်ကြသည်။

သို့ရာတွင် ကျောင်းသူ ကျောင်းသားများနှင့် မိဘ၊ ဆရာတို့မှာ စာသင်နှစ်တစ်လျှောက်လုံး အခက်အခဲများစွာ၊ ခြိမ်းခြောက်၊ နှောင့်ယှက်မှုများစွာတို့ ကြုံတွေ့ခဲ့ကြရသည်။ စာသင်ကျောင်းများ မီးရှို့ဖောက်ခွဲ ဖျက်ဆီးခြင်း၊ ကျောင်းစာအုပ်များ မီးရှို့ဖျက်ဆီးခံရခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ (အငြိမ်းစားပါမကျန်) ရက်ရက်စက်စက် သတ်ဖြတ်ခံရခြင်းတို့က သမိုင်းစာမျက်နှာတွင် တင်ကျန်ရစ်လိမ့်မည်ဖြစ်သည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်မဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများစွာနှင့် စာမေးပွဲကျင်းပရန် စာစစ်ဌာန မဖွင့်လှစ်နိုင်သည့် ဒေသများစွာတို့ရှိရာ အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ကျောင်းသား ကျောင်းသူကလေးသူငယ်များကို နိုင်ငံရေးဓားစာခံအဖြစ် အသုံးချမှုများက အဓိကလက်သည်များပင်ဖြစ်သည်။

လက်ရှိတက္ကသိုလ်ဝင်စာမေးပွဲကို ကြိုးစားဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား စိတ်အနှောင့်အယှက်ဖြစ်အောင် ပြစ်တင်ရှုတ်ချနေသူများ၊ မဟုတ်တမ်းတရမ်း စွပ်စွဲနေသူများ၊ အကြောင်းကြောင်းကြောင့် စာသင်ခန်းကိုကျောခိုင်းခဲ့ရပြီး ပညာရေးတစ်ပိုင်းတစ်စ ရပ်တန့်နေရသူကျောင်းသား ကျောင်းသူများအား ပါးစပ်အပြောများဖြင့် မြှောက်ပင့်ပေးနေသူများ၊ စစ်ကျွန်ပညာရေးဟူ၍ မဟုတ်က ဟုတ်က ယိုးမယ်ဖွဲ့ပြောကြားနေသူများမှာ တစ်ပါတီအာဏာရှင်ဟု ဆိုကြသည့် လမ်းစဉ်ပါတီ ခေတ်၊ နဝတ၊ နယကခေတ်တို့တွင် ပညာသင်ကြားကြီးပြင်းလာကြသူများသာ ဖြစ်ကြသည်။ နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်မည်ဆိုလျှင် နိုင်ငံသားများ ပညာမတတ်၍ မရ။ ရေးတတ်၊ ဖတ်တတ် အဆင့်မျှဖြင့် နိုင်ငံကို အဆင့်မြင့်မြင့်ထူထောင်ရန် မဖြစ်နိုင်။ ဘာမှမသိ နားမလည်သူများမှာ နိုင်ငံရေးသမား လူလည်များ၏ လိမ့်လုံး၊ ညာလုံး၊ ဖြီးလုံး၊ ဖျန်းလုံးများကို အဟုတ်ထင်ကာ လူထုကိုယ်စားလှယ်များအဖြစ် ရွေးချယ်၍ လွှတ်တော်များဆီ အရောက်ပို့လိမ့်ဦးမည်။

မိမိတို့နိုင်ငံ၏ ပညာရေးမှာ လွန်စွာနိမ့်ကျနေရာ ဒေသတွင်းမှာပင် မယှဉ်နိုင်သည့် အခြေအနေဖြစ်နေသည့်အတွက် အမျိုးသားပညာရေးမြှင့်တင်မှုကို အစိုးရအဆက်ဆက် ရေရှည်ဆောင်ရွက်သွားရမှာဖြစ်သည်။ လက်ရှိ ကျောင်းသား ကျောင်းသူများ သင်ကြားဖြေဆိုနေကြရသည့် သင်ရိုးညွှန်းတမ်းများမှာ အိမ်စောင့်အစိုးရလက်ထက်မှာမှ ပြဋ္ဌာန်းလိုက်ခြင်းမဟုတ်ဘဲ ပြီးခဲ့သည့် အစိုးရများလက်ထက်တွင် သင်ကြားခဲ့သည့် သင်ခန်းစာများနှင့် သင်ရိုးညွှန်းတမ်းများသာ ဖြစ်သည်။ ပညာရေးကို နိုင်ငံရေးအတွက် ဓားစာခံလုပ်ကာ ပန်ထွာဘုရင်မ ဒဏ္ဍာရီထဲကအတိုင်း “ငါလာမှကြီး၊ ငါလာမှသီး”လုပ်ပါက မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကြီးခွင့်မရသည့် ဗိသနိုးမှ ပေပင်ကလေးများ ဘဝသို့ ကျရောက်သွားလိမ့်မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများကို နိုင်ငံရေးမျိုးဆက်သစ်များအဖြစ် ပြုစုပျိုးထောင်မည်ဆိုပါကလည်း အဆင့်မြင့်ပညာတတ်နိုင်ငံရေးမျိုးဆက်သစ်များအဖြစ်သာ ပြုစုပျိုးထောင်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောင်းလုံးဝ မနေဖူးသူများ သိန်းနှင့်ချီ၍ရှိနေပြီး သူငယ်တန်းမှ ကျောင်းဝင်သူထက်ဝက်ခန့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်သွားကြသည်။ တက္ကသိုလ်ဝင်တန်းအောင်သူ၊ ဘွဲ့ရသူ ရာခိုင်နှုန်းမှာလည်း နည်းပါးလှသည်။ နိမ့်ကျနေသည့် အမျိုးသားပညာရေးကို မြှင့်တင်ရန်မှာ ရေတိုအလုပ်မဟုတ်သည့်အပြင် ဆယ်စုနှစ်နှင့်ချီ၍ အဆင့်ဆင့်ဆောင်ရွက်သွားကြရမည်ဖြစ်ရာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် မျိုးဆက်သစ်တို့ကို ပြုစုပျိုးထောင်၍ ပညာရေးမြေတောင်မြှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မြန်မာ့အလှ မဖျက်ဆီးကြနဲ့

✻ ဒို့တိုင်းပြည်၏ ပေါသည်သယံဇာတ
ဆိုသည်ကလျှင် သစ်ပင်သစ်တောမျိုးစုံနှော၍ ဝပြောသာယာ
ရှိခဲ့ပါ၏။

✻ ဒို့ရွာဒို့ကျောင်း အေးစေကြောင်းဖြင့်
ထနောင်းမန်ကျည်း အပင်ကြီးများ
ကြီးထွားသန်မာ လှတစ်ရာဖြင့်
လွန်စွာတင့်တယ်ပါပေ၏။

✻ ကျိုင်းတုံမြို့မှာ သာယာမှုဆောင်
သစ်တစ်ပင်တောင်ဟု
ဂုဏ်ရောင်ညီးညီးရှိခဲ့၏။

✻ ပင်းတယမှာ ညီညာဖြောင့်တန်း
ညောင်ပင်တန်းကြောင့် ရွှင်လန်းကျက်သရေ
ပြည့်ဖြိုးဝေ၏ ကန်လေဘုတ်တလုပ်
သရုပ်ပီပီ အေးမြကြည်၏။

✻ ရန်ကုန်တက္ကသိုလ် ချက်ဗဟိုဝယ်
တင့်တယ်ပြယုဂ် သစ်ပုပ်တစ်ပင်
သမိုင်းဝင်၏။

✻ ထို့ကြောင့်ကဗျာ ရေးကာဆင်ချင်
ဘယ်ခါတွင်မှ တစ်ပင်သစ်ကောင်း
မခုတ်ရှောင်းဟု သိကြောင်းသိစေ
ပြည်သူတွေကို မျှဝေသုတ
ရကြစေကြောင်း ဆုမွန်တောင်းမိ။

✻ မြန်မာ့အလှ
ဖျက်ပြီးမှလျှင် မချမ်းသာချင်နဲ့။

✻ မြန်မာ့အလှ ပိုပြီးလှအောင်
ထိန်းကြစေရန် စိတ်ရင်းမှန်ကို
နဘံမိုးဖျား သိစေသား။ ။

(ဧပြီ ၅ ရက်တွင်ကျရောက်မည့် မြန်မာ့သစ်လုပ်ငန်းအတွက် အမှတ်တရ။)

ဘိုမျိုး(ရွှေဘို)

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၂**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှိပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၀ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှ ပြန်လည်ရောက်ရှိ



**နေပြည်တော်   ဧပြီ   ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းဟွေးပြည်နယ် ဟွမ်းရှမ်မြို့သို့ မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်အထိ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် တရုတ်နိုင်ငံမှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ (ယာပုံ)

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

**နေပြည်တော်   ဧပြီ   ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ကွင်းဆင်းဆောင်ရွက်ပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နောင်ကျင်းပမည့် ရွေးကောက်ပွဲများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပန်းခင်းစီမံချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ သတ်မှတ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ရန် အရေးအတွက် လျာထားသတ်မှတ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေ၊ လုံခြုံရေးဆိုင်ရာ အဟန့်အတားများကြားမှ နည်းလမ်းပေါင်းစုံဖြင့် သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီပြီးစီးအောင် ဆောင်ရွက်ကြရခြင်း ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်စတင်ချိန်မှ ၁၁ လတာကာလအတွင်း ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီးသည် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၆၇၉၀ လျာထားရာ ယခုအထိ ၁၀၇၈၂၁ ကတ်၊ ၁၂၄ ဒသမ ၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ခြောက်ခုမြောက် တိုင်းလုံးကျွတ်လျာထားချက် ပြီးမြောက်အောင်မြင်သည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ကို ပြည်သူများ လွယ်လွယ်ကူကူ ရရှိကိုင်ဆောင်နိုင်ရေးအတွက် အစိုးရအဆက်ဆက် စီမံချက်များဖြင့် ဆောင်ရွက်ပေးခဲ့ကြသော်လည်း နိုင်ငံသားကတ်၏ အသုံးဝင်တန်ဖိုးကို သိရှိနားလည်ခြင်းမရှိသဖြင့် ရယူကိုင်ဆောင်ခြင်းမပြုဘဲ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ထောက်ခံချက်များဖြင့် သွားလာလုပ်ကိုင်ဆောင်ရွက်မှုများ ရှိနေကြပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မိဘပြည်သူများသို့ အသိပေးကြေညာချက် ထုတ်ပြန်ကာ ဧပြီ ၁ ရက်မှစ၍ ခရီးသွားလာမှု၊ တည်းခိုနေထိုင်မှုနှင့် နိုင်ငံသားကတ်(မှတ်ပုံတင်)ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် ထောက်ခံစာဖြင့် ခွင့်မပြုတော့ဘဲ နိုင်ငံသားကတ်(မှတ်ပုံတင်)ဖြင့် ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးသည့်အခါ နိုင်ငံသားကတ်ရှိကြောင်း ပြသကြရန်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အသိပေးကြေညာရခြင်းမှာ နိုင်ငံသားအားလုံး နိုင်ငံသားကတ် (မှတ်ပုံတင်) ရရှိကိုင်ဆောင်စေလိုသည့်အတွက်ကြောင့်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦး၏ လူမှုဘဝဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ်အရေးပါသည့် ကတ်ပြားဖြစ်ပြီး နိုင်ငံတော်က ဥပဒေနှင့်အညီ အလွယ်တကူရရှိကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းနှင့် ဆက်စပ်၍ နိုင်ငံတော်၏ e-Government ၏ အခြေခံအုတ်မြစ်ဖြစ်သည့် e-ID စနစ်လုပ်ငန်းကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးက ယခုကဲ့သို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။



### တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းခင်းစီမံချက်ကို တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ပြီး ပန်းခင်းစီမံချက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် မကွေးတိုင်းဒေသကြီးမှ ဝန်ထမ်းများကို တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များ တပ်ဆင်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်အောင်မြင်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို တိုင်းဒေသကြီးဦးစီးမှူးက ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကို လိုက်လံပေးအပ်သည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်များ၏ ပန်းခင်းစီမံချက် လှုပ်ရှားဆောင်ရွက်မှု၊ ပညာပေးဇာတ်လမ်းတိုဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြို့နယ်အသီးသီး၏ ပန်းခင်းစီမံချက်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်အလိုက် လျာထားချက်ပြီးစီးမှု အထောက်အထားမှတ်တမ်း စာရွက်စာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ရာခိုင်နှုန်းပြည့်မီကျော်လွန်

မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါ စသည့် ခရိုင် ငါးခု၊ မြို့နယ် ၂၅ မြို့နယ်၊ ရပ်ကွက် ၂၀၂ ခု၊ ကျေးရွာအုပ်စု ၁၅၃၈ အုပ်စု၊ ကျေးရွာပေါင်း ၄၈၂၅ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၆၇၉၀ ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခု ၁၀၇၈၂၁ ကတ်၊ ရာခိုင်နှုန်းအားဖြင့် ၁၂၄ ဒသမ ၃ ရာခိုင်နှုန်း ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့သည့်အတွက် တိုင်းလုံးကျွတ် လျာထားချက် ရာခိုင်နှုန်းပြည့်မီကျော်လွန် ပြီးမြောက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြို့တော်ခန်းမရှိ ဧည့်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ပန်းခင်းစီမံချက်နှင့်ဆက်စပ်၍ မဲစာရင်းမှန်ကန်စွာပြုစုနိုင်ရေးအတွက် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ကာ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်း ပြောကြားသည်။

### ရှင်းလင်းမှာကြား

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အဆိုပါ မြို့တော်ခန်းမ၌ပင် မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများကိုတွေ့ဆုံရာ ရှေးဦးစွာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းနှင့် အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး တို့က လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များ၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်ရေးနှင့် ရုံးစာရွက်စာတမ်းလုံခြုံရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းပြောကြားကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေသုံးစွဲနိုင်ရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဧပြီ ၂**

မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေသုံးစွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေး လုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက်၊ Designated Banks ခွင့်ပြုမှုအခြေအနေ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ယွမ်/ကျပ်စာရင်းဖွင့်လှစ်မှုအခြေအနေ၊ ဘဏ်လမ်းကြောင်းအား မဖြစ်မနေသုံးစွဲရာတွင် ကြုံတွေ့ရသည့် မြေပြင်အခက်အခဲများ၊ ED ပို့ကုန်ရငွေအတွက် ကုန်သည်များ၏တင်ပြချက်များနှင့် ကုန်သည်များ၏ တင်ပြချက်အရ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုးက ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေနိုင်ရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောအခက်အခဲများကို မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်ပပို့ကုန်တင်ပို့မှု အခြေအနေနှင့် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေစနစ် အသုံးပြု၍ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Bank of China Hong Kong Limited, Yangon Branch၊ Industrial and Commercial Bank of China Limited, Yangon Branch တို့က စမ်းသပ်ကာလအတွင်းတွေ့ကြုံရသည့် အခက်အခဲများတင်ပြကြပြီး ယွမ်/ကျပ်အတွက် ထပ်မံခွင့်ပြုချက်ရရှိသော CB Bank PCL၊ ရောဝတီဘဏ်၊ ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ် ဘဏ်လေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်းနှင့် ကွမ်းလုံ-ဟိုပန်-ချင်းရွှေဟော်-လောက်ကိုင် နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများက မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေသုံးစွဲနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြု၍ ဘဏ်လမ်းကြောင်းအသုံးပြု ငွေပေးချေနိုင်ရန်ခွင့်ပြုခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်ရဘဏ်များအဖြစ် မြန်မာ့စီးပွားရေးဘဏ်၊ ICBC,Yangon Branch နှင့် BOC ,Yangon Branch တို့ကိုခွင့်ပြုပေးခဲ့သည်။

ယွမ်/ကျပ်တိုက်ရိုက်အသုံးပြု၍ ငွေပေးချေမှုများ ဆောင်ရွက်ခွင့်ပြုရာ၌ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရန်၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန်၊ နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ လွယ်ကူချောမွေ့စေရန်၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချပြီး ဈေးကစားမှုကို တားဆီးနိုင်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှု စာရင်းအချက်အလက်များရရှိစေခြင်းဖြင့် စီးပွားရေးဆိုင်ရာ စီမံချက်များ ချမှတ်နိုင်စေရန်နှင့် ပြည်တွင်းသုံးငွေကြေးများ သုံးစွဲမှုကို တိုးမြှင့်ဆောင်ရွက်စေရန်ဖြစ်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး မြေပြင်အကောင်အထည်ဖော် ဆောင်ရွက်မှုအခက်အခဲများကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီက ဦးဆောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း၊ ကွမ်းလုံ-ဟိုပန်-ချင်းရွှေဟော်-လောက်ကိုင် နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့ဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

တရုတ်-မြန်မာနယ်စပ်တွင် ယွမ်/ကျပ်ဖြင့် ဘဏ်လမ်းကြောင်းအသုံးပြု တိုက်ရိုက်ပေးချေမှုဆောင်ရွက်ရာတွင် ကုန်သည်များ လျင်မြန်အဆင်ပြေစွာ အသုံးပြုနိုင်မှု ပိုမိုကျယ်ပြန့်စွာ မြှင့်တင်နိုင်စေရန် ခွင့်ပြုချက်ရဘဏ် (Designated Bank) များအဖြစ် ပုဂ္ဂလိကဘဏ်များကို ထပ်မံတိုးချဲ့ခွင့်ပြုခြင်းဖြစ်သည်။ ပုဂ္ဂလိကဘဏ်များကို ခွင့်ပြုရာတွင် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးမြို့များ၌ ဘဏ်ခွဲရှိသည့် နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့် လိုင်စင်ရပုဂ္ဂလိကဘဏ်များကို ခွင့်ပြုခြင်းဖြစ်ပြီး CB Bank PCL၊ ရောဝတီဘဏ်၊ ယူအေဘီဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့ဖြစ်ကြောင်း သိရသည်။

ယွမ်/ကျပ် တိုက်ရိုက်ငွေပေးချေမှုဆောင်ရွက်ရာတွင် မြန်မာ့စီးပွားရေးဘဏ်အပြင် ပုဂ္ဂလိကဘဏ်များကို အားဖြည့်ခွင့်ပြုပေးခြင်းဖြင့် ကုန်သည်များအနေဖြင့် ရွေးချယ်ဆောင်ရွက်စရာ ဘဏ်များရှိလာပြီး လုပ်ငန်းဆောင်ရွက်မှုများ မြန်ဆန်ချောမွေ့လာမည်ဖြစ်သည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လွှဲပြောင်းပေးအပ်ပွဲကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ပြုလုပ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထင်ဇော်စိုး၊ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာတင်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်မွန်ကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ Charge d' affaires, a.i. Mrs.Kanokwan Pengsuwan နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုလှူဒါန်းမှုမှ ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းနေသေးသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် ထိုးနှံပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အဓိကအရေးကြီးသည့် ဦးတည်အုပ်စုများအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးကို ဦးတည်ချက်ထား၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဧပြီ ၂ ရက်အထိ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးစီးသူ လူဦးရေ စုစုပေါင်း ၂၇ ဒသမ ၀၁ သန်းရှိပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသူ လူဦးရေ ၁ ဒသမ ၀၉ သန်း ရှိပြီဖြစ်သည်။ သို့ဖြစ်ပါ၍ ဧပြီ ၁ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၄၉ ဒသမ ၉၆ သန်း ထိုးနှံပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါပြင်းထန်စွာဖြစ်ပွားမှု၊ ရောဂါကြောင့်ဆေးရုံတက်ရောက်ရမှုနှင့် သေဆုံးရမှုကို သိသာစွာလျှော့ချနိုင်သောကြောင့် ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားရန် အလွန်အရေးကြီးသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးရေး တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း Disposable Mask ခုနစ်တန်ကို တင်သွင်းခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂ ရက်အတွင်း နှာခေါင်းစည်း(Mask) ၂၃ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပညာပေးဆွေးနွေး

**ဝေါ ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကာ ကျေးရွာများအရောက် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေးခြင်းကို ယမန်နေ့က လေးအိမ်စုကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က ဆီထွက်သီးနှံစိုက်ပျိုးရေး၊ နေကြာသီးသန့်စိုက်ပျိုးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားမှုအခြေအနေများနှင့် ကျေးရွာအတွင်း လိုအပ်ချက်များကို အသိပညာပေးဆွေးနွေးညှိနှိုင်းပေးသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ကျေးရွာအတွင်း ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိစ္စများနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့် သိရှိလိုသည်များကို ပြန်လည်တင်ပြရာ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးသည်။ **စိုးမိုး(ပြန်/ဆက်)**



# မှတ်တမ်းရေးသွင်းထားရှိသည့် နိုင်ငံသားကိုယ်ရေးအချက်အလက်အား ကွန်ပျူတာဖြင့် Software Programme စာရင်းရေးသွင်းခြင်းလုပ်ငန်း ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဧပြီ ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် မှတ်တမ်းရေးသွင်းထားရှိသည့် နိုင်ငံသားကိုယ်ရေးအချက်အလက် နိုင်(၄)မှတ်တမ်းအား ကွန်ပျူတာဖြင့် Software Programme စာရင်းရေးသွင်းခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ရာတွင် နောက်ဆုံးအချက်ဖြစ်သည့် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမယ့် ၂၀၂၃ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်တိကျစေရေး ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏများပြား၍ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တက္ကသိုလ် ကောလိပ်များမှ ဆရာ ဆရာမများ၊ စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းများ၊ ပေါင်းစပ်ဆောင်ရွက်မှသာ နိုင်(၄) မှတ်တမ်းအချက်အလက်များအား Software Programme ရေးသွင်းခြင်းလုပ်ငန်းသည် အချိန်မီ ထည့်သွင်းနိုင်မည်ဖြစ်ကြောင်းနှင့် ၎င်းစီမံချက်သည် နိုင်ငံတော်စီမံချက်ဖြစ်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအနေဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲတွင် အဓိကအနေဖြင့် မဲစာရင်းများ မှန်ကန်ရန်လိုအပ်ပြီး မဲပေးသူတိုင်းတွင် မှတ်ပုံတင်ရှိဖို့ လိုအပ်ကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်(၄) မှတ်တမ်း အချက်အလက်များအား Software Programme ရေးသွင်းခြင်းလုပ်ငန်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို တာဝန်ပေးအပ်၍ အချိန်မီပြီးစီးနိုင်ရေး လုပ်ဆောင်သွားရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများကလည်း ဝိုင်းဝန်းစုပေါင်းလုပ်ဆောင်ပေးကြရန် ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် မှတ်တမ်းရေးသွင်း ထားရှိသည့် နိုင်ငံသားကိုယ်ရေးအချက်အလက် နိုင်(၄) မှတ်တမ်းအား ကွန်ပျူတာဖြင့် Software Programme စာရင်းရေးသွင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်မှ အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

# သင်္ကြန်ပွဲတော်ကာလအတွင်း ပဲခူးမြို့တွင်း၊ မြို့ပြင်ယာဉ်လိုင်းများ ပုံမှန်ယာဉ်စီးခဖြင့် ပြေးဆွဲမည်

**ပဲခူး ဧပြီ ၂**

မဟာသင်္ကြန်ပွဲတော်ကာလတွင် ပဲခူးမြို့အခြေစိုက် မြို့တွင်း၊ မြို့ပြင်ပြေးဆွဲပေးလျက်ရှိသည့် ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းမရှိဘဲ ပုံမှန်နှုန်းထားများအတိုင်းသာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောသန်းမော်ထံမှ သိရသည်။

ပဲခူးမြို့ ကျွန်းသာယာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းမှ ပဲခူးမြို့ပြင်နှင့် မြို့တွင်းသို့ ခရီးသည် ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည့် ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးရေ ၁၃၃၂ စီးရှိကာ ပဲခူးမြို့မှ အခြားမြို့များဖြစ်သည့် ရန်ကုန်မြို့၊ တောင်ငူမြို့၊ ကျိုက်ထိုမြို့များသို့ ယာဉ်လိုင်း ၁၃ လိုင်း မော်တော်ယာဉ် ၆၅၃ စီး၊ မြို့တွင်းတွင် ယာဉ်လိုင်း ၁၀ လိုင်း ယာဉ်အစီးရေ ၆၇၉ စီးဖြင့် ခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



သင်္ကြန်ပွဲတော်ကာလတွင် ယာဉ်စီးခများ တိုးမြှင့်ကောက်ခံခြင်းမရှိသကဲ့သို့ ယာဉ်လိုင်းများမှ မော်တော်ယာဉ်များ ရပ်နားခြင်းမျိုးလည်း ရှိမည်မဟုတ်ကြောင်း၊ ခရီးသည်များ သွားလာမှု နည်းပါးခြင်းကြောင့် ပြေးဆွဲယာဉ်အစီးရေ လျော့နိုင်ကြောင်း သိရသည်။

ယခင်နှစ်များကလည်း မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ လက်အောက်ရှိ ယာဉ်လိုင်းများအနေဖြင့် မဟာသင်္ကြန်ကာလတွင် ယာဉ်လိုင်းများရပ်နားခြင်း၊ ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းများ မရှိခဲ့ကြောင်း၊ ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း မဟာသင်္ကြန်ကာလအတွင်း ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံမှုမရှိရေးနှင့် ယာဉ်လိုင်းများ ရပ်နားမှုမရှိစေရေးအတွက် အထက်ဌာနများ၏ ညွှန်ကြားချက်များကို ယာဉ်လိုင်းများသို့ ထပ်ဆင့်ညွှန်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံမှုမရှိဘဲ မဟာသင်္ကြန်ကာလ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာမှု ရှိစေရေးအတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး**

---

# မဟာသင်္ကြန်ကာလအတွင်း ယာဉ်လိုင်းများပြေးဆွဲပေးမည့် အခြေအနေများ သတင်းစာရှင်းလင်း

**ရန်ကုန် ဧပြီ ၂**

၂၀၂၂ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများ၊ ရန်ကုန်မြို့မှ မြန်မာပြည်အနယ်နယ်အရပ်ရပ်သို့ ခရီးသွားပြည်သူများနှင့်ကုန်စည်များ သယ်ယူပို့ဆောင်ပေးနေသည့် အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲပေးမည့်အခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ (၂/၂၀၂၂)ကို ယမန်နေ့ ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းမကြီးပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် ကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က မဟာသင်္ကြန်ကာလအတွင်း ယာဉ်လိုင်းများ ပြေးဆွဲပေးမည့်အခြေအနေ၊ ကော်မတီဝင်(၁) ဦးခင်မောင်ထွေးက မဟာသင်္ကြန်ကာလအတွင်း YBS ယာဉ်လိုင်းများ ပြေးဆွဲပေးမည့်အခြေအနေ၊ ကော်မတီဝင်(၅) ဦးဘမြင့်က မဟာသင်္ကြန်ကာလအတွင်း အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲပေးမည့်အခြေအနေ၊ ကော်မတီဝင်(၆) ဦးအေးအောင်က ကုန်စည်များသယ်ယူပို့ဆောင်သည့်ယာဉ်များ ပြေးဆွဲပေးမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

**နိုင်လင်းအောင်(တာမွေ)**

---

❖ *ရှေ့ဖုံးမှ*

ထိုသို့ စစ်ဆေးပြီးနောက် ၂၀၂၃ ခုနှစ် ဇွန်လခန့်တွင် ကျင်းပမည့် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မည်ဖြစ်၍ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် အဆိုပြုစာတွဲ (Nomination Dossier)ပါ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ဖြစ်သည့် ကမ္ဘာ့အမွေအနှစ်ဒေသ သန့်ရှင်းသာယာလှပရေး လုပ်ငန်းစဉ်သည် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေး အဆိုပြုစာတွဲ (Nomination Dossier)ပါ စီမံခန့်ခွဲမှုအစီအစဉ်မှ တစ်ခုအပါအဝင်ဖြစ်သော ကမ္ဘာ့အမွေအနှစ်ဒေသ သန့်ရှင်းသာယာလှပရေး လူထုပူးပေါင်းသန့်ရှင်း အမှိုက်ကောက် လှုပ်ရှားဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းတွင် ဒေသခံပြည်သူများနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀ ခန့် မြောက်ဦး ယဉ်ကျေးမှုနယ်မြေ သျှစ်သောင်းဘုရား ဧရိယာတစ်ဝိုက်မှ ရတနာပုံကွင်း ဧရိယာအထိ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက် လှုပ်ရှားမှု ဆောင်ရွက်ရာသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီမြင့်ထွန်း၊ မြောက်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဦးဆောင်ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနပိုင် ကျေးလက်ဈေးများ၏ ဈေးဧရိယာများ ပြန်လည်တိုင်းတာသတ်မှတ်ခြင်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်က ကျောက်တိုင်ကျေးလက်ဈေး ဧရိယာသတ်မှတ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လွင်တို့ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်စဉ်။

နေမျိုးသူရိန်

# ကျောင်းတွင်းအားကစားပွဲမှသည် ငြိမ်းချမ်းရေးဆီသို့ ....

ဒေါက်တာမောင်သင်း

အားကစားသမားဟူသည်

- ဥပဒေစည်းမျဉ်းစည်းကမ်းကို လိုက်နာ၍ တရားသဖြင့် ယှဉ်ပြိုင်ခြင်း၊
- စည်းလုံးညီညွတ်သည့် အသင်းအဖွဲ့ဖြင့် ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ခြင်း၊
- မိမိ၏ပြိုင်ဘက်ကို လေးစားတန်ဖိုးထားခြင်း။

ဤကဲ့သို့ အားကစားသမားများ၏ စိတ်ထားမျိုးကို ကမ္ဘာသူ ကမ္ဘာသားများ လိုက်နာကျင့်သုံးပါက ကမ္ဘာကြီးသည် စစ်ပွဲများကင်းစင်၍ ငြိမ်းချမ်းသာယာဝပြောပါလိမ့်မည်။

ဦးသန့်
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း

ယခုတစ်လော မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၏ (၁၄)နှစ်အောက် ဘောလုံးပြိုင်ပွဲများ ကျင်းပကြောင်းနှင့် နိုင်ငံအနှံ့အပြားတွင် အားကစားဟောပြောပွဲများ ကျင်းပသည့်သတင်းများကို မြင်ရ၊ ကြားရတော့ အထူးပင် ဝမ်းသာမိပါသည်။ ယင်းနှင့်အတူ ကျွန်တော်တို့ သနပ်ပင်မြို့၏ မြို့နယ်အားကစားကွင်းတွင် ရေးသားထားသည့် မြန်မာ့သားကောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း၏ အထက်ပါစာသားကိုလည်း ပြေးမြင်မိပါသည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်လောက်က ဖြစ်ပါသည်။ အထက်တန်းကျောင်းသားဘဝ၌ ညနေတိုင်း ဘောလုံးကွင်းတွင် မြင်နေကျစာသားလေးပါ။ အဲဒီတုန်းက **"အားကစားစိတ်ဓာတ်နှင့် ငြိမ်းချမ်းရေး"** ဘယ်လိုဆက်စပ်မှုရှိသည်ဆိုသည်ကို နားမလည်ခဲ့ပါ။ ပညာရေးကို လေ့လာမှုအတော်အတန်လေးရပြီး နားလည်လာသည့်အချိန်တွင်တော့ မြန်မာနိုင်ငံသား ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး လူ့လောကတွင် မရှိတော့ပါ။ ဦးသန့်၏အဆိုကို မြန်မာ့ငြိမ်းချမ်းရေးခရီးစဉ်တွင် အောင်မြင်မှုရနိုင်ရန်အတွက် မြန်မာ့ပညာရေးတွင် တာဝန်ရှိသူများအနေဖြင့် အားကစားမျိုးစုံကို ကျောင်းများတွင် လေ့ကျင့်ပေးသင့်ကြောင်း တိုက်တွန်းလိုပါသဖြင့် ယခုဆောင်းပါးကို ရေးသားအပ်ပါသည်။

**ကျောင်းများ၏ ကာယအချိန်**

နိုင်ငံတကာတွင်ရော ကျွန်တော်တို့ဆီ၌ပါ အနာဂတ်ခေါင်းဆောင်လောင်း လေ့ကျင့်ပေးသည့် သင်ရိုးညွှန်းတမ်းနှစ်မျိုးရှိပါသည်။ တစ်မျိုးက "အဓိကသင်ရိုး"(Core–Curriculums) ဖြစ်ပြီး နောက်တစ်မျိုးက "တွဲဖက်သင်ရိုး" (Co–Curriculums) ဖြစ်ပါသည်။ ပညာရှင်ဆရာကြီးများက **"ဖွံ့ဖြိုးရေးအချိန်"** ဟု ဖွင့်ဆိုပါသည်။ ဘာသာရပ်၏အနှစ်သာရကို အခြေပြုပြီး ထိမိတဲ့ဘာသာပြန်ချက်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးအချိန်ထဲတွင် "ကာယအချိန်" လည်း ပါဝင်ပါသည်။ ကာယအချိန်ကို ထည့်သွင်းသင်ကြားပေးရသည့် ရည်ရွယ်ချက်ကိုလည်း တိတိကျကျ ဖော်ညွှန်းထားပါသည်။ ယင်းတို့မှာ –

(က) ကိုယ်ကာယ ကြံ့ခိုင်စေရန်၊
(ခ) ကျန်းမာမှုကိုသိရှိ၍ မိမိကျန်းမာရေးနှင့် အများစုကျန်းမာရေးကို လေ့လာလိုက်စားတတ်ရန်၊
(ဂ) လူမှုရေးနှင့် ပေါင်းသင်းဆက်ဆံရေးတို့တွင် ဝင်ဆံ့စေရန်နှင့် မြင့်မားသည့် လူမှုဆက်ဆံရေး တတ်ကျွမ်းလာစေရန်၊
(ဃ) စည်းကမ်းသေဝပ်၍ ဥပဒေကို လေးစားတန်ဖိုးထား လိုက်နာထိန်းသိမ်းနိုင်သည့် အလေ့အကျင့်ကောင်းများရရှိရန်၊
(င) ဖွဲ့ရှိခြင်း၊ သည်းခံခြင်း၊ ဖြူစင်ဖြောင့်မတ်ခြင်းတည်းဟူသော မြင့်မြတ်စိတ်ထား ကြွယ်ဝလာစေရန်၊
(စ) အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်သည့် စိတ်ဓာတ်နှင့် အသုံးပြုတတ်သည့် အကျင့်များ ပေါ်ထွန်းလာစေရန်၊
(ဆ) ကာယပညာနှင့် အားကစားမှတစ်ဆင့် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဂုဏ်ရောင်ကိုမြှင့်တင်မည့် အားကစားထူးချွန်သူများ ပေါ်ထွက်လာစေရန် ဟူသည့် ရည်မှန်းချက်များ ထားရှိခဲ့ပါသည်။



လှည်းကူးမြို့နယ်၌ ကျောင်းပေါင်းစုံ မူလတန်းဘောလုံးပြိုင်ပွဲ ကျင်းပစဉ်။

◆ **ကာယအချိန်တွင် အားကစားမလုပ်ဘဲ စာဝင်သင်ခြင်းသည် အောက်တွင် ဆက်လက်ဆွေးနွေးမည့် အနာဂတ်မြန်မာ့ခေါင်းဆောင်လောင်းများ၏ လူ့တန်ဖိုးကိုဖျက်ဆီးလိုက်ခြင်းဟု မြင်မိပါသည်**

တော်သလောက်ကောင်းသည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန် ဖြစ်ပါသည်။ ကျောင်းစာသာတော်၍ ဘဝတစ်လျှောက်တွင် လူရှော် (သို့မဟုတ်) အိုင်ကျူ (IQ = Intelligent Quotient) မြင့်ပြီး အီးကျူ (EQ = Emotional Quotient) နိမ့်သူများ မဖြစ်စေရန်၊ တစ်နည်းအားဖြင့် တော်သလောက်ကောင်း၍ ထာဝရဘဝအောင်ပန်းဆင်နိုင်သူများ ပေါ်ထွန်းလာစေရန် ကာယအချိန်ကို ထည့်သွင်းလေ့ကျင့်စေခြင်းဖြစ်ပါသည်။ ထို့ပြင် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သည့် ပီကျူ (PQ = Physical Quotient) မြင့်မားသူများ ပေါ်ထွန်းလာစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ စာမေးပွဲရမှတ်လွန်လူ့တန်ဖိုးများဖြစ်ပါသည်။ **ကာယအချိန်တွင် အားကစားမလုပ်ဘဲ စာဝင်သင်ခြင်းသည် အောက်တွင် ဆက်လက်ဆွေးနွေးမည့် အနာဂတ် မြန်မာ့ခေါင်းဆောင်လောင်းများ၏ လူ့တန်ဖိုးကို ဖျက်ဆီးလိုက်ခြင်းဟု မြင်မိပါသည်။**

**ကျောင်းတွင်းအားကစားပွဲဟူသည်**

အရပ်သုံးအဓိပ္ပာယ်မှာ "အားလို့ကစားတာပါ။" အားလပ်ချိန်ကို အသုံးပြုတာပါ။ တချို့ကတော့ "အားနဲ့မာန်နဲ့ကစားတာပါ"တဲ့။ ကျောင်းအားကစားပွဲကမူ လူ၏ **"ကာယအား"**၊ **"ဉာဏအား"**၊ **"စာရိတ္တအား"** နှင့် **"မိတ္တဗလအား"** များ ပိုမိုဖွံ့ဖြိုးလာအောင်၊ ထက်မြက်ရှင်သန်လာအောင် ယှဉ်ပြိုင်ကစားသည့်သဘောထက် လေ့ကျင့်ပေးသည့်ပွဲပါ။ အဆိုပါ လူ့အရည်အသွေးများ ဖွံ့ဖြိုးရန်အတွက် ပညာရေးတွင် တာဝန်ရှိသူများက ကျောင်းများတွင် အားကစားနည်းမျိုးစုံဖြင့် လေ့ကျင့်ပေးသင့်ပါသည်။ အားကစားသည် ပညာရေး၏ အလေ့ကျင့်ခံပါ။ ပညာရေးနှင့် အားကစား သီးခြားစီထား၍ မရနိုင်ပါ။ အားကစားသည် ပညာရေး၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါသည်။ သို့အတွက်ကြောင့် ဒုတိယကမ္ဘာစစ်ပြီးကတည်းက နိုင်ငံအသီးသီး၏ ကျောင်းတိုင်းတွင် "ကာယအချိန်" ကို သင်ရိုးညွှန်းတမ်းတွင် အထက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ထည့်သွင်းသင်ကြားပေးနေခြင်းဖြစ်ပါသည်။

**ဘဝတစ်သက်တာအောင်မြင်ရေးအတွက် လေ့ကျင့်ပွဲပါ**

ကျောင်းများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများသည် တကယ်တော့ **"သူနိုင်ငါရှုံး"** (Win–Lost) ရလဒ်လောက်သာ ပေးစွမ်းနိုင်သည့် ယှဉ်ပြိုင်ပွဲများ မဟုတ်ပါ။ **"သူနိုင်ကိုယ်ဗိုလ်စွဲ"** (Win–Win) သည့် **"လေ့ကျင့်ရေးပွဲ"** ပါ။ "ဘဝအတွက် လေ့ကျင့်သည့်ပွဲ"ပါ။ နိုင်သည်မှ ဒီတစ်ပွဲအတွက် မဟုတ်ပါ။ ဘဝတစ်လျှောက် အနိုင်ရသူ (Life–Long Winner) အဖြစ် ရပ်တည်နိုင်ရန် လေ့ကျင့်သည့်ပွဲပါ။ ပညာရေးက လေ့ကျင့်ပေးသည့်ပွဲနှင့် သာမန်အားကစားပြိုင်ပွဲရလဒ် မတူခြင်းကို ကွဲကွဲပြားပြားမြင်အောင် ပညာအမြင်ဖြင့် ကြည့်စေချင်ပါသည်။ သာမန်အားကစားပြိုင်ပွဲက ငါနှင့်ငါ့အသင်းအတွက် ဗိုလ်စွဲရန်၊ ဒိုင်းဆုဆွတ်ခူးရန် အတ္တထိပ်တင်သည့်ပွဲပါ။ ကျောင်းအားကစားပွဲကမူ **"လူ့တန်ဖိုးတပ်ဆင်ပွဲ"** (သို့မဟုတ်) **"လူသား၏ မြင့်မြတ်စိတ်ထားကြွယ်ဝလာစေသည့် လေ့ကျင့်ပွဲ"** များဆိုသည်ကို မိဘ၊ ဆရာများ မြင်အောင်ကြည့်သင့်ပါသည်။

**ပြောင်းသင့်သည့် တချို့သော မိဘ၊ ဆရာများ၏ အမြင်**

အားကစားသည် ပညာရေး၏ အစိတ်အပိုင်းပါ၊ သီးခြားစီမဟုတ်ပါဟု အထက်တွင် ပြောခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကျောင်းတွင်းအားကစားပွဲများသည် ပညာရေးရည်မှန်းချက်ကို အကောင်အထည်ဖော်သည့် အလေ့အကျင့်ခံပွဲများသာ ဖြစ်ပေသည်။ အနိုင်၊ အရှုံးအတွက် ယှဉ်ပြိုင်နေခြင်းမဟုတ်ပါ။ မိမိတို့၏ သားသမီးအားလုံး အောင်ပန်းဆင်ရေးပါ။ အောင်ပန်းဆင်သည်မှ တစ်သက်တာပတ်လုံး အောင်နိုင်သူဖြစ်ရေးအထိဖြစ်သည်။ ကျောင်းသူ ကျောင်းသားတိုင်း အားကစားတစ်မျိုးမျိုး၏ လေ့ကျင့်မှုမှာ ပါဝင်ကတည်းက နိုင်ပြီးသားပါ။ ရှုံးသူမရှိပါ။

မိမိသားသမီး၊ မိမိတပည့်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလများ မြင့်မားအောင် လေ့ကျင့်သည့်ပွဲအဖြစ် ပညာရေးက လေ့ကျင့်ပေးနေမှုကို ထင်ထင်ရှားရှားမြင်ရန် ပညာရေးအမြင်ဖြင့် ကြည့်ပေးသင့်ပါသည်။ စာမေးပွဲရမှတ်မရသည့် ကာယဖွံ့ဖြိုးရေးကို အပိုအလုပ်ဟုယူဆနေသူ မိဘတချို့နှင့် ဆရာတချို့တို့ အမြင်ပြောင်းလဲသင့်ပါပြီ။ စာမေးပွဲရမှတ်ထက်မြင့်သည့် လူ့တန်ဖိုးများဖြစ်သည့် သည်းခံနိုင်မှု၊ စည်းကမ်းလိုက်နာမှု၊ တရားသဖြင့် ယှဉ်ပြိုင်လိုမှု၊ စာနာမှု၊ လေးစားမှု၊ ကျန်းမာကြံ့ခိုင်မှု စသည်တို့ ပေါ်ထွန်းလာစေရန် ကျောင်းတွင်း၌ လေ့ကျင့်သည့်ပွဲဖြစ်သည့်အတွက် မိမိသားသမီး၊ မိမိတပည့်တိုင်းကို လူတော်လူကောင်းဘဝ ရောက်စေလိုလျှင် "အားကစားပွဲ" များတွင် ပါဝင်လေ့ကျင့်ခံဖို့ အားပေးရပါလိမ့်မည်။ သို့မှသာ ခေတ်အမြင်ရှိသည့် ဆရာမိဘများဘဝဆီသို့ ကျွန်တော်တို့ရောက်ကြမှာပါ။

**အညံ့ကို "စံ" မထားမိစေရန်**

**ကျောင်းသားတိုင်း၊ ကျောင်းနေအရွယ် သားသမီးတိုင်း ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေသည်ကတော့ မှန်ပါ၏။ ယနေ့လက်ရှိ ပြိုင်ပွဲများတွင် "ပြိုင်လျှင် နိုင်ရမည်ဆိုသည့် အမြင်" ဖြင့် ပြိုင်နေကြခြင်းပါ။ နိုင်အောင်ပြိုင်ခဲ့ဆိုသည့် "အတ္တထိပ်တင်စိတ်ထား" သည် ကလေးများကို အောက်ကိုဆွဲချသည့် နိမ့်ကျသည့် စိတ်ထားပင် ဖြစ်သည်။**

နိုင်လိုစိတ်၊ ကိုယ်ကအသာစီးရလိုစိတ် ငယ်ထိပ်ရောက်ခဲ့လျှင် ဥပဒေတို့၊ စည်းမျဉ်းစည်းကမ်းတို့၊ ဂုဏ်သိက္ခာတို့ ဘေးချိတ်လာပြီး ညစ်ပတ်မှုများ၊ ဒေါသများ၊ လောဘများ လွှမ်းမိုးကာ ယှဉ်ပြိုင်ခဲ့လျှင် မိမိရော၊ မိမိအသင်းနှင့် နောက်ဆုံးတွင် "ကျောင်း၏ ဂုဏ်သိက္ခာမဲ့ခြင်း" တို့မှာ အဆုံးသတ်ပေလိမ့်မည်။ ထိုဘဝမျိုး မိမိသားသမီးနှင့် မိမိကျောင်းသားများ မရောက်ကြစေရန် **"အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန်"** ကိုသာ အားပေးရပါလိမ့်မည်။ "ပါဝင်ယှဉ်ပြိုင်ကတည်းက လူ့တန်ဖိုးများ မြင့်တက်ပြီးသားနှင့် ပြိုင်ပွဲစည်းမျဉ်းအရ "နိုင်မှု"၊ "ရှုံးမှု" ဆိုသည်မှာ သဘာဝပါ။

နိုင်ခြင်း၊ ရှုံးခြင်းတို့ထက် ပိုမြင့်သည်က ဂုဏ်သိက္ခာပါ။ မိမိသိက္ခာ၊ မိမိအသင်းနှင့် ကျောင်းသိက္ခာထိပါးလာလျှင် ပြိုင်ပွဲတွင်နိုင်သော်လည်း မိမိနှင့်ကျောင်း၏ ဂုဏ်သိက္ခာသမိုင်းမှတ်တမ်းမှာ ရှုံးပြီးသားပါ။ ထို့ကြောင့်အားကစားက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းကို လေးစားလိုက်နာပြီး ဂုဏ်သိက္ခာရှိရှိ အောင်မြင်အောင် ကြိုးစားမှုကို အသိအမှတ်ပြုခြင်းကြောင့်ရသည့် ဂုဏ်ပြုခံ ဆု၊ ဒိုင်း၊ ဖလားတို့ကိုသာ လိုချင်ပါသည်။ ဂုဏ်သိက္ခာဖြင့် အလဲအထပ်ပေးဆပ်ပြီးမှရသည့် တန်ဖိုးမဲ့ ဆု၊ ဖလား၊ ဒိုင်းတို့ကို မလိုချင်ပါ။ ဂုဏ်ပြုခံထိုက်သူ၊ ဂုဏ်ဆောင်အသင်း၊ ဂုဏ်တက်သည့်ကျောင်းဖြစ်အောင် အားကစားဖြင့်သက်သေပြခဲ့ပါ" စသည်ဖြင့် မိဘ၊ ဆရာသမားက အလေ့ကျင့်ခံ မိမိတို့၏ သားသမီး၊ တပည့်များကို

*စာမျက်နှာ ၇ သို့*

# ကရင်ပြည်နယ်အတွင်း ဖေ့ဖော်ဝါရီ ၃၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**ဘားအံ ဖေ့ဖော်ဝါရီ ၂**

ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေး ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို အရေးကြီးလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၃/၂၀၂၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ၂၀၂၂ ခုနှစ် ဖေ့ဖော်ဝါရီ ၃၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါထိန်းချုပ်ရေးတွင် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် သတ်မှတ်ကာလအတွင်း စနစ်တကျလျင်လျင်မြန်မြန်ဖြင့် ရည်မှန်းချက်ပြည့်မီအောင်ထိုးနှံနိုင်ရေးမှာ အရေးကြီးဆုံးပင်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း ရာခိုင်နှုန်းပြည့်မီစေရေး စနစ်တကျစုဖွဲ့၍ ကာကွယ်ဆေးထိုးလုပ်ငန်းကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်အစီအစဉ်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အပိုင်းတို့ကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း၊ မြေပြင် လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခြေအနေများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကလည်း ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ အစုအဖွဲ့ ကောင်းကောင်းဖြင့် ပိုမိုဂရုစိုက်၍ ကြိုးစားဆောင်ရွက်ကြစေလိုပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို နားလည်သဘောပေါက်သည်အထိ ရှင်းလင်းပြောကြား၍ ကာကွယ်ဆေး ထိုးနှံပေးကြစေလိုကြောင်း၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ အကူအညီပေးရန် အသင့်ရှိပြီး မြန်မြန်နှင့်များများ ထိုးနှံရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်အောင်မြင်စေရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးကြစေလိုပြီး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များဖြစ်သော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုး၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့်နေရာများကို စာရင်းပြုစု၍သွားလာရန် အခက်အခဲရှိသည့်နေရာများတွင် စစ်ကြောင်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများမှ တွန်းတွန်းတိုက်တိုက်ဖြင့် ကြိုးစားဆောင်ရွက်ပေးနိုင်ရေး၊ သတ်မှတ်ကာလအတွင်း သတ်မှတ်ဦးရေပြည့်မီစေရေး ကြိုတင်မျှော်တွေးစီမံဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အစည်းအဝေးသို့ တက်ရောက်လာသော ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် ကာကွယ်ဆေးထိုးနှံရန်အကျုံးဝင်သူ၊ ကာကွယ်ဆေးထိုးနှံပြီးသူ၊ ထိုးနှံပေးရန်ကျန်ရှိသူစာရင်းများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း Volunteer များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က ကန့်သတ်ချက်ရှိသည့်ဒေသများမှ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသူများအား စုရပ်များသတ်မှတ်၍ ထိုးနှံပေးရန်၊ ဖေ့ဖော်ဝါရီလကုန်တွင် အသက် ၁၈ နှစ်နှင့်အထက်အကျုံးဝင်သူအားလုံး ကာကွယ်ဆေးထိုးနှံပြီးဖြစ်စေရန်၊ ကာကွယ်ဆေးထိုးနှံပြီးသူများအား စွမ်းအားမြှင့် Booster ထိုးနှံပေးနိုင်ရန်၊ ဖေ့ဖော်ဝါရီလကုန်သည်နှင့် အသက် ၅ နှစ်နှင့်အထက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြိုင်မြို့နယ်အတွင်း ကျေးရွာသုံးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ပခုက္ကူ ဖေ့ဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ကျေးရွာသုံးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးလက် ရေရရှိရေးလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၄၄ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၇ သန်းတို့ဖြင့် ညောင်အုပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်နှစ်မိုင် အကျယ် ၁၂ ပေ ခင်းခြင်း၊ ကျေးလက်ကုန်ထုတ်တံတားအဖြစ် နွေပင်-ဖောင်းကွဲ ကုန်ထုတ်လမ်းပေါ်တွင် Slab Culvert တစ်စင်း တည်ဆောက်ခြင်းနှင့် ကျေးလက် ရေရရှိရေးလုပ်ငန်းအဖြစ် အလယ်ကန်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ခန်း အခန်းဖွဲ့ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ညောင်အုပ်ကျေးရွာနှင့် နွေပင်ကျေးရွာတို့ရှိ စိုက်ပျိုးမြေဧက ၁၁၅၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် အလယ်ကန်ကျေးရွာ၌ အိမ်ခြေ ၁၇၅ လုံး လူဦးရေ ၇၉၅ ဦးတို့အတွက် လာမည့် နွေရာသီကာလ သောက်သုံးရေ အခက်အခဲများကို အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဖေ့ဖော်ဝါရီ ၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မြစ်ကြီးနားမြို့နှင့် ပိုင်ကျုံမြို့တို့တွင် ၀ ဒသမ ၉၄ လက်မစီ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၇၁ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၆၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

သင်ပေး၊ တည့်မတ်ပေးနေရပါမည်။ သို့မှသာ ကျောင်းသားတိုင်းသည် **"မတရားအနိုင်ယူလိုမှု"** (သို့) **"အညံ့ကိုစံထားသည့် စိတ်ထား"** ပပျောက်သွားပေလိမ့်မည်။ သို့မှသာ တရားသဖြင့်ယှဉ်ပြိုင်ခြင်းစိတ်ဓာတ် (Spirit of Fair Play) သည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ထွန်းတောက်နေပေလိမ့်မည်။

### ကျောင်းတွင်းအားကစားသည် လူ့တန်ဖိုးတပ်ဆင်သည့်ပွဲပါ

တကယ်တော့ ကျောင်းတွင်းအားကစားပွဲများသည် နိုင်ငံကြီးသား၊ နိုင်ငံ့သားကောင်း (Good Citizen) တစ်ယောက်တွင် မဖြစ်မနေ ရှိကိုရှိရမည့် လူ့တန်ဖိုး ထက်မြက်လာအောင် လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ ထိုတန်ဖိုးများသည် လူ့ဘဝရောက်လာသည့် လူသားတစ်ဦး၏ **"အခြေခံ ပင်မတန်ဖိုး"** များပင် ဖြစ်ပါသည်။ ပညာတတ်ခြင်း၊ မတတ်ခြင်းနှင့် မဆိုင်ပါ။ အဆိုပါ "ပင်မတန်ဖိုး" ကို အလျော့ခံ၍ မဖြစ်ပေ။ ပညာတတ်လာလေလေ ပင်မတန်ဖိုးမြင့်လာလေလေဖြစ်အောင် ကျောင်းများက လေ့ကျင့်ပေးရပါမည်။ ယင်းတို့မှာ -

**(က) ကျန်းမာကြံ့ခိုင်ဉာဏ်ရွှင်ခြင်း**

လွဲမှားသည့် ပညာရေးကိုကျင့်သုံးသည့် နိုင်ငံများတွင် ကလေးများသည် အိပ်ရာထသည်မှ အိပ်ရာဝင်သည်အထိ စာမှစာဖြစ်ပြီး "တစာစာ" ဟုသာ အခိုင်းခံရပါများလာတော့ ရလဒ်က စာလည်းညံ့လာသလို အိမ်မှာရော ကျောင်းမှာပါ တုံ့ပြန်မှု နှေးကွေးပြီး မကြာခဏ နာစေး၊ ချောင်းဆိုး၊ အိပ်မပျော်၊ ခေါင်းကိုက်ဖြစ်လာကြပါသည်။ ထိုကလေးများကို အားကစားကွင်းထဲခေါ်ပြီး ကစားစေသည့်အခါ ယင်းရောဂါများ ပျောက်သွားပြီး စာလည်းတော်၊ ဖြတ်ထိုးဉာဏ်ထက်မြက်လာ၊ လူမှုဆက်ဆံရေးကောင်း၊ ခေါင်းဆောင်မှုအပိုင်းမှာပါ ပိုမိုသွက်လက် ထူးချွန်လာသည်ကို တွေ့ရပါသည်။ ကိုယ်ကာယလည်း ပိုမိုကြံ့ခိုင်သန်စွမ်းလာကြပါသည်။

ယနေ့ခေတ် အိုင်ကျူ (IQ) လည်းမြင့်၊ အီးကျူ (EQ) လည်းကောင်းမွန်သည့်အပြင် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သည့် ပီကျူ (PQ) ကိုပါ ပိုင်ဆိုင်လာခြင်းဖြစ်ပါသည်။ စာတော်သလောက် ကျန်းမာပြီး လူ့ဘောင်ကောင်းကျိုးသယ်ပိုးနိုင်မှသာ အောင်မြင်သည့် လူချင်းတူသော်လည်း ဆက်လက်၍ တန်ဖိုးရှိလူသားဘဝကို ရောက်နိုင်မည်ဖြစ်သည်။ ကာယအချိန်သည် ကာယဖွံ့ဖြိုးမှုသက်သက်မဟုတ်ပေ။ စိတ်ကျန်းမာရေးရော စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းတတ်မှု (EQ) နှင့် စာရိတ္တကြံ့ခိုင်မှုပါ ပေးစွမ်းနိုင်မှုရှိသည်ကို မိဘ၊ ဆရာများ သတိပြုကာ မိမိသားသမီး တပည့်များအား အားကစားတွင် ပါဝင်လေ့ကျင့်ရန် အားပေးသင့်ပါသည်။

**(ခ) ဥပဒေ၊ စည်းကမ်းကို လေးစားလိုက်နာ တန်ဖိုးထားမှု မြင့်မားလာခြင်း**

လူ့ဘောင်လူ့အဖွဲ့အစည်းက ချမှတ်ထားသည့် စည်းကမ်းများသည် မိမိအပါအဝင် လူ့အဖွဲ့အစည်း ငြိမ်းချမ်းစွာဖွံ့ဖြိုးရန် အကာအကွယ်များသာ ဖြစ်ပါသည်။ ဖျက်ဆီးသူများရန်မှ ကာကွယ်ထားခြင်းပါ။ အားကစားပြိုင်ပွဲများတွင် သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများရှိပါသည်။ ကျောင်းများတွင် ကျောင်းစည်းကမ်း၊ အတန်းစည်းကမ်း၊ စာမေးပွဲစည်းကမ်းများအပြင် အားကစားစည်းကမ်းသည်လည်း အလုပ်တစ်ခုကို ဂုဏ်သိက္ခာရှိရှိ အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိစေရန် လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ယှဉ်ပြိုင်စေခြင်းအားဖြင့် **"တစ်ဖက်တွင် အောင်မြင်လိုစိတ်"** နှင့် **"အခြားတစ်ဖက်တွင် လိုက်နာအပ်သည့် စည်းကမ်းဥပဒေ"** တို့ကို ချိန်ညှိနိုင်စွမ်းရှိရပါမည်။

ထိုနှစ်မျိုးကို ချိန်ညှိနိုင်စွမ်းမြင့်မားလာလျှင် **"ဂုဏ်သိက္ခာထိန်းနိုင်သည့် လူ့တန်ဖိုးမြင့်လာခြင်း"** ဟူသည့် အရည်အသွေးက အမြတ်အဖြစ် ပေါ်ထွန်းလာပါသည်။ နိုင်လိုစိတ်က အပေါ်ရောက်ပြီး အားကစား၏ ဥပဒေစည်းကမ်းများကို မလိုက်နာနိုင်သူသည် ပြိုင်ပွဲမှထွက်ရပါသည်။ ထိုအခါ ကိုယ်နှင့် ကိုယ့်အသင်း (အဖွဲ့အစည်း)၏ ဂုဏ်သိက္ခာပါ ထိပါးနိုင်ခြင်းကြောင့် မောသည့်အချိန်၊ တွန်းတွန်းတိုက်တိုက် ကစားရသည့်အချိန်များတွင်ပင် စည်းကမ်းကို လေးစားလိုက်နာသွားတတ်အောင် လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ စည်းကမ်းကို လိုက်နာမှုမှသည် ဘဝတစ်လျှောက် ဥပဒေကို လေးစားတန်ဖိုးထားတတ်သည့်သူများဖြစ်အောင် အားကစားကို အလေ့အကျင့်ခံအဖြစ်၊ တစ်နည်းအားဖြင့် အားကစားကို သင်ထောက်ကူအဖြစ် သုံးကာ လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။

မငြိမ်းချမ်းခြင်းဖြစ်စဉ်များတွင် စည်းကမ်းဥပဒေကို မလိုက်နာ၍ မတရားမှုများ ပေါ်ပေါက်လာခြင်းများကြောင့်လည်း ပါဝင်သဖြင့် အားကစားက စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပေးနေခြင်းဖြစ်၍ ငြိမ်းချမ်းရေးစိတ်ဓာတ်ဟု ဦးသန့်က ကြိုမြင်ခဲ့ခြင်းဖြစ်ပေသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# မနက်ဖြန်အတွက် လှလက်ဆောင် ကဗျာရှင် (နောင်) သို့မဟုတ် အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးမောင်မောင်လတ်

**စိုးနိုင်ထွန်း (စာပေဗိမာန်)**

၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာ စင်တာ၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၄ ရက် (၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့) တွင် ကျင်းပခဲ့ပါသည်။ ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

၂၀၀၁ ခုနှစ်မှ စတင်၍အမျိုးသားစာပေဆုအပြင် ဘဝတစ်သက်တာလုံး စာပေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော စာပေပညာရှင်တို့ကို ချီးမြှင့်ခဲ့သည်မှာ ယခုဆိုလျှင် တစ်သက်တာစာပေဆုရှင် ဆရာကြီး ဆရာမကြီး ၃၄ ဦးပင် ရှိခဲ့ပြီဖြစ်သည်။ ဤကဲ့သို့ နိုင်ငံတော်အစိုးရက စာပေပညာရှင် ဆရာကြီး ဆရာမကြီးတို့ကို ချီးမြှင့်ခြင်း၊ ပူဇော်ခြင်းသည် "ပူဇာစ ပူဇနေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ခြင်းတည်းဟူသော မင်္ဂလာတရားတော်နှင့်အညီ ပြုလုပ်ခြင်းပင်ဖြစ်သည့်အတွက် မင်္ဂလာရှိသော အလုပ်ဖြစ်ပေသည်။

၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ဦးမောင်မောင်လတ် (နောင်)၊ ဦးစိန်လှိုင် (သူရဇော်) နှင့် ဒေါ်ချိုချိုတင် (မစန္ဒာ) တို့ကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက သတ်မှတ်ရွေးချယ်ခဲ့ကြသည်။ ယခုဆောင်းပါးတွင် ဆရာကြီးဦးမောင်မောင်လတ် (နောင်)၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

တစ်သက်တာစာပေဆုရှင် ဆရာကြီး ဦးမောင်မောင်လတ်ကို ကဗျာဆရာနောင်ဟု လူသိများသကဲ့သို့ တေးရေး မောင်မောင်လတ်အဖြစ်လည်း ဂီတလောကတွင် မသိသူ မရှိသလောက် ထင်ရှားကျော်ကြားသည့် ဆရာကြီးဖြစ်သည်။ ယနေ့ ၂၁ ရာစု ပညာခေတ်၌ နည်းပညာများအဆင့်မြင့်လာသည်နှင့်အမျှ အင်တာနက်စွယ်စုံကျမ်းကြီးဟု တင်စားရလောက်သည့် Wikipedia တွင် ဆရာကြီး၏အမည်ကို ရိုက်၍ရှာကြည့်ပါက မောင်မောင်လတ် (တေးရေး) ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ အမှန်အားဖြင့် ဆရာကြီးသည် တေးရေးသာမက စာပေရေးရာ အထူးသဖြင့် ကဗျာ၌လည်း အထူးနာမည်ကျော်၍ ထူးချွန်သည့် ပုဂ္ဂိုလ်ကြီးပင်ဖြစ်ပါသည်။

**"နှင်းကိုမြင်ခိုက်" ကဗျာနှင့် ဦးမောင်မောင်လတ်**

ကျွန်ုပ်တို့ငယ်စဉ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာကဗျာလက်ရွေးစင် ဒသမတန်း၌ပါရှိသည့် သင်ရိုးညွှန်းတမ်းများတွင် ဆရာကြီး ဦးမောင်မောင်လတ် (ကဗျာဆရာ နောင်) ၏ –

> "နှင်းကိုမြင်၍
> သဇင်ပွင့်ဦး၊ သူ ကြည်နူးစဉ်
> ရယ်မြူးရွှင်ပျ၊ နှမ နှင့် မောင်
> ညီနောင်သားချင်း၊ လက်တွဲရင်းနှင့်
> ချစ်ခြင်းခင်ခြင်း၊ ယုံကြည်ခြင်းများ
> ဆပွားသစ်သစ်၊ ခိုင်မြဲနှစ်မှာ
> ကာလကြာလေ၊ စည်းရုံးလေတည့်။"

ဟု အစချီသည့် "နှင်းကိုမြင်ခိုက်" ကဗျာကို သင်ကြားခဲ့ရသည်။ နှင်းကိုမြင်ခိုက်ကဗျာသည် နှင်းများကျချိန်၊ သဇင်ပွင့်ချိန်ဖြစ်သောကြောင့် ဆောင်းရာသီကာလကို ညွှန်းဆိုထားပြီး တိုင်းရင်းသားညီနောင်အများတို့ ချစ်ခင်ခြင်း၊ ယုံကြည်ခြင်း၊ စည်းလုံးခြင်းတို့ဖြင့် ခေတ်အဆက်ဆက် အတူတကွ လက်တွဲကာဖြင့် နေထိုင်လာကြသည်။ ယင်းသို့ စည်းလုံးညီညွတ်စွာနေထိုင်သော သာယာလှသည့် အမိမြန်မာနိုင်ငံတော်၏ မြေပြန့်၊ တောင်ကုန်းနှင့် မြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်တို့သည် ရှေးရှေးပဝေသဏီက အဘိုး၊ အဘွားတို့၏ အသက်၊ သွေး၊ ချွေးတို့ စတေး၍ ပေးထားသော အမွေအနှစ်လည်း ဖြစ်သည်။

ထို့ကြောင့် နှစ်ပေါင်းကြာရှည်စွာနေလာသော ကိုယ့်နိုင်ငံ၊ ကိုယ့်နေရာကို ဖျာတစ်ကွက်၊ တစ်လက်မပင်ဖြစ်ပါစေ တသနမြော စုံမက်မောလှသည်။ ထို့ပြင် ဤသို့အချိန်ကြာမြင့်စွာ အတူတကွ နေထိုင်လာကြသော ကျွန်ုပ်တို့ညီနောင်သားချင်းတို့သည် စည်းလုံးခြင်း၊ တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းတို့ကိုလည်း ပိုင်ဆိုင်ထားကြသည့်အဖြစ်ကို ဆရာကြီးက ရေးဖွဲ့ထားသည်။

ဆရာကြီးသည် ကိုလိုနီခေတ်နှောင်းပိုင်းတွင် မွေးဖွားခဲ့သူဖြစ်သောကြောင့် မိမိတိုင်းပြည်အပေါ် လူမျိုးခြား တိုင်းတစ်ပါးသားတို့၏ ဖိနှိပ်ချုပ်ချယ်မှုကို မျက်ဝါးထင်ထင် ကိုယ်တိုင်တွေ့မြင်ခဲ့ရသူဖြစ်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကာလ (၁၉၃၉–၁၉၄၅) ခုနှစ်များတွင် ကမ္ဘာမှာရော မြန်မာနိုင်ငံတွင်ပါ ကြုံတွေ့ခဲ့ရသော ကာလဝိပ္ပတ္တိဖြစ်သည့် ခေတ်ဆိုး၊ စနစ်ဆိုး ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတို့ကိုလည်း အန်တုကျော်လွှားခဲ့ရသူဖြစ်သည်။ ဤကဲ့သို့ အကျပ်အတည်း၊ အခက်အခဲတို့ကို ရင်ဆိုင်ကျော်လွှားပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် တိုင်းတစ်ပါးသားတို့ ဖိနှိပ်ချုပ်ချယ်မှု ကျွန်သပေါက်ဘဝမှ ကိုယ့်လူမျိုးက ကိုယ့်ဥပဒေဖြင့် စီမံကွပ်ကဲသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ၏ အရသာကို ကောင်းကောင်းသိခဲ့၊ ခံစားခဲ့ရသူဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးရသည့် ဇန်နဝါရီလ ၄ ရက် သဇင်ပန်းပွင့်ချိန် ဆောင်းဦးကာလ၌ ဖြစ်ပြီးခဲ့သည့် အတိတ်ဇာတ်ကြောင်းများကို ပြန်ပြောင်းတွေးတော၍လည်းကောင်း၊ ဖြစ်ဆဲကေန်ပစ္စုပ္ပန်ကာလဖြစ်သည့် လွတ်လပ်ရေးနေ့အပေါ် ပီတိမနော ရွှင်ကြည်နော၍လည်းကောင်း၊ အနာဂတ်၌လည်း ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်လူမျိုးတို့ လွတ်လပ်သော အမိနိုင်ငံကို အားအင်အပြည့်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ စွမ်းဆောင်ကြတော့မည့်အဖြစ်ကို ကြည်နူးအားရ၍လည်းကောင်း ရင်ထဲ၌ ပွဲတင်ထပ်၍ နှလုံးသားမှတစ်ဆင့် "နှင်းကိုမြင်ခိုက်" ကဗျာဟူ၍ ပွင့်အန်ထွက်ကျလာခြင်း ဖြစ်သည်။

**ဆရာကြီး၏ "အစားထိုးခြင်း" ကဗျာ**

လူ့လောကတွင် စားဝတ်နေရေးဟူသည့် အရေးသုံးပါးသည် မရှိမဖြစ်လိုအပ်သည့် အကြောင်းကိစ္စဖြစ်ပေသည်။ ယင်းစားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ ရုန်းကန်လှုပ်ရှားရင်း အရွယ်သုံးပါးကို ဖြတ်သန်းကုန်ဆုံးကြရ၏။ တချို့မှာ အရွယ်သုံးပါးသို့မရောက် မဆိုစလောက်ဘဝတာကို ဖြတ်သန်းကုန်ဆုံး ကြွေလွင့်ခဲ့ရသူများလည်းရှိ၏။ မည်သို့ပင်ဆိုစေ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့ရဆိုသကဲ့သို့ ဘဝကိုရုန်းကန်ဖြတ်သန်းရင်း သောကများ၊ ဒုက္ခများကို ရင်ဆိုင်ကြရသည်။ ဤသို့ တွေ့ကြုံရသည့် ဒုက္ခ၊ သောကများ ရင်နှင့်မဆံ့ဖြစ်လာသည့်အခါ ရင်ဖွင့်ရန် မိမိခံစားချက်ကို ကရုဏာစိတ်အပြည့်ဖြင့် နားထောင်သူလိုပေသည်။ လူတို့ဖြစ်ရ ဤလောကတွင် နားထောင်ရန် နားနှစ်ဖက်နှင့် စကားပြောရန် ပါးစပ်တစ်ပေါက်သာ ပါရှိခြင်းသည် နည်းနည်းပြော၍ များများနားထောင်ရန် ဖြစ်သည်။ သို့သော်လည်း ဤသို့ပြုလုပ်ရမည်၊ ကျင့်ကြံရမည်ကို မသိကြသည်မဟုတ် သိကြပေသည်။ သို့သော် လိုက်နာရန်ကားခက်၏၊ လူချင်းတွေ့လျှင် သူများအကြောင်းထက် ကိုယ့်အကြောင်း၊ ကိုယ့်မိသားစုအကြောင်းကိုသာ ပြောလိုကြသည်က များပေ၏။ ထို့ကြောင့် သူတစ်ပါး၏ ခံစားချက်များ၊ သောကများကို နားလည်မှုပေး၍ ကရုဏာစိတ်ဖြင့် ခံစားနားထောင်ပေးနိုင်သူသည်သာ ပြည့်ဝသူဖြစ်ပေသည်။

ဤသို့ဆိုလျှင် ခံစားနားထောင်ပေးသူမှာလည်း ပြောသူကဲ့သို့ ဒုက္ခ၊ သောကများ မရှိမဟုတ် ရှိပါသည်။ သို့သော် မိမိခံစားချက်ကို ရှေ့တန်းမတင်ဘဲ အခြားသူကို ရှေ့တန်းတင် ခံစားပေးလိုက်ခြင်း အကျိုးဆက်ကြောင့် မိမိ၏ သောကဝေဒနာနှင့် ဒုက္ခဝေဒနာတို့သည်လည်း ပျောက်ကင်းသက်သာမှုကို ဆရာကြီးက "အစားထိုးခြင်း" ဟူသည့် ကဗျာတွင်–



> "သူတို့၏ဒုက္ခ သောကများကို
> ငါ့အားပြောကြား၊ ရင်ဖွင့်သွားသည့်
> ငါ၏အပေါင်းအသင်း၊ ရောင်းရင်းများအား
> များစွာအထူး၊ ကျေးဇူးတင်မိ။
> အဘယ်ကြောင့်ဆို
> ထိုထိုပြောသွား၊ သောကများအား
> နားထောင်နေရ၊ သောကာလခိုက်
> ငါ၌ရှိနေ၊ သောကတွေကို
> မေ့နေ၊ ပျောက်နေ၊ ကင်းဝေးနေ၍" ဟု

စပ်ဆိုတင်ပြထားသည်။

**ပေါက်ကွဲခြင်း**

"ပေါက်ကွဲခြင်း" ဟူသည့် ကဗျာကို ကြည့်မည်ဆိုလျှင်လည်း လူ့လောကတွင် ကျွန်ုပ်တို့သည် မိမိတို့၏အတ္တ၊ မိမိတို့၏မာန၊ မိမိတို့၏ ကိုယ်ကျိုးစီးပွားကို ထိပါးလာခြင်းမရှိသေးပါက မိမိတို့အတွက် အဆင်ပြေချောမွေ့ရုံသာမက ယင်းသို့ထိပါးခံကြရသူ အခြားသူတို့အားလည်း ချိုသာကြည်အေးပြုံးပန်းမွှေးသည့် စကားတို့နှင့်ပင် နှစ်သိမ့်နိုင်ကြ၏။ နားချနိုင်ကြ၏။

ထိုသို့မဟုတ်ဘဲ မိမိ၏အတ္တ၊ မာနနှင့် ကိုယ်ကျိုးစီးပွားတို့အပေါ် ထိပါးလာပြီဆိုပါက မချိအောင်နာ၍ မည်သည့်တရားကိုမျှ မဆင်ခြင်နိုင်တော့ပေ။ ထို့ပြင် မိမိအပေါ် အပြုံးပန်းလေးဖြင့် နားဝင်ချိုအောင် နှစ်သိမ့်နားချ တရားပြလာသူတို့ကိုလည်း ခါးခါးသီးသီး ငြင်းပယ်လွှတ်ကာ ဒီတရားတွေ ငါသိပြီးသားတွေ။ အပြစ်လား ဖြစ်စမ်းပါစေဟု ပြောဆိုလွှတ်တတ်ကြပြန်၏။

ဤသို့ မိမိအတ္တကို ထိပါးလာပါက မချိအောင်နာ၍ ပေါက်ကွဲလာကြသူများ၏ ပူဖောင်းလောက်မျှပင် အထိမခံ အလွယ်တကူ ငါတကောကော၍ ပေါက်ကွဲလွယ်မှုကို ဆရာကြီး၏ကဗျာ၌ တင်ပြထားသည်မှာ–

> ကိုယ့်မထိလျှင်၊ မသိသာဘူး
> သူတစ်ထူးကို၊ ကိုယ်ကနားချ
> နှစ်သိမ့်ရမိ၊ လှပတရား
> ပြောကြားချိုသာ၊ ရွှင်ပျစွာဖြင့်။
> ကိုယ့်ကိုထိတော့၊ မချိအောင်နာ
> ဘာမှမမြင်၊ ဆင်ခြင်နိုင်ဘူး
> လွန်ကျူးအပြစ်၊ ဖြစ်စမ်းပစေ
> လာမခြွေနှင့်၊ သွားလေတရား
> သီးခါးထင်လာ၊ အတ္တငါသိ။

*စာမျက်နှာ ၉ သို့*

**တစ်သက်တာစာပေဆုရှင် ဆရာကြီး ဦးမောင်မောင်လတ်ကို ကဗျာဆရာနောင်ဟု လူသိများသကဲ့သို့ တေးရေး မောင်မောင်လတ်အဖြစ်လည်း ဂီတလောကတွင် မသိသူ မရှိသလောက် ထင်ရှားကျော်ကြားသည့် ဆရာကြီးဖြစ်သည်။ ယနေ့ ၂၁ ရာစု ပညာခေတ်၌ နည်းပညာများအဆင့်မြင့်လာသည်နှင့်အမျှ အင်တာနက်စွယ်စုံကျမ်းကြီးဟု တင်စားရလောက်သည့် Wikipedia တွင် ဆရာကြီး၏အမည်ကို ရိုက်၍ရှာကြည့်ပါက မောင်မောင်လတ် (တေးရေး) ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ အမှန်အားဖြင့် ဆရာကြီးသည် တေးရေးသာမက စာပေရေးရာ အထူးသဖြင့် ကဗျာ၌လည်း အထူးနာမည်ကျော်၍ ထူးချွန်သည့် ပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါသည်**

*စာမျက်နှာ ၈ မှ*

ဩော် . . .
ပူဖောင်းလောက်မှ
ငှါအတ္တသည်
ခံနိုင်ရည်အား မကြီးမား။ ။ဟု ရေးဖွဲ့သီကုံးထားသည်။

**တေးရေး၊ တေးဆို မောင်မောင်လတ်**

ထို့ပြင် မောင်မောင်လတ်ဟူသော အသံကို ကြားရုံမျှဖြင့် **"မှိုင်းပြာမှုန်ဝေ x x x တိမ်မည်းညိုရိပ်တွေ တောင်ပြန်လေ x x x တပ်လှန့်နှိုးနှိုးကြွလာပြီလေ x x x တဖြည်းဖြည်း လာချေပြီလေ x x x ပင်လယ်တွေဖြတ်သန်း x x x ရိုးမပေါ် လွှားကျော်ကာလေ x x x သူ့ချစ်မိတ်ဆွေ x x x တို့မြန်မာနိုင်ငံပြည် လက်ဆောင်ပါးတဲ့ မိုးပုလဲပန်းတွေ x x x ရွာပါစေလေ အေးအေးချမ်းချမ်း ရွာပါစေ"** ဟူသည့် စန္ဒရားလှထွဋ် သီဆိုခဲ့သည့် တိမ်တမန်သီချင်းက အလွမ်းဓာတ်ခံရှိသူ၊ ဂီတကို ချစ်မြတ်နိုးသူတို့၏ ရင်ကို ထိမှန်ရိုက်ခတ်မည်သာဖြစ်သည်။ ယင်းတိမ်တမန်သီချင်းကို နားဆင်ကြည့်လျှင် တေးရေးဖြစ်သူ ဆရာကြီး မောင်မောင်လတ်၏ ဂီတလက်သံနှင့် အနုပညာအတိမ်အနက်ကို မှန်းဆသိမြင်နိုင်မည်ဖြစ်သည်။

ဆရာကြီးသည် အေဝမ်း၊ လျှပ်စစ်၊ မောင်တင်ဦး၊ မြဇော်စသည့် ရုပ်ရှင်တို့တွင် ရုပ်ရှင်တေးသီချင်းများစွာကိုလည်း ရေးသားခဲ့သည်။ ဆရာကြီးကိုယ်တိုင် သီဆိုသော တေးသီချင်းများအနက် ချိုပြုံး၊ ပန်းကောက်လှည့်ပါ၊ ကိုယ်သာ၊ ချစ်သူတို့ နားနေရာ၊ အလွမ်းပြေ၊ လှိုင်းပုတ်သံကြောင့် ဗျိုင်းလန့်ပျံသည်၊ သူ့အတွက် ကိုယ့်မေတ္တာ၊ မကြွေပါနဲ့ကွယ်၊ မအိုသေးတဲ့ ကိုယ့်ချစ်သူ သီချင်းများမှာ ထင်ရှားသည်။ အခြားအဆိုတော်များသီဆိုသော သီချင်းများအနက် တင်တင်မြ၏ အချစ်ဆိုသောအရာ၊ မာမာအေး၏ သူနဲ့တွေ့ရင်၊ မဉ္ဇူမြင့်၏ ချစ်ဦးမောင်၊ လွမ်းအောင်သူခွဲ၊ လာမချော့နဲ့မောင်၊ အေဝမ်းတင်တင်လှ၏ ယောင်ပြုံးတုံ့၊ တင်တင်အောင်၏ မေတ္တာရွှေရည်၊ ကြည်ကြည်ဝင်း၏ ချစ်မြားရှင်၊ မြင့်မြင့်စိန်၏ ရွက်ကျမ်းရေချို၊ သောင်းသောင်းနု၏ အညာမိသူလေး၊ ကိုစိန်လင်း၏ လန်းလန်းလှလှ ကြူကြူလွင်လွင်၊ ကိုတင်ထွဋ်၏ ပြစ်မျိုးမဲ့မထင်၊ စန္ဒရားလှထွဋ်၏ တိမ်တမန်သီချင်းများမှာ ထင်ရှားသည်။

**ဘဝနှင့် ပုံရိပ်**

ဤသို့ တေးရေး၊ တေးဆို၊ စာပေစသည်တို့၌ ဘက်စုံတော်သော ဆရာကြီး ဦးမောင်မောင်လတ် (နောင်) ကို ၁၉၃၃ ခုနှစ်၊ မေလ ၅ ရက်တွင် အဖ ဦးထွန်းစိန်၊ အမိဒေါ်မမလေးတို့က မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မွေးဖွားခဲ့သည်။ ၁၉၅၁- ၁၉၅၂ ခုနှစ်တွင် ချောက်ရေနံမြေ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။

၁၉၅၇ ခုနှစ်မှစ၍ မြန်မာ့ရေနံကော်ပိုရေးရှင်းတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ဒုတိယအထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး)၊ ညွှန်ကြားရေးမှူး (ပြန်ကြားရေး) ရာထူးများမှ အငြိမ်းစားယူခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ပဒေသာမဂ္ဂဇင်း၌ စလင်းမောင်မိုးဆွေ ကလောင်အမည်ဖြင့် ကဗျာများကို စတင်ရေးသားခဲ့သည်။ အခြားကလောင်ခွဲများဖြစ်သည့် သုရှင်၊ မောင်မဉ္ဇူ၊ မောင်မောင်လတ်တို့ဖြင့်လည်း ကဗျာ၊ စာပေများရေးသားခဲ့သည်။ ဆရာကြီးသည် ကဗျာ၌သာ အနုပညာအရေးအဖွဲ့ကောင်းသည်မဟုတ်၊ တေးရေး၊ တေးဆို၌လည်း ထူးသည်၊ ထက်သည်၊ ချွန်သည်။ ထို့ပြင် ဘာသာပြန်စာပေများကိုလည်း ရေးသားခဲ့သူဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် စာရေးဆရာ ဘရက်ဟာတ်၏ ဖိုးကံကောင်းနှင့် အခြားဝတ္ထုတိုများ စာအုပ်ကို မောင်အောင်အမည်ဖြင့်လည်း ရှုမဝမဂ္ဂဇင်း၌ ဘာသာပြန်ထုတ်ဝေခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ယင်းခေတ်အခါက ခေတ်စားခဲ့သည့် မဂ္ဂဇင်းများဖြစ်သော သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ မိုးဝေစသည့် မဂ္ဂဇင်းတို့တွင် ကဗျာများ အဆက်မပြတ် ရေးသားခဲ့သည်။ ကဗျာအပုဒ်ရေ ပေါင်း ၄၀၀ ခန့်ပင် ရေးသားခဲ့ပြီး ဖြစ်သည်။ "ဗာလ၏ ဗလာများကဗျာစု"၊ "တတိယရာသီ" စာအုပ်နှင့် "မနက်ဖြန်အတွက် လှလက်ဆောင်" ကဗျာစာအုပ်များ ထုတ်ဝေခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် "မနက်ဖြန်အတွက် လှလက်ဆောင်" စာအုပ်ဖြင့် အမျိုးသားစာပေ (ကဗျာ) ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၅၁ ခုနှစ်မှစတင်၍ ဂီတနယ်ပယ်သို့ တေးရေး၊ တေးဆိုအဖြစ် ဝင်ရောက်ခဲ့သည်။ ၁၉၅၁ ခုနှစ်မှစ၍ ၁၉၇၀ ပြည့်နှစ်အထိ တက္ကသိုလ်တေးယဉ်ယဉ် အပျော်တမ်းတူရိယာအဖွဲ့နှင့် ဂီတအဥ္ဇလီ တူရိယာအဖွဲ့ ဖွဲ့စည်းပြီး မြန်မာ့အသံမှ ရေဒီယိုသီချင်းများ ရေးသားဖျော်ဖြေတင်ဆက်ကာ သီချင်းများစွာကိုလည်း ကိုယ်တိုင်သီဆိုခဲ့သည်။

**လူမှုထူးချွန် (ပထမအဆင့်)၊ အလင်္ကာကျော်စွာဘွဲ့နှင့် နိုင်ငံအတွက် စွမ်းဆောင်ခဲ့သမျှ**

ဆရာကြီးသည် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာ့ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မဟာဂီတသီချင်းကြီး စိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၌ (အရေး) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာ့တေးဂီတစိစစ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၄ ခုနှစ်တွင် လူမှုထူးချွန် (ပထမအဆင့်) နှင့် ၂၀၀၅ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆုတို့ ချီးမြှင့်ခြင်းခံခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက် (တပ်မတော်နေ့) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆရာကြီးကို အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခဲ့သည်။

ဆရာကြီး၏အတ္ထုပ္ပတ္တိဖြစ်သည့် ဘဝအစိတ်အပိုင်းများကို ဆက်စပ်ကြည့်ခြင်းအားဖြင့် ဆရာကြီး၏ ပညာအား၊ ဉာဏ်အား၊ အနုပညာနှင့် တိုင်းပြည်အပေါ် တန်ဖိုးထားမှုတို့ကို လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ရှင်းရှင်းလင်းလင်းကြီး တွေ့မြင်နိုင်မည် ဖြစ်သည်။ ကဗျာ၊ စာပေရေးသားရာတွင်ပင် တိုင်းပြည်အပေါ်ကောင်းစေချင်သော စေတနာ၊ အနာဂတ်မျိုးဆက်တို့အတွက် မိမိကဲ့သို့ အသက်အရွယ်ရလာသူတစ်ဦး၏ ကိုယ်တွေ့အဖြစ်များမှ ထုတ်နုတ်သင်ခန်းစာပေးချင်သော စိတ်ဓာတ်၊ သဘာဝ၏ အလှတရားများကို မြင်အောင်ကြည့်စေတတ်ပြီး မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ စည်းလုံးခြင်းနှင့် တိုးတက်စေချင်သော စိတ်ရင်းတို့ဖြင့် ကဗျာစာပေတို့ကို ရေးဖွဲ့သီကုံးခဲ့၏။ ဆရာကြီးသည် အသက်အရွယ်အားဖြင့် ၉၀ အတွင်း ချင်းနင်းဝင်ရောက်နေပြီ ဖြစ်သော်လည်း စာပေနှင့်ဂီတအတွက်ဆိုလျှင် သန်မာဆဲ၊ ဖျတ်လတ်ဆဲပင် ရှိသေးသည်ကို တွေ့မြင်နေရသည်မှာ တိုင်းပြည်နှင့် လူမျိုးအပေါ် စာပေ၊ ဂီတတို့ဖြင့် အကောင်အထည်ဖော်၍ နှလုံးသား၏ ရည်ညွှန်းရာအတိုင်း လျှောက်လှမ်းနေနိုင်ခြင်းဟု ယုံကြည်မိသည်။

ယခုအခါ ဆရာကြီးသည် တိုက် (၆၈)၊ အခန်း (၅)၊ ဖဆပလ (ရေနံတိုက်)၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိသည်။ ဇနီးမှာ ဒေါ်သိင်္ဂီအေးဖြစ်ပြီး သားသမီးလေးဦး ထွန်းကားခဲ့သည်။ ဆရာကြီး၏အမည်ရင်းမှာ ဦးမောင်မောင်လတ် ဖြစ်သည်။

ဆရာကြီး ယခုထက်မက အသက်ရှည်ရှည် ကျန်းကျန်းမာမာဖြင့် နိုင်ငံနှင့် လူမျိုးအပေါ် စာပေ၊ ဂီတတို့ဖြင့် စွမ်းစွမ်းတမံ ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းကာ ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးအား ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

**ကိုးကား**


- **မနက်ဖြန်အတွက် လှလက်ဆောင်၊ နောင်၊ ယောမင်းကြီးစာပေ၊ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ (ပထမအကြိမ်)**
- **၂၀၂၀ ပြည့်နှစ်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် အဖွဲ့ငယ်များ အစီရင်ခံစာ**
- **Wikipedia**


# အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်ရေးဆွဲရေး နည်းပညာလုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂**

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်ရေးဆွဲရေး နည်းပညာလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို မတ် ၃၁ ရက်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ပြုလုပ်သည်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နည်းပညာလုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပလတ်စတစ်ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာပြီး ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာတစ်ခုအဖြစ် ဦးတည်နေပါကြောင်း၊ အာဆီယံဒေသတွင် အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်တို့ကို အတည်ပြုခဲ့ရာတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)ကို ထုတ်ပြန်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပလတ်စတစ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်ကို မြန်မာနိုင်ငံ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် (၂၀၁၈- ၂၀၃၀) ပါ လုပ်ငန်းစဉ်များနှင့်အညီ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ဂျပန်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (JAIF) ဖြင့် Strengthening Capacity for Marine Debris Reduction in ASEAN region through formulation of National Action Plan for ASEAN Member States and Integrated Land-to-Sea Policy Approach ဒေသတွင်းစီမံကိန်း (Phase-I) ကို မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများတွင် အဏ္ဏဝါအမှိုက်သရိုက် ညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်သင့်သည့် အချက်များနှင့်ကြုံတွေ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှုများကို ဖော်ထုတ်ခဲ့သည်။ ယခုအခါ Phase-II စီမံကိန်းကို မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံများတွင် အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ် (National Plastic Action Plan) ရေးဆွဲမည့် လုပ်ငန်းစဉ်များ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ ကောက်ယူမည့်အစီအစဉ်နှင့် Pilot City ရွေးချယ်ရေးဆိုင်ရာကိစ္စများ၊ ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးနှင့် စပ်လျဉ်း၍ ဆက်စပ်ဌာန အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လက်ရှိမူဝါဒများ၊ ဥပဒေများ၊ စီမံအုပ်ချုပ်မှုအခြေအနေများ၊ အတွေ့အကြုံနှင့် ဗဟုသုတများကို မျှဝေဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး၊ တက္ကသိုလ်နှင့်အခြေခံပညာ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ကချင်ပြည်နယ် ပညာရေးမှူးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ရှေးဦးစွာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စည်းကမ်းရှိစွာဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်၊ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများအနေဖြင့် လိုက်နာဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့ သွားရောက်၍ မေးခွန်းလွှာ၊ အဖြေလွှာများ ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လေ့ကျင့်ရေးအလယ်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားတက္ကသိုလ်သို့ သွားရောက်ပြီး သိပ္ပံလက်တွေ့ခန်းများ၊ တက္ကသိုလ်စာကြည့်တိုက်များနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ မြစ်ကြီးနားတက္ကသိုလ် သုတေသနစင်တာကို လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြစ်ကြီးနားတက္ကသိုလ်တွင် ဘာသာရပ်အစုံ အတန်းစုံ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ စာသင်ဆောင်များ၊ ကျောင်းအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကချင်ပြည်နယ်ပညာရေးမှူးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေးအတွက် စေတနာထား၍ သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို တကယ်တတ်အောင် တကယ်တော်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်းတွင် ကိုယ်ချင်းစာတရား၊ မေတ္တာတရားထား၍ ပညာရေးလုပ်ငန်းများ အောင်မြင်ရေး လက်တွဲဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များနှင့် လိုအပ်သည်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ ကျောင်းများအတွက် စာသင်ဆောင်၊ ကျောင်းဆောင်လိုအပ်ချက်များ၊ ရေတွင်း၊ ရေစင်၊ ရေစက် လိုအပ်ချက်များ၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေး လိုအပ်ချက်များနှင့် ဆရာ ဆရာမ လိုအပ်ချက် စသည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့အဖြစ် သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် ဧပြီ ၂**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

စာမေးပွဲ ဖြေဆိုခြင်းမပြုမီ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ Mask များ တပ်ဆင်လာစေခြင်း၊ အပူချိန်တိုင်းတာခြင်း၊ စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများကို ဆရာ ဆရာမများက စနစ်တကျစစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်တွင် မြန်မာစာ ဘာသာရပ်ကို စတင်ဖြေဆို၍ ဧပြီ ၂ ရက်(ယနေ့) စနေနေ့တွင် သင်္ချာဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိပြီး ဧပြီ ၃ ရက် တနင်္ဂနွေနေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရှိရသည်။ ဆက်လက်ပြီး ဧပြီ ၄ ရက် တနင်္လာနေ့တွင် ဓာတုဗေဒ၊ ဧပြီ ၅ ရက် အင်္ဂါနေ့တွင် ရူပဗေဒ၊ ဧပြီ ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဇီဝဗေဒ/ ဘောဂဗေဒ၊ ဧပြီ ၇ ရက် ကြာသပတေးနေ့တွင် ပထဝီဝင်၊ ဧပြီ ၈ ရက် သောကြာနေ့တွင် သမိုင်း၊ ဧပြီ ၉ ရက် စနေနေ့တွင် စိတ်ကြိုက်မြန်မာစာ စသည်ဖြင့် အသီးသီး ဖြေဆိုကြရမည် ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် ပြည်တွင်း၌ စာစစ်ဌာန ၁၂၃၈ ခု စာစစ်ဌာန စုစုပေါင်း ၁၂၅၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၃၁၂၄၂၄ ရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၂၄၉ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၀၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒလမြို့နယ်တွင် တတိယမြောက်ဘာသာရပ်အား အေးချမ်းစွာဖြေဆို

**ရန်ကုန် ဧပြီ ၂**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပလျက်ရှိရာ ဧပြီ ၂ ရက်က စာဖြေရက်၏ တတိယမြောက်နေ့အဖြစ် သင်္ချာဘာသာရပ်ကို ဒလမြို့နယ်မှ ကျောင်းသား ကျောင်းသူလေးများ အေးချမ်းစွာ ဖြေဆိုခဲ့ကြသည်။



ဒလမြို့နယ်တွင် စာစစ်ဌာန နှစ်ခု ဖွင့်လှစ်ထားပြီး ဖြေဆိုရန်စာရင်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၈၅၄ ဦးတွင် တတိယမြောက်ဘာသာရပ်ကို ၇၄၉ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြသည့်အတွက် ဖြေဆိုမှုရာခိုင်နှုန်း ၈၇ ဒသမ ၇၀ ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၁၀၂၃ ဦး ဧပြီ ၂ ရက်က ဝင်ရောက်ဖြေဆိုစဉ်။

နေအောင်(ပြန်/ဆက်)

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်တွင် မန္တလေးတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူ ၃၃၄၅၉ ဦး ဝင်ရောက်ဖြေဆို

မန္တလေး မေ ၂

၂၀၂၁-၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မတ် ၃၁ ရက်မှစတင်ပြီး ဖြေဆိုလျက်ရှိရာ ယနေ့ တတိယနေ့အဖြစ် သင်္ချာဘာသာရပ်တွင် မန္တလေးတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူ ၃၃၄၅၉ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။



### စိတ်အေးချမ်းသာစွာ ဖြေဆို

အဆိုပါစာမေးပွဲအတွက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် စာစစ်ဌာန ၁၃၉ ခု ဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီးအတွင်း၌ ဖြေဆိုရန် လျှောက်ထားသူ ၃၇၂၃၅ ဦးအနက် ပထမနေ့ မြန်မာစာဘာသာရပ်တွင် ၃၃၅၄၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ၃၃၄၈၅ ဦး ဝင်ရောက်ဖြေဆိုကြကာ ယနေ့ တတိယနေ့အဖြစ် သင်္ချာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူ ၃၃၄၅၉ ဦး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ယခုနှစ်တွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ အောင်မြေသာစံမြို့နယ် ပညာရေးမှူး ဒေါက်တာ စမ်းပပကျော်က "ကျွန်မတို့ အောင်မြေသာစံမြို့နယ်မှာ စာစစ်ဌာနအနေနဲ့ ငါးခု ဖွင့်လှစ်ထားပါတယ်။ အထက(၁) စာစစ်ဌာန၊ အထက(၄) စာစစ်ဌာန၊ အထက(၈) စာစစ်ဌာန၊ အထက(၁၁)စာစစ်ဌာနနဲ့ အိုးဘိုအကျဉ်းထောင် စာစစ်ဌာနတို့ ဖြစ်ပါတယ်။ လုံခြုံရေးအနေနဲ့ နှစ်စဉ်ဆောင်ရွက်နေကျအတိုင်းပါပဲ။ အပြင်စည်းအနေနဲ့ သက်ဆိုင်ရာ ရပ်ကွက်အဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပရဟိတ အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပါတယ်။ ဒါ့အပြင် ပညာရေးဌာနအနေနဲ့ ကလည်း အပြင်စည်းအနေနဲ့ မြို့နယ်ရုံးက တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်ရောဂါကာလဖြစ်တဲ့အတွက် ပိုပြီးဂရုစိုက်ဆောင်ရွက်ပါတယ်။ အရန်ကြီးကြပ်ရေးမှူးတွေ၊ အရန်လက်ထောက်ကြီးကြပ်ရေးမှူးတွေထားပြီးတော့ စာမေးပွဲကို အရှိန်မပျက် ဖြေဆိုနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ ကျင်းပရတာဖြစ်တဲ့အတွက် ကျောင်းသားတွေရော၊ ဆရာ ဆရာမတွေရော စိန်ခေါ်မှုပြင်းထန်ပါတယ်။ ဒီအခက်အခဲကို ကျော်လွှားပြီးတော့မှ စာမေးပွဲကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူ မရွှေဇင်ဟိန်းကလည်း "ဒီစာမေးပွဲအတွက်လည်း အကောင်းဆုံး ကြိုးစားထားပါတယ်။ မြန်မာစာနဲ့ အင်္ဂလိပ်စာ မေးခွန်းမှာ ကိုယ်ကြည့်ထားတာတွေ တော်တော်များများပါတဲ့အတွက် အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့ပါတယ်။ ကျွန်မအနေနဲ့ မိဘတွေဖြစ်စေချင်တဲ့ ဆန္ဒတွေ ဖြည့်ဆည်းပေးဖို့အတွက် ဒီစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုသွားမှာပါ"ဟု ပြောသည်။

### စာဖြေခန်းများ ပြင်ဆင်ပေး

စာမေးပွဲကျင်းပစဉ် ကာလအတွင်း၌လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် သံသယလူနာများ/ အနီးကပ်ထိတွေ့သူများ ဖြေဆိုရန်အတွက် ကျောင်းများတွင် သီးခြားစာဖြေခန်းများ စီစဉ်ထားရှိပေးခြင်း၊ ခေတ်ခွဲအတည်ပြုလူနာများ စာမေးပွဲဖြေဆိုရန်အတွက် ဆေးရုံများ/ ကုသရေးစင်တာများတွင် စာဖြေခန်းများ ပြင်ဆင်ထားရှိပေးထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၂၄၉ ဦးရှိ

နေပြည်တော် မေ ၂

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၈၁၂၄၉ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် ပြည်တွင်း၌ စာစစ်ဌာန ၁၂၃၈ ခု စာစစ်ဌာန စုစုပေါင်း ၁၂၅၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၃၁၂၄၂၄ ရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၂၄၉ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း ၉၀ ဒသမ ၀၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်/ မြို့နယ်/ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-သင်္ချာ

ရက်စွဲ- ၂-၄-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန အရေအတွက် | စာရင်းသွင်းဦးရေ (စာရင်းရှိ) | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | | |
| ၁ | ကချင် | ၄ | ၁၆ | ၄၈ | ၇၉၆၆ | ၄၈၂၁ | ၁၂၇၈၇ | ၇၅၅၈ | ၃၉၀၉ | ၁၁၄၆၇ | ၄၀၈ | ၉၁၂ | ၁၃၂၀ | ၈၉.၆၈% | |
| ၂ | ကယား | ၂ | ၄ | ၄ | ၄၂၇ | ၃၅၃ | ၇၈၀ | ၃၅၄ | ၂၂၁ | ၅၇၅ | ၇၃ | ၁၃၂ | ၂၀၅ | ၇၃.၇၂% | |
| ၃ | ကရင် | ၂ | ၇ | ၂၈ | ၄၅၂၆ | ၁၃၉၂ | ၅၉၁၈ | ၄၁၉၉ | ၁၁၆၇ | ၅၃၆၆ | ၃၂၇ | ၂၂၅ | ၅၅၂ | ၉၀.၆၇% | |
| ၄ | ချင်း | ၂ | ၅ | ၉ | ၁၁၁၆ | ၁၈၄၄ | ၂၉၆၀ | ၉၈၃ | ၁၂၇၁ | ၂၂၅၄ | ၁၃၃ | ၅၇၃ | ၇၀၆ | ၇၆.၁၅% | |
| ၅ | စစ်ကိုင်း | ၈ | ၃၄ | ၇၂ | ၁၀၉၆၈ | ၅၈၆၀ | ၁၆၈၂၈ | ၉၆၅၂ | ၄၁၅၇ | ၁၃၈၀၉ | ၁၃၁၆ | ၁၇၀၃ | ၃၀၁၉ | ၈၂.၀၆% | |
| ၆ | တနင်္သာရီ | ၃ | ၁၀ | ၂၈ | ၃၁၆၇ | ၁၅၉၈ | ၄၇၆၅ | ၃၀၂၂ | ၁၃၃၂ | ၄၃၅၄ | ၁၄၅ | ၂၆၆ | ၄၁၁ | ၉၁.၃၇% | |
| ၇ | ပဲခူး(အရှေ့) | ၂ | ၁၄ | ၆၃ | ၁၂၆၅၆ | ၄၅၄၉ | ၁၇၂၀၅ | ၁၁၉၉၁ | ၃၅၈၉ | ၁၅၅၈၀ | ၆၆၅ | ၉၆၀ | ၁၆၂၅ | ၉၀.၅၆% | |
| ၈ | ပဲခူး(အနောက်) | ၂ | ၁၄ | ၅၆ | ၈၈၆၇ | ၃၇၈၂ | ၁၂၆၄၉ | ၈၄၂၈ | ၃၀၇၆ | ၁၁၅၀၄ | ၄၃၉ | ၇၀၆ | ၁၁၄၅ | ၉၀.၉၅% | |
| ၉ | မကွေး | ၅ | ၂၄ | ၈၁ | ၁၃၆၃၂ | ၈၅၂၀ | ၂၂၁၅၂ | ၁၂၆၅၃ | ၆၆၈၉ | ၁၉၃၄၂ | ၉၇၉ | ၁၈၃၁ | ၂၈၁၀ | ၈၇.၃၁% | |
| ၁၀ | မန္တလေး | ၇ | ၂၈ | ၁၃၉ | ၂၃၆၃၀ | ၁၃၆၀၅ | ၃၇၂၃၅ | ၂၂၂၅၅ | ၁၁၂၀၄ | ၃၃၄၅၉ | ၁၃၇၅ | ၂၄၀၁ | ၃၇၇၆ | ၈၉.၈၆% | |
| ၁၁ | မွန် | ၂ | ၁၀ | ၄၆ | ၉၂၂၁ | ၂၆၉၆ | ၁၁၉၁၇ | ၈၉၁၅ | ၂၂၉၂ | ၁၁၂၀၇ | ၃၀၆ | ၄၀၄ | ၇၁၀ | ၉၄.၀၄% | |
| ၁၂ | ရခိုင် | ၅ | ၁၇ | ၁၂၈ | ၂၃၃၃၁ | ၂၂၂၆၉ | ၄၅၆၀၀ | ၂၂၆၇၂ | ၁၈၉၄၉ | ၄၁၆၂၁ | ၆၅၉ | ၃၃၂၀ | ၃၉၇၉ | ၉၁.၂၇% | |
| ၁၃ | ရန်ကုန် | ၄ | ၄၄ | ၁၀၅ | ၂၂၂၉၄ | ၁၅၂၅၆ | ၃၇၅၅၀ | ၂၀၉၆၆ | ၁၂၃၈၂ | ၃၃၃၄၈ | ၁၃၂၈ | ၂၈၇၄ | ၄၂၀၂ | ၈၈.၈၁% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၂၀ | ၈၉ | ၁၁၇၅၀ | ၅၄၁၃ | ၁၇၁၆၃ | ၁၁၂၀၉ | ၄၄၆၁ | ၁၅၆၇၀ | ၅၄၁ | ၉၅၂ | ၁၄၉၃ | ၉၁.၃၀% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၆ | ၂၆ | ၄၂၉၆ | ၂၃၁၀ | ၆၆၀၆ | ၄၀၅၁ | ၁၈၅၆ | ၅၉၀၇ | ၂၄၅ | ၄၅၄ | ၆၉၉ | ၈၉.၄၂% | |
| ၁၆ | ရှမ်း(အရှေ့) | ၃ | ၁၀ | ၁၇ | ၁၄၈၈ | ၁၂၂၇ | ၂၇၁၅ | ၁၄၃၂ | ၁၀၀၆ | ၂၄၃၈ | ၅၆ | ၂၂၁ | ၂၇၇ | ၈၉.၈၀% | |
| ၁၇ | ဧရာဝတီ | ၆ | ၂၆ | ၂၄၇ | ၃၀၅၃၄ | ၉၇၉၃ | ၄၀၃၂၇ | ၂၉၁၈၈ | ၈၀၃၄ | ၃၇၂၂၂ | ၁၃၄၆ | ၁၇၅၉ | ၃၁၀၅ | ၉၂.၃၀% | |
| ၁၈ | နေပြည်တော် | ၂ | ၈ | ၅၂ | ၁၀၉၇၅ | ၆၂၅၃ | ၁၇၂၂၈ | ၁၀၆၂၄ | ၅၄၆၈ | ၁၆၀၉၂ | ၃၅၁ | ၇၈၅ | ၁၁၃၆ | ၉၃.၄၁% | |
| ၁၉ | နိုင်ငံခြား | ၀ | ၀ | ၂၀ | ၀ | ၃၉ | ၃၉ | | ၃၄ | ၃၄ | ၀ | ၅ | ၅ | ၈၇.၁၈% | |
| | ပြည်ထောင်စုချုပ် | ၆၈ | ၃၀၇ | ၁၂၅၈ | ၂၀၀၈၄၄ | ၁၁၁၅၈၀ | ၃၁၂၄၂၄ | ၁၉၀၁၅၂ | ၉၁၀၉၇ | ၂၈၁၂၄၉ | ၁၀၆၉၂ | ၂၀၄၈၃ | ၃၁၁၇၅ | ၉၀.၀၂% | |

မှတ်ချက်။ စာမေးပွဲကျင်းပသည့် မြို့နယ်ဦးရေသာ ဖော်ပြထားပါသည်။

# ရောဝတီတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲမဲစာရင်းပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



**နေပြည်တော် မေ ၂**

ရောဝတီတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲမဲစာရင်းပြုစုရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းမှူးက ရွေးကောက်ပွဲမဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးတင်ပြသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် ခရိုင်ငါးခရိုင်မှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing ဖြင့် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အဆိုပါခန်းမ၌ ဆက်လက်ပြုလုပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က ဆီဖူလုံရေးစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပုသိမ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်ငါးခရိုင်မှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing ဖြင့် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၇၇ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၃၅၇ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၂၇၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၉ မြို့နယ်၌ ဒေသခံပြည်သူ ၈၂၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်တို့မှ ဒေသခံပြည်သူ ၂၂၇၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၃၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ ၁ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့၌ ကျောင်းသား ကျောင်းသူ ၇၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် မေ ၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၈၇ ဦးနှင့် ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၃ ဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၂၆ ဦး၊ အမျိုးသမီး ၈၈ ဦး စုစုပေါင်း ၃၁၄ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ငှက်ပျော တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်မည်

**နေပြည်တော် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် လိုအပ်သည့် အပင်/တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်သန့်ရှင်းရေး (Sanitary and Phytosanitary–SPS) ကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်၍ အဓိက အိမ်နီးချင်း ဈေးကွက်ကြီး တစ်ခုဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အပင်/တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရန် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမှ ငှက်ပျောသီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန်အတွက် အပင်/တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်သန့်ရှင်းရေး သဘောတူညီချက်အား မေ ၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People’s Republic of China– GACC) နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရန် ဆန်၊ ဆန်ကွဲ၊ ပိုးအိမ်ခြောက်၊ ကျွဲ၊ နွားအရှင်နှင့် ပြောင်း တင်ပို့နိုင်ရေးအတွက် အပင်/တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေး(SPS) သဘောတူစာချုပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် GACC တို့အကြား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ယခု ငှက်ပျောသီးကို တရားဝင်တင်ပို့နိုင်ရန်အတွက် ငါးကြိမ်မြောက် လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ငှက်ပျောတန်ချိန် ရှစ်သိန်းခန့် တင်ပို့နိုင်ခဲ့ပြီး ယခု လက်မှတ်ရေးထိုးသည့် သဘောတူစာချုပ်အရ မြန်မာနိုင်ငံမှ ငှက်ပျောသီးကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နိုင်မည်ဖြစ်၍ မြန်မာ-တရုတ်နှစ်နိုင်ငံကြား လယ်ယာထွက်ကုန်များ တရားဝင်ကုန်သွယ်မှု တိုးမြင့်လာမည်ဖြစ်ပြီး ငှက်ပျောစိုက်တောင်သူများ၏ အကျိုးစီးပွားပိုမိုတိုးတက် ကောင်းမွန်လာစေခြင်းသာမက စိုက်ပျိုးခုတ်သိမ်းတင်ပို့သည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ပါဝင်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံမှ ထွက်ရှိသော ပဲပုပ်၊ ပီလောပီနံ၊ ကန်စွန်းဥများ တင်ပို့နိုင်ရေးတို့အတွက် အပင်/တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေး(SPS) နှစ်ဖက်သဘောတူစာချုပ်များ မကြာမီ လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အပြင် အလားအလာရှိသော ပို့ကုန်အမယ်သစ်များဖြစ်သည့် နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ သံပရာသီး၊ ကွမ်းသီးအစိမ်းတို့အတွက်လည်း လိုအပ်သည့် ပိုးမွှားရောဂါဆန်းစစ်မှုဆိုင်ရာ အချက်အလက်များကို နှစ်ဘက်ညှိနှိုင်းဖလှယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကိုရီးယား၌ နှစ်ရက်မြောက်အဖြစ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၀၀၀၀ အောက် ကျဆင်း

ဆိုးလ် မေ ၂

**တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ကြည့်လျှင် သောကြာနေ့ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၆၄၁၇၁ ဦး ရှိလာသည့်အတွက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၃၆၃၉၉၁၅ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၂ ရက်က ပြောကြားသည်။**



ဆိုးလ်မြို့၌ ကိုဗစ်-၁၉ စစ်ဆေးရန် တန်းစီစောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရသူအရေအတွက်မှာ နှစ်ရက်မြောက်အဖြစ် ၃၀၀၀၀၀ အောက်ကျဆင်းလာကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် မြို့တော်ဆိုးလ်၌ ဗီဇပြောင်းမိုင်းရပ်စ် အိုမီခရွန်နှင့် အိုမီခရွန်မျိုးကွဲ BA.2 ကူးစက်မှုမြင့်တက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၄၈၆၇၃ ဦးမှာ ဆိုးလ်မြို့တွင် နေထိုင်သူများဖြစ်ပြီး ၇၁၅၂၅ ဦးမှာ ချုံဂီစီရင်စုနှင့် အင်ချွန်းဆိပ်ကမ်းမြို့တော်မှ ၁၄၂၈၁ ဦး ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများထဲမှ ၆၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လက်ရှိအချိန်အထိ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် ရောဂါကူးစက်ခံရသူဦးရေမှာ ၃၁၁၁၇ ဦး ရှိလာပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၃၉ ဦး ရှိလာသောကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူ စုစုပေါင်း ၁၆၉၂၉ ဦးအထိ ရှိပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုအစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၄၄၄၉၆၁၁၃ ဦး (နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၇ ရာခိုင်နှုန်း) ကာကွယ်ဆေးထိုးနှံပြီး ဖြစ်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု တစ်လအတွင်း အနည်းဆုံးဖြစ်

**ဟနွိုင်း မေ ၂**

ဗီယက်နမ်နိုင်ငံ၌ မေ ၂ ရက်တွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူ ၆၅၆၁၉ ဦး စစ်ဆေးတွေ့ရှိရာ တစ်လအတွင်း အနည်းဆုံး တွေ့ရှိမှုဖြစ်ပြီး သောကြာနေ့က ထက် ၆၉၃၇ ဦး လျော့နည်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



ဗီယက်နမ်နိုင်ငံ၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်၍ ပြည်သူများ သွားလာနေကြသည်ကို တွေ့ရစဉ်။

အဆိုပါ ရောဂါကူးစက်မှုများမှာ နိုင်ငံအတွင်း မတူညီသည့် နေရာဒေသ ၆၁ ခု၌ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရောဂါကူးစက်ခံရသူများအနက် သုံးဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည် ဝင်ရောက်လာသူများဖြစ်ကာ ၆၅၆၁၆ ဦးမှာ ပြည်တွင်း ကူးစက်မှုများဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ အချက်အချာ နေရာအဖြစ် မြို့တော်ဟနွိုင်းသည် ယနေ့တွင် ကူးစက်မှုအသစ် ၇၄၂၃ ဦး ထပ်မံ တွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ကူးစက်မှု ဗဟို ဆက်လက် ရှိနေဆဲဖြစ်သည်။ ထို့အပြင် အလယ်ပိုင်းကုန်းမြင့်ဒေသဖြစ်သည့် ဒါးလက်ပြည်နယ်တွင် ၃၉၉၉ ဦးနှင့် အလယ်ပိုင်း နီအန်းပြည်နယ်တွင် ၂၉၁၁ ဦး ကူးစက်မှု တွေ့ရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ဦးရေ စုစုပေါင်း ၉၇၁၆၂၈၂ ဦးရှိပြီး သေဆုံးသူဦးရေမှာ ၄၂၅၆၃ ဦး ရှိလာပြီ ဖြစ်သည်။ နိုင်ငံတစ်ဝန်း ပြည်သူ ၇၇၁၃၃၅၄ ဦး (နိုင်ငံလူဦးရေ၏ ၇၉ ရာခိုင်နှုန်း) မှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း သိရသည်။ ဗီယက်နမ် နိုင်ငံတွင် ပြည်သူ ၂၀၆ ဒသမ ၅ သန်းနီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၅၆၀ ထပ်မံတွေ့ရှိ

**ဝယ်လင်တန် မေ ၂**

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၁၅၆၀ တွေ့ရှိခဲ့ကြောင်း မေ ၂ ရက် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါကူးစက်ခံရသူများမှာ အစုလိုက်ကူးစက်ခံရသူများဖြစ်ကြပြီး အော့ကလန်မြို့တွင် ၁၉၃၁ ဦးကူးစက်ခံရကြောင်း၊ နယူးဇီလန်နိုင်ငံ နယ်စပ်တွင် ကူးစက်ခံရသူ ၄၁ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။ နယူးဇီလန်နိုင်ငံ ဆေးရုံ၌ ကုသမှုခံယူနေသူ ၆၇၈ ဦးရှိပြီး ၎င်းတို့အနက် ၃၀ မှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူနေရသည်။ မေ ၂ရက်က ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၂၃ ဦးကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၈၁၀၄၄ ဦး ရှိပြီဖြစ်သည်။

နယူးဇီလန်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ရောဂါကူးစက်ခံရမှုပမာဏမှာ အမြင့်ဆုံးအနီရောင်အဆင့်တွင်ရှိနေကြောင်း သိရသည်။ အနီရောင်အဆင့်ရှိသည့်အတွက် ခန်းမအတွင်းလူစုလူဝေးပြုလုပ်ခြင်းကို လူဦးရေ ၂၀၀ သာ သတ်မှတ်ထားပြီး အပြင်၌လူစုလူဝေးပြုလုပ်ခြင်းကို လူဦးရေကန့်သတ်မထားကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၈၆ ဦး ထပ်မံတွေ့ရှိ

**ပေကျင်း မေ ၂**

တရုတ်နိုင်ငံ၌ မေ ၁ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၀၈၆ ဦး ထပ်မံတွေ့ရှိရာ အဆိုပါ ကူးစက်သူများမှာ ပြည်တွင်း ကူးစက်ခံရသူများ ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးကော်မတီက မေ ၂ရက်က ပြောကြားသည်။



တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

ကူးစက်ခံရသူများမှာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်တွင် ၁၇၃၀၊ ရှန်ဟိုင်းမြို့တွင် ၂၆၀၊ ဟီလောင်ကျန်ပြည်နယ်တွင် ၂၁ ဦးနှင့် အခြားအရှေ့မြောက်ပိုင်းဒေသများတွင် အသီးသီး ကူးစက်ခံရပြီး အခြားသော ပြည်နယ်အဆင့်တွင်လည်း ဒါဇင်ကျော် ကူးစက်ခံရကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သော တစ်ရက်က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၀ ရှိခဲ့ရာ ယခုအခါ ပြည်ပပြန် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်းမှာ ၄၃ဦး ရှိလာကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ပြန်လည်ကျန်းမာ၍ ဆေးရုံမှဆင်းခွင့်ရသူ ၄၃၀၇ ဦးရှိသည်။ လက်ရှိတွင် ဆေးရုံတက်ရောက်ကုသမှု ခံယူနေရသူ ၂၇၁၂၈ ဦးရှိပြီးရောဂါပြင်းထန်စွာ ခံစားနေရသူ ၅၈ ဦး ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၇၄၇၆ ဦး တွေ့ရှိ

**ကွာလာလမ်ပူ မေ ၂**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၇၄၇၆ ဦး စစ်ဆေးတွေ့ရှိရာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၂၁၉၃၉၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကူးစက်မှုများတွင် ပြည်ပမှကူးစက်သူ ၁၆၄ ဦး ရှိပြီး ပြည်တွင်းကူးစက်သူ ၁၇၃၁၂ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ထို့အပြင် နောက်ထပ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀ ရှိလာသည့်အတွက် စုစုပေါင်း သေဆုံးသူဦးရေမှာ ၃၅၀၁၃ ဦးအထိ ရှိလာပြီ ဖြစ်သည်။

အဆိုပါ ကူးစက်မှုများထဲမှ ၁၇၃၂၁ ဦးမှာ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၃၉၇၇၄၀၃ ဦး ရှိလာပြီ ဖြစ်သည်။ လက်ရှိ ဆေးကုသမှု ခံယူနေရသူဦးရေမှာ ၂၀၆၉၇၉ ဦး ရှိပြီး ၂၆၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံလျက်ရှိကြောင်း၊ ၁၆၂ ဦးမှာ အသက်ရှူကိရိယာ တပ်ဆင်အသုံးပြုနေရကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ဖို့ ရန်ပုံငွေပြတ်လပ်သွားတဲ့ အမေရိကန်

ထွန်းကျော်

အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သန်း ၈၀ ကျော်လွန်လာချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ဖို့ ပိုက်ဆံပြတ်လပ်သွားပြီလို့ ကျန်းမာရေးအာဏာပိုင်တွေက ညည်းညူ ပြောကြားခဲ့ပါတယ်။




အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ တိုင်းမ်စကွဲယားတွင် ပြည်သူများ မတ် ၂၈ ရက်က လမ်းလျှောက်သွားလာနေစဉ်။

**ရန်ပုံငွေပြတ်တောက်သွားပြီ**

အမေရိကန်တွေကို ထောက်ပံ့ဖို့ အစိုးရမှာ ရန်ပုံငွေပြတ်တောက်သွားပြီ၊ အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ခြင်း၊ ကုသခြင်းတွေမှာ အာမခံမထားတဲ့သူတွေအတွက် ပိုလို့တောင်ခက်ခဲလာပြီလို့ နယူးယောက်တိုင်းမ် အယ်ဒီတာ့အာဘော်တွဲဖက်ရေးသားသူ အမေရိကန် ကိုဗစ်-၁၉ တုံ့ပြန်ရေးအဖွဲ့ သိပ္ပံ အရာရှိချုပ် ဒေးဗစ်ကက်ဆလာနဲ့ အမေရိကန်ခွဲစိတ်ဆရာဝန်ကြီး ဗီဗက်ခ်မာသီတို့က ပြောကြားခဲ့ပါတယ်။

အကယ်၍ ရန်ပုံငွေကို အကောင်အထည်မဖော်နိုင်ခဲ့ဘူးဆိုပါက မိမိတို့တွေ အင်အားထပ်မံချည့်နဲ့လာနိုင်ပြီး ဗိုင်းရပ်စ်က မိမိတို့ရဲ့ကျန်းမာရေးကို ခြိမ်းခြောက်လာနိုင်ပါတယ်။ ထို့အတူ မိမိတို့ရဲ့ စီးပွားရေးနဲ့ မိမိတို့ရဲ့ စိတ်ချမ်းသာမှုတွေကိုလည်း ခြိမ်းခြောက်လာနိုင်ပါတယ်လို့ နယူးယောက်တိုင်းမ်က ဖော်ပြခဲ့တဲ့ ဆောင်းပါးတစ်ခုမှာ ပညာရှင်တွေက ရေးသားခဲ့ပါတယ်။

**အာမခံမရှိတဲ့ အမေရိကန်တွေအတွက် ထပ်မံထောက်ပံ့ပေးတော့မှာမဟုတ်**

အာမခံမရှိတဲ့ အမေရိကန်တွေအတွက် အစိုးရထောက်ပံ့ပေးထားတဲ့ ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးခြင်းနဲ့ ကုသခြင်းဆိုင်ရာ ကုန်ကျစရိတ်တွေ ဒီတစ်ပတ်မှာ ပြတ်တောက်သွားပါပြီ။ ကိုဗစ်- ၁၉ စစ်ဆေးမှုတွေကို အာမခံမရှိတဲ့ အမေရိကန်တွေအတွက် ထပ်မံ ထောက်ပံ့ပေးတော့မှာမဟုတ်ပါဘူး။ ပီစီအာရ်စမ်းသပ်စစ်ဆေးမယ်ဆိုရင် အမေရိကန်ဒေါ်လာ ၁၀၀ ကနေ ၁၉၅ ဒေါ်လာအထိ ကုန်ကျတော့မှာဖြစ်တယ်လို့ အေဘီစီသတင်းမှာ ဖော်ပြထားပါတယ်။

**အာမခံမရှိတဲ့ အမေရိကန်တွေအတွက် အစိုးရထောက်ပံ့ပေးထားတဲ့ ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးခြင်းနဲ့ ကုသခြင်းဆိုင်ရာ ကုန်ကျစရိတ်တွေ ဒီတစ်ပတ်မှာ ပြတ်တောက်သွားပါပြီ။ ကိုဗစ်- ၁၉ စစ်ဆေးမှုတွေကို အာမခံမရှိတဲ့ အမေရိကန်တွေအတွက် ထပ်မံထောက်ပံ့ပေးတော့မှာမဟုတ်ပါဘူး။ ပီစီအာရ်စမ်းသပ်စစ်ဆေးမယ်ဆိုရင် အမေရိကန်ဒေါ်လာ ၁၀၀ ကနေ ၁၉၅ ဒေါ်လာအထိ ကုန်ကျတော့မှာဖြစ်တယ်လို့ အေဘီစီသတင်းမှာ ဖော်ပြထားပါတယ်။ အစိုးရဟာ လွန်ခဲ့တဲ့သီတင်းပတ်က ဗိုင်းရပ်စ်ကို ခုခံနိုင်ဖို့ အသက်ကယ်ပဋိပစ္စည်းလို့ခေါ်တဲ့ (Monoclonal antibodies) တင်ပို့မှုကိုလည်း ၃၅ ရာခိုင်နှုန်းအထိလျှော့ချခဲ့ပါတယ်။ Monoclonal antibodies တွေဟာ အခုလာမယ့် နွေဦးရာသီမှာ ပြတ်လပ်သွားနိုင်ခြေရှိတယ်လို့ အရာရှိတွေက ပြောကြားခဲ့ပါတယ်**

အစိုးရဟာ လွန်ခဲ့တဲ့ သီတင်းပတ်က ဗိုင်းရပ်စ်ကို ခုခံနိုင်ဖို့ အသက်ကယ်ပဋိပစ္စည်းလို့ခေါ်တဲ့ (Monoclonal antibodies) တင်ပို့မှုကိုလည်း ၃၅ ရာခိုင်နှုန်းအထိလျှော့ချခဲ့ပါတယ်။ Monoclonal antibodies တွေဟာ အခုလာမယ့် နွေဦးရာသီမှာ ပြတ်လပ်သွားနိုင်ခြေရှိတယ်လို့ အရာရှိတွေက ပြောကြားခဲ့ပါတယ်။

**အရေးကြီးတဲ့ စောင့်ကြည့်မှုတွေက ကိုဗစ်-၁၉ ကို ထောက်လှမ်းနိုင်မယ်**

မိမိတို့တွေ အိမ်မှာ စစ်ဆေးမှုတွေ ဆက်လက်လုပ်ဆောင်နိုင်တော့မှာမဟုတ်ပါဘူး။ အရေးကြီးတဲ့ စောင့်ကြည့်မှုတွေက မိမိတို့ကို ကိုဗစ်- ၁၉ အကျော့သစ်ကို ကြိုတင်ထောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ထို့အတူ ကိုဗစ်-၁၉ မျိုးကွဲသစ်တွေကိုလည်း ရှာဖွေနိုင်မှာဖြစ်ပါတယ်လို့ ကက်ဆလာနဲ့ မာသီက ပြောပါတယ်။

**အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၈၀ ကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာလည်း ၉၇၈၀၀၀ အထိရှိလာပြီဖြစ်ပါတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်ဖော်ပြလိုက်ပါတယ်။ ကူးစက်ဖြစ်ပွားသူနဲ့ သေဆုံးသူစာရင်းနှစ်ခုစလုံးဟာ ကမ္ဘာပေါ်မှာတော့ အများဆုံးဖြစ်ပါတယ်။**

လွှတ်တော်က ကပ်ရောဂါ တုံ့ပြန်ရေးရန်ပုံငွေ ခွင့်ပြုပေးနိုင်ဖို့အတွက် မိမိတို့တွေအနေနဲ့ နောက်ထပ် အကျပ်အတည်း ကာလတစ်ခုကို စောင့်ဆိုင်းစရာမလိုတော့ဘူးလို့ သူတို့က ပြောပါတယ်။

**၂၀၂၃ ဘတ်ဂျက်တွင် ကပ်ရောဂါအတွက် ရင်းနှီးမြှုပ်နှံမှုများပါဝင်**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွက် အစိုးရဘတ်ဂျက်ကို ပြောကြားလိုက်ပြီးနောက်တစ်နေ့မှာ လွှတ်တော်ရန်ပုံငွေ တောင်းဆိုမှုထွက်ပေါ်လာခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်ဘတ်ဂျက်မှာ နောက်ထပ်ဖြစ်ပေါ်လာနိုင်သော ကပ်ရောဂါများနှင့် ဇီဝခြိမ်းခြောက်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပါတယ်။

တောင်းဆိုထားတဲ့ ဘတ်ဂျက်က အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကပ်ရောဂါကြိုတင်ပြင်ဆင်ရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများအတွက်ဖြစ်ပြီး ငါးနှစ်ကျော်ကာလအတွင်း ၈၁ ဒသမ ၇ ဘီလီယံရရှိခဲ့ရာ ၉ ဒသမ ၉ ဘီလီယံမှာ ပြည်သူ့ကျန်းမာရေးအဆောက်အအုံများကို တိုးချဲ့ရန်နှင့် အနာဂတ်ဖြစ်ပေါ်လာနိုင်ခြေများကို စိတ်ဖြာခန့်မှန်းနိုင်ရေးများလည်း ပါဝင်ပါတယ်။

**ကာကွယ်ရေးစရိတ်ထက်လျော့နည်း**

ဒါပေမယ့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုတွေအတွက် အဆိုပြုတောင်းဆိုထားတဲ့ ရန်ပုံငွေဟာ ၈၁၃ ဘီလီယံဒေါ်လာမကဖြစ်နေတဲ့ စစ်ရေးနဲ့ ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်ထက် အများကြီးလျော့နည်းနေပါတယ်။

နယူးယောက်တိုင်းမ်ရဲ့ သဘောထားအမြင်ကဏ္ဍမှာ အမေရိကန်စစ်ရေးဆိုင်ရာ အသုံးစရိတ်ဟာ ကမ္ဘာ့ကာကွယ်ရေးဆိုင်ရာ ငွေလုံးငွေရင်းရဲ့ ၄၀ ရာခိုင်နှုန်းလောက်ရှိတယ်လို့ ဖာဟတ်မန်ဂျူးက ရေးသားဖော်ပြခဲ့ပါတယ်။

မိမိတို့တိုက်ခဲ့တဲ့ စစ်ပွဲတွေထက် ကပ်ရောဂါက အမေရိကန်တွေရဲ့ အသက်တွေကို နုတ်ယူသွားတဲ့ အခါမှာတော့ စစ်ဘက်ဆိုင်ရာမှာ ပိုက်ဆံတွေကို ပုံအောပြီးသုံးစွဲနေခြင်းက မိမိတို့လတ်တလောမှာ ရင်ဆိုင်နေရတဲ့ အရေးအကြီးဆုံး အရာကို အလေးမထားတဲ့ သဘောဖြစ်နေတယ်လို့ မန်ဂျူးက ပြောပါတယ်။

**ကမ္ဘာပေါ်မှာ အများဆုံးဖြစ်**

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၈၀ ကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာလည်း ၉၇၈၀၀၀ အထိရှိလာပြီဖြစ်ပါတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်ဖော်ပြလိုက်ပါတယ်။ ကူးစက်ဖြစ်ပွားသူနဲ့ သေဆုံးသူစာရင်းနှစ်ခုစလုံးဟာ ကမ္ဘာပေါ်မှာတော့ အများဆုံးဖြစ်ပါတယ်။

ကူးစက်မြန်အိုမီခရွန် မျိုးကွဲသစ်ဖြစ်တဲ့ BA.2 ဟာ အခုအခါမှာတော့ အမေရိကန်ပြည်ထောင်စုတစ်ဝန်း လွှမ်းမိုးလာတဲ့ မျိုးကွဲတစ်ခုဖြစ်လာပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၅၅ ရာခိုင်နှုန်းနီးပါးဟာ သူ့ကြောင့်ဖြစ်ပါတယ်လို့ အမေရိကန် ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနရဲ့ နောက်ဆုံးအချက်အလက်များအရ သိရပါတယ်။

အဆိုးဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတဲ့ အပိုင်းကတော့ အရှေ့မြောက်ပိုင်းဖြစ်ပါတယ်။ အဲဒီမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀ ရာခိုင်နှုန်းကျော်ဟာ BA.2 ကြောင့်ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုတစ်ဝန်း တောင်ပိုင်းနဲ့ အနောက်ပိုင်းတောင်ကုန်းဒေသတွေဟာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ပါတယ်။ ။

ကိုးကား - ဆင်ဟွာ

## ဧပြီ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၅ ဦး တွေ့ရှိ

### သေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၂ ဦးရှိ

(၂-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၄–၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၀၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၆၈၂,၁၁၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၈၀၉) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၈၉,၈၄၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၂၃) ခု | (၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၁) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၉) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၈၄) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၉၈) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၉၆၁) ခု | (၅၇) ဦး |
| စုစုပေါင်း | (၁၃,၀၁၇) ခု | (၁၃၅) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂ -၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၈၁၃၅၁၅ | ၆၅၃၈၂၉၉၁ | ၁၀၀၇၉၈၉ |
| ၂။ | အိန္ဒိယ | ၄၃၀၂၇၀၃၅ | ၄၂၄၉၂၃၂၆ | ၅၂၁၂၉၃ |
| ၃။ | ဘရာဇီး | ၂၉၉၇၅၁၆၅ | ၂၈၇၃၉၆၈၇ | ၆၆၀၀၆၅ |
| ၄။ | ပြင်သစ် | ၂၅၇၆၃၄၇၂ | ၂၃၃၁၁၃၁၅ | ၁၄၂၄၀၇ |
| ၅။ | ဂျာမနီ | ၂၁၄၅၉၉၇၅ | ၁၆၈၈၆၂၀၀ | ၁၃၀၃၄၂ |
| ၆။ | ဗြိတိန် | ၂၁၂၁၆၈၇၄ | ၁၉၀၇၅၇၀၃ | ၁၆၅၅၇၀ |
| ၇။ | ရုရှား | ၁၇၈၈၀၀၃၈ | ၁၆၉၂၉၃၃၂ | ၃၆၉၄၀၄ |
| ၈။ | တူရကီ | ၁၄၈၇၃၉၂၇ | ၁၄၅၄၆၇၈၈ | ၉၈၀၇၈ |
| ၉။ | အီတလီ | ၁၄၇၁၉၃၉၄ | ၁၃၂၈၈၃၇၀ | ၁၅၉၅၃၇ |
| ၁၀။ | တောင်ကိုရီးယား | ၁၃၆၃၉၉၁၅ | စိစစ်ဆဲ | ၁၆၉၂၉ |

### ၂-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၇၁၆၂၈၂ | ၇၇၁၃၃၅၄ | ၄၂၅၆၃ |
| အင်ဒိုနီးရှား | ၆၀၁၈၀၄၈ | ၅၇၆၄၆၃၆ | ၁၅၅၂၄၁ |
| မလေးရှား | ၄၂၁၉၃၉၅ | ၃၉၇၇၄၀၃ | ၃၅၀၁၃ |
| ထိုင်း | ၃၆၈၄၇၅၅ | ၃၄၀၃၆၄၂ | ၂၅၃၂၁ |
| ဖိလစ်ပိုင် | ၃၆၇၈၉၆၈ | ၃၅၈၂၅၂၉ | ၅၉၃၂၄ |
| စင်ကာပူ | ၁၁၀၁၄၃၈ | ၁၀၂၅၅၇၈ | ၁၂၇၀ |
| မြန်မာ | ၆၁၁၈၀၉ | ၅၈၉၈၄၂ | ၁၉၄၃၂ |
| လာအို | ၁၈၁၉၆၇ | ၁၅၁၁၆၃ | ၆၇၃ |
| ကမ္ဘောဒီးယား | ၁၃၅၇၁၄ | ၁၃၁၉၄၀ | ၃၀၅၄ |
| ဘရူနိုင်း | ၁၃၅၄၃၀ | ၁၃၁၀၉၇ | ၂၁၃ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# မက်မန်းမြို့နယ်အတွင်းက နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

မြင့်စိုး (နတလ)

**မက်မန်းမြို့နယ်၏ ပထဝီအနေအထား**

မက်မန်းမြို့နယ်သည် ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် မိုင်းယန်းနှင့် မိုင်းခတ်မြို့နယ်၊ တောင်ဘက်တွင် မိုင်းပျဉ်းမြို့နယ်၊ အနောက်ဘက်တွင် မိုင်းရှူးမြို့နယ်၊ မြောက်ဘက်တွင် ပန်ဆန်း (ပန်ခမ်း) မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မက်မန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၅၀ တွင် တည်ရှိနေပါသည်။ ဒေသအတွင်း၌ အမြင့်မားဆုံးဖြစ်သော လွယ်လန်းတောင်သည် အမြင့် ၇၆၂၇ ပေရှိပြီး ဝမ်စလောင်းကျေးရွာ၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ မန်ဝိန်းကျေးရွာအနီး လွယ်ဟိုလာတောင်မှာ ဒုတိယအမြင့်မားဆုံးဖြစ်ပြီး အမြင့် ၇၁၂၃ ပေရှိပါသည်။ မြစ်ချောင်းများ နည်းပါးသည့်ဒေသဖြစ်သော်ငြားလည်း သံလွင်မြစ်သည် မြို့နယ်၏ အနောက်ဘက်နယ်နိမိတ်တစ်လျှောက် ၄၄ မိုင်ခန့် ဖြတ်သန်းစီးဆင်းနေသည်။ အခြားထင်ရှားသည့် ချောင်းတစ်ခုမှာ နမ့်ခချောင်းဖြစ်သည်။



မက်မန်းမြို့လေးကို ယနေ့တွေ့ရသော မြင်ကွင်း။

**အိမ်ခြေ၊ လူဦးရေနှင့် တိုင်းရင်းသားမျိုးနွယ်စုများ**

မက်မန်းမြို့လေးက သေးငယ်ပါသည်။ မြို့ပေါ်တွင် အမှတ် (၁) နှင့် အမှတ် (၂) ရပ်ကွက် နှစ်ခုသာဖွဲ့စည်းတည်ရှိပြီး အိမ်ခြေ ၇၇ အိမ်၊ အိမ်ထောင်စု ၉၃ စု၊ လူဦးရေအားဖြင့် ၅၀၂ ဦး ရှိနေပါသည်။ အခြားသောကျေးရွာအုပ်စုများမှာ တာကော်လေးအုပ်စု၊ ရောင်အူ "ဝ"အုပ်စု၊ နမ့်တော်အုပ်စု၊ မန်ဝိန်းအုပ်စု၊ ကောင်းလန်းအုပ်စု၊ ဆွတ်ဝိုးအုပ်စု၊ ၄က်ယောင်းအုပ်စု၊ မင်းရန်အောင်အုပ်စု၊ ဝိန်းနောင်အုပ်စု၊ ဝမ်စလောင်းအုပ်စုနှင့် အေးကျန့်အုပ်စုတို့ဖြစ်ကြသည်။ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စု ၁၁ စုအတွင်းရှိ ကျေးရွာပေါင်း ၉၇ ရွာတွင် စုစုပေါင်းလူဦးရေ ၁၉၅၆၆ ဦး နေထိုင်လျက်ရှိသည်။ လွယ်လ၊ လားဟူနှင့် ရှမ်းတိုင်းရင်းသားများ အများဆုံးနေထိုင်ပြီး ဗမာနှင့် ချင်းတိုင်းရင်းသားများလည်းရှိပါသည်။

**နတလ လမ်း/တံတားလုပ်ငန်းများ**

နတလလုပ်ငန်း ကော်မတီအစီအစဉ်ဖြင့် ၁၉၉၂-၁၉၉၃ ဘဏ္ဍာနှစ်တွင် လွယ်ပါ-လွယ်ဟိုလာ မြေလမ်း ၂၅/၀ မိုင်ကို စတင်ဖောက်လုပ်ပေးခဲ့ပါသည်။ ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ဘဏ္ဍာနှစ်အလိုက် ဖောက်လုပ်ပေးခဲ့သော လမ်း/တံတားလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| - နမ့်ကျွတ်- ပန်ကောက်- ရောင်ပန် ကျေးရွာချင်းဆက်မြေလမ်း | ၁၂/၀မိုင် |
| - ဝိန်းနောင်အုပ်စု ပန်ဝေ့- လွယ်ကျန့်- မိုက်ဟုန်းမြေလမ်း | ၃/၀ မိုင် |
| - ရောင်အူ- ရောင်ကွန်မြေလမ်း ၇/၀ မိုင်အနက် ကျောက်ခင်းခြင်း | ၂/၄ မိုင် |
| - မွတ်နိုး- ကောင်းလန်းလမ်းကျောက်ခင်းခြင်း | ၅/၇ မိုင် |
| - မက်မန်းမြို့ပတ်လမ်းကျောက်ခင်းခြင်း | ၂/၄ မိုင် |
| - မက်မန်း-အေးကျန့်- ကန်နလမ်းကျောက်ခင်းခြင်း | ၁၀/၀မိုင် |
| - နမ့်တော်- ရောင်စောင်း-ခိုဟင်မြေလမ်း | ၆/၀ မိုင် |
| - ရောင်အူကြီး- ဝမ်စလောင်းလမ်းကျောက်ခင်းခြင်း | ၅/၀ မိုင် |
| - ကွန်ဟောင်းကြီး- နာကြားလမ်းပေါ်တွင် ပေ ၅၀ ကွန်ကရစ်တံတား | တစ်စင်း |

၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ မက်မန်းဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မြေလမ်း ၅၉/ ၀ မိုင်၊ ကျောက်လမ်း ၃၃/၃ မိုင်၊ ကတ္တရာလမ်း ၂/၀ မိုင်၊ တံတား ၁၀ စင်း၊ Box Culvert အစင်း ၉၀၊ ပညာရေးလုပ်ငန်း ၂၄ ခု၊ ကျန်းမာရေးလုပ်ငန်း ၁၆ ခု၊ သောက်သုံးရေသွယ်ယူခြင်း လုပ်ငန်း တစ်ခု၊ ဆက်သွယ်ရေးလုပ်ငန်း ငါးခု၊ သာသနာရေးလုပ်ငန်း ခြောက်ခု၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ၁၄ ခု၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း တစ်ခုတို့ဖြစ်ပြီး စွမ်းအင်လုပ်ငန်းအတွက် မီးစက်နှင့် ဆိုလာမီးများ ထောက်ပံ့ခြင်းအပါအဝင် စုစုပေါင်းသုံးစွဲငွေ ကျပ် ၅၃၆၅ ဒသမ ၁၃၁ သန်းဖြစ်ပါသည်။

**ပထမအကြိမ်ခရီးစဉ်ထောက်ပံ့မှုများ**

ကျွန်တော်၏ ပထမအကြိမ် မက်မန်းဒေသခရီးစဉ်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းဖြစ်၍ တာဝန်ထမ်းဆောင်ဆဲကာလဖြစ်သည်။ ထိုခရီးစဉ်မှအပြန်တွင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ရာ မက်မန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာအတွက် ဆိုလာမီး ၃၆၆ စုံ၊ ဒေသအတွင်းမှ အထက၊ အလက၊ အလက (ခွဲ)၊ အမကကျောင်းများ စုစုပေါင်း ၃၃ ကျောင်းတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအတွက် ဆိုလာမီး ၅၈ စုံ၊ မင်းရန်အောင်ကျေးရွာအတွက် ဆိုလာမီး ၃၂ စုံ ထောက်ပံ့ပေးခဲ့သည်။ ၎င်းပြင် မင်းရန်အောင်ကျေးရွာဆိုသည်မှာ မော်ဖဒေသ၌ ဗကပအမြစ်ပြတ်ချုပ်ငြိမ်းသွားမှု အမှတ်တရ တည်ပေးထားသော သမိုင်းဝင်ရွာလေးဖြစ်သောကြောင့် ၎င်းရွာတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ခွင့်ပြုတည်ဆောက်ပေးခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရမိသည်။ ၎င်းပြင် မက်မန်းမြို့ မင်းရန်အောင် ဘုရားကုန်းတော်ပေါ်ရှိ ပညာဒီပ ဘုန်းတော်ကြီးကျောင်းတွင် ဆောက်လုပ်ဆဲ နှစ်ထပ်ဓမ္မာရုံအတွက် ငွေကျပ်သန်း ၂၀ လှူဒါန်းပေးခဲ့သည်။ မက်မန်းမြို့လေးကို ပြန်လည်ရောက်ခိုက် မင်းရန်အောင်စေတီတော်ကို ဖူးမြော်ရင်း ပြီးစီးနေပြီဖြစ်သော ဓမ္မာရုံကြီးကိုကြည့်ကာ ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရသည်။

**ရောင်အူကြီးဒေသအတွက် အိပ်မက်လမ်းတစ်သွယ်**

နတလက ဖောက်လုပ်ပေးခဲ့သော ရောင်အူကြီး- ဝမ်စလောင်းလမ်းသည် ဒေသကို အမှန်တကယ်အကျိုးပြုခဲ့ပါသည်။ အကြောင်းမှာ မိုင်းပျဉ်း- မက်မန်းကားလမ်းပေါ်ရှိ အောင်သံလွင်ကျေးရွာမှတစ်ဆင့် ကောင်းကေးသို့ သွားရောက်ပြီး ကောင်းကေး- ရောင်အူကြီး- ဝမ်စလောင်းလမ်းအတိုင်း ၂၃/၀ မိုင် မောင်းနှင်လိုက်ပါက ဝမ်စလောင်းမှတစ်ဆင့် မိုင်းပျဉ်း- မက်မန်းလမ်းပေါ်သို့ ပြန်လည်ရောက်ရှိကာ ကျိုင်းတုံသို့လည်းကောင်း၊ တာကော်- ကွန်ဟိန်း- ခိုလမ်- နမ့်စန်- တောင်ကြီးသို့လည်းကောင်း သွားရောက်နိုင်မည်ဖြစ်သည်။

ဒေသခံတိုင်းရင်းသားများ မျှော်လင့်နေကြသည့် အိပ်မက်လမ်းတစ်သွယ် ရှိနေပါသေးသည်။ ဝိန်းနောင်ကျေးရွာအုပ်စုမှ ကျေးရွာများအနေဖြင့် နမ့်ဟာနူး- မင်းရန်အောင်- ဝိန်းနောင်လမ်းအတိုင်း ဝိန်းနောင်ကူးတို့ဆိပ်ကို ဦးတည်၍ ကား/ဆိုင်ကယ်လမ်း ၁၈ မိုင် ဖောက်လုပ်ထားပြီးဖြစ်ရာ သွားလာရေး အဆင်ပြေနေကြသည်။ ဝိန်းနောင်ကူးတို့ဆိပ်မှ သံလွင်မြစ်ကိုဖြတ်ကူး၍ မိုင်းရှူးဒေသ

*စာမျက်နှာ ၁၇ သို့*

> "မင်းရန်အောင်ကျေးရွာဆိုသည်မှာ မော်ဖဒေသ၌ ဗကပအမြစ်ပြတ်ချုပ်ငြိမ်းသွားမှုအမှတ်တရ တည်ပေးထားသော သမိုင်းဝင်ရွာလေးဖြစ်သောကြောင့် ၎င်းရွာတွင် လာရောက်တာဝန် ထမ်းဆောင်နေကြသော ဆရာ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ခွင့်ပြုတည်ဆောက်ပေးခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရမိသည်"



မက်မန်းမြို့သစ် စတင်တည်ခဲ့စဉ် ၁၉၉၁ ခုနှစ်ကမြင်ကွင်း။

# စော်ကဲမြစ်ကူးတံတားမှသည် ကျွန်းပြဿဒ်နှင့် ကျွန်းကုန်းတံတားဆီသို့

## မော်ကျွန်း – မြင့်အောင်

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းအပေါ်များဆုံးဒေသဖြစ်သည်။ မြစ်ချောင်းများကို ဖြတ်ကျော်၍ မြစ်ကူးတံတားကြီးများ တည်ဆောက်လိုက်သောအခါ လမ်းပန်းဆက်သွယ်ရေး တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်။

ပုသိမ်မြို့သို့ သွားရာတွင် မော်လမြိုင်ကျွန်း-မအူပင်-ပုသိမ် ပထမဆက်သွယ်ရေးလမ်းမကြီးနှင့် မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ-ပုသိမ် ဒုတိယဆက်သွယ်ရေး လမ်းမကြီးဟူ၍ လမ်းနှစ်သွယ်ရှိသည်။

**မြစ်ကူးတံတားသုံးစင်း**

လတ်တလော အသုံးများသည့် ဆက်သွယ်ရေးလမ်းမကြီးမှာ မော်လမြိုင်ကျွန်း – ဝါးခယ်မ – မြောင်းမြ – ပုသိမ် ဒုတိယဆက်သွယ်ရေး လမ်းဖြစ်သည်။ မော်လမြိုင်ကျွန်းမှ ပုသိမ်အထိ ၇၃ မိုင်သာကွာဝေးပြီး အချိန်အားဖြင့် သုံးနာရီသာ သွားရသော ခရီးလမ်းဖြစ်သည်။ ဤမော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ-ပုသိမ် ဒုတိယဆက်သွယ်ရေးလမ်းကြောင်းခရီးစဉ်တွင် အရေးပါသောမြစ်ကူးတံတားသုံးစင်းမှာ စော်ကဲမြစ်ကူးတံတား၊ ကျွန်းပြဿဒ်မြစ်ကူးတံတားနှင့် ကျွန်းကုန်းမြစ်ကူးတံတားတို့ဖြစ်သည်။

ယင်းအရေးပါသည့် စော်ကဲမြစ်ကူးတံတားမှ ကျွန်းပြဿဒ်မြစ်ကူးတံတားအထိ ၅ မိုင် ၄ ဖာလုံ၊ ကျွန်းပြဿဒ်မြစ်ကူးတံတားမှ ဝါးခယ်မမြို့အထိ ၁၁ မိုင် ၁ ဖာလုံ၊ ကျွန်းပြဿဒ်မြစ်ကူးတံတားမှ ပုသိမ်မြို့အထိ ၆၇ မိုင် ၄ ဖာလုံ ကွာဝေးသည်။ ကျွန်းပြဿဒ် မြစ်ကူးတံတားမှ ကားဖြင့် ပုသိမ်မြို့သို့သွားလျှင် နှစ်နာရီခွဲသာ သွားရတော့မည်ဖြစ်သည်။

ယခင် မော်တော်ကားလမ်း မပေါက်မီက မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားပတ်ဝန်းကျင်ကျေးရွာများသည် မော်လမြိုင်ကျွန်းမြို့မှတစ်ဆင့် ပုသိမ်မြို့သို့သွားလျှင် ခုနစ်နာရီခွဲခန့်သွားရသည်။ ကျွန်းပြဿဒ်ပတ်ဝန်းကျင်ကျေးရွာများမှပြည်သူများ မော်လမြိုင်ကျွန်းမှ တစ်ဆင့် ပုသိမ်မြို့သို့သွားလျှင် ရှစ်နာရီခွဲကျော် သွားရသည်။ မော်လမြိုင်ကျွန်း-မအူပင်-ပုသိမ် ပထမဆက်သွယ်ရေးလမ်းကြောင်းဖြစ်သောကြောင့် အချိန်ပိုကြာရခြင်း ဖြစ်သည်။



ကျွန်းပြဿဒ်မြစ်ကူးတံတားကို တွေ့ရစဉ်။

ယခုအခါတွင် စော်ကဲမြစ်ကူးတံတားနှင့် ကျွန်းပြဿဒ်မြစ်ကူးတံတားပေါ်မှ ကျုံမငေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ပုသိမ်မြို့များသို့ တိုက်ရိုက်ဖြတ်ကျော်သွားလာနိုင်ပြီဖြစ်၍ အချိန်တိုတိုဖြင့် လိုရာခရီးသို့ ရောက်ရှိနိုင်ကြပြီဖြစ်သည်။

အဆိုပါ စော်ကဲတံတားနှင့် ကျွန်းပြဿဒ်မြစ်ကူးတံတားတို့နှင့်အတူ အရေးပါသော အခြားမြစ်ကူးတံတားတစ်စင်းမှာ ကျွန်းကုန်းမြစ်ကူးတံတားဖြစ်သည်။ ကျွန်းကုန်းမြစ်ကူးတံတားမှာ မော်လမြိုင်ကျွန်း – ဘိုကလေး – ဖျာပုံ – ဒေးဒရဲ – ကျိုက်လတ်မြို့နယ်များမှ ဒေသခံပြည်သူများ ပုသိမ်မြို့သို့ ခရီးသွားရောက်ရာတွင် အချိန်တိုတိုဖြင့် ဆက်သွယ်သွားလာနိုင်သော ခရီးလမ်းဖြစ်သည်။

အဆိုပါဒေသ ကုန်စည်ရောင်းဝယ်ရေးတွင် အရေးပါသော ကျွန်းကုန်းတံတားသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်က ကျွန်းကုန်းတံတားသစ်ရှေ့၌ ကျင်းပခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ – ဝါးခယ်မမြို့နယ်၊ ဘိုကလေး – မော်လမြိုင်ကျွန်း–ကျုံမငေး–ဝါးခယ်မ–မြောင်းမြလမ်းပေါ်ရှိ ကျွန်းကုန်းတံတားမှာ အရှည်ပေ ၇၈၇ ပေ၊ တံတားအကျယ် ၂၄ ပေ ရှိသည်။

ကျွန်းကုန်းတံတားကို အသုံးပြုခြင်းအားဖြင့် ဝါးခယ်မ–ကျုံမငေး–မော်လမြိုင်ကျွန်း–ဘိုကလေး မြို့များသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ခြင်း၊ ဘိုကလေးမှတစ်ဆင့် ဖျာပုံ–မအူပင်–တွံတေး–ရန်ကုန်မြို့များသို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိလာနိုင်မည့်အပြင် ကျွန်းကုန်းတံတားမှ အိမ်မဲ–ရန်ကုန်သို့လည်းကောင်း၊ မြောင်းမြ–မြင်းကဆိပ်–ပုသိမ်မြို့များသို့ လည်းကောင်း ချိတ်ဆက်သွားလာနိုင်ကြပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတစ်ခွင် နေ့ညမဟူ လိုရာခရီးနှင်နိုင်ကြပြီဖြစ်သည်။ ကျွန်းကုန်းသည် မြို့နယ် ခြောက်မြို့နယ်ဖြစ်သော မြောင်းမြ၊ ဝါးခယ်မ၊ ကျုံမငေး၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံမြို့နယ်တို့၏ အလယ်ဗဟိုတွင် တည်ရှိသည်။

ထို့ပြင် မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းပြဿဒ်တံတားမှ ဝါးခယ်မမြို့အထိ ၁၀ မိုင်၊ ဝါးခယ်မမြို့မှ ကျွန်းကုန်းတံတားအထိ ၁၁ မိုင် ၄ ဖာလုံ၊ ကျွန်းကုန်းတံတားမှ မြောင်းမြမြို့အထိ ၂၂ မိုင် ၂ ဖာလုံနှင့် ကျွန်းကုန်းတံတားမှ ပုသိမ်မြို့အထိ ၃၄ မိုင် ကွာဝေးသည်။ မော်တော်ကားဖြင့်သွားပါက ပုသိမ်မြို့သို့ ၄၅ မိနစ်သာ သွားရမည် ဖြစ်သည်။

**ရွှေရောကမ်းခြေအပန်းဖြေ**

မြစ်ကူးတံတားသုံးစင်း၏ အကျိုးပြုမှုရလဒ်များကြောင့် မော်လမြိုင်ကျွန်းမှ ကျိုက်ပိ–ကျော်ဇံ–ကျိုက်လတ်မြို့များသို့ လည်းကောင်း၊ မော်လမြိုင်ကျွန်းမှ ပင်လယ်ပိုင်း ကဒုံကနိ–ရောကျေးရွာကြီးများသို့ လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနီးရှိ ရွှေရောပင်လယ်ကမ်းခြေ အပန်းဖြေစခန်းသို့လည်းကောင်း နေ့ချင်းပြန် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

မော်လမြိုင်ကျွန်း–လှိုင်းဘုန်း–ပြင်စလူ အဝေးပြေးလမ်းမကြီးကို ဖောက်လုပ်ခဲ့ရာ မြေသားလမ်းလုံးဝပြီးစီးသွားပြီဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတား၊ ကျွန်းပြဿဒ်မြစ်ကူးတံတားနှင့် ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြစ်ကူးတံတားသုံးစင်းအား ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ မြစ်ကူးတံတားကြီးများပေါ်မှ ပြည်သူများနှင့် မော်တော်ယာဉ်မျိုးစုံအလွယ်တကူ ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို မြန်မာပြည်သူတို့ ခံစားနေကြရပြီ ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကအရေးပါသော မော်လမြိုင်ကျွန်းမြို့နယ် "စော်ကဲမြစ်ကူးတံတားမှသည် ကျွန်းပြဿဒ်နှင့် ကျွန်းကုန်းတံတားဆီသို့" ချိတ်ဆက်သွားလာအကျိုးပြုမှုရလဒ်များကြောင့် "မော်လမြိုင်ကျွန်း – ဝါးခယ်မ – မြောင်းမြ–ပုသိမ် ဒုတိယဆက်သွယ်ရေးလမ်းကြောင်းသည် အချိန်တိုတိုဖြင့် ပြည်သူများ လိုရာခရီးကို စိတ်ချမ်းမြေ့စွာသွားလာနိုင်ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

*စာမျက်နှာ ၁၆ မှ*

ဘက်သို့ ခရီးဆက်နိုင်ကြသည်။ ထိုကဲ့သို့ပင် ရောင်အူကြီးကျေးရွာအုပ်စုမှ ကျေးရွာများအနေဖြင့် အနောက်ဘက် သံလွင်မြစ်အထိ သွားနိုင်မည့် ကားလမ်းတစ်သွယ်ကို မျှော်လင့်စောင့်စားနေကြသည်။ လောလောဆယ်အနေအထားတွင် ရောင်အူ– ပန်ဝေ့၊– ဝိန်းပေါ်– ပန်သော– ဝမ်ပန်းကူးတို့ဆိပ်ထိ ဆိုင်ကယ်များနှင့် သွားလာနေကြသည်။ ကားလမ်းမရှိသေးပါ၊ ခန့်မှန်းအကွာအဝေး ၁၂ မိုင်ခန့်ရှိကြောင်း၊ ခဲရာခဲဆစ် ဖြတ်ကူးရမည့် ချောင်းကြီး ချောင်းငယ် မရှိကြောင်းလည်း သိရသည်။ ဤလမ်းသည် ရောင်အူကြီး ဒေသခံတိုင်းရင်းသားများအတွက် အိပ်မက်လမ်းတစ်သွယ်ဖြစ်နေပါလိမ့်မည်။ တစ်ချိန်ချိန် အကောင်အထည်ပေါ်လာတန်ကောင်းရဲ့ဟု ယုံကြည်ထားပါသည်။

**မျှော်လင့်ချက်အိပ်မက်များပြည့်ပါစေ**

မက်မန်းမြို့ရောက်ဝန်ထမ်းများနှင့် မြို့နေလူထု၏ နောက်ထပ်အိပ်မက်တစ်ခုမှာ မြို့၏ အရှေ့တောင်ဘက် မက်မန်း– အေးကျန့်လမ်းမှ



မက်မန်းမြို့အနီးမှ အေးကျန့်ရွာ။

လေးမိုင်ခန့်အကွာ နမ့်နန်းချောင်းရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေး အိပ်မက်ပဲ ဖြစ်ပါသည်။ အဖွဲ့ဖွဲ့၍ သွားရောက်ကွင်းဆင်းစစ်ဆေးတိုင်းတာချက်များအရ ၃၀၀ ကီလိုဝပ်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ ရေအားလျှပ်စစ်ထုတ်ယူရန် ငွေကျပ် ၁၆၈၀ ဒသမ ၅ သန်းခန့် ကုန်ကျမည်။ မက်မန်းမြို့အပါအဝင် ကွန်ဟောင်း၊ မွတ်နိုး၊ ပါလောင်း၊ အေးကျန့်ရွာလေးရွာ၊ နယ်ခြားစောင့်တပ်ရင်းအပါအဝင် အိမ်ခြေ ၇၀၀ ခန့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ ၁၉၈၉–၁၉၉၀ မတိုင်မီ အချိန်ကာလများက လျှပ်စစ်မီးမရှိသော၊ မမြင်ဖူးသော၊ ဈေးကြီးလွန်း၍ ဖယောင်းတိုင်၊ ရေနံဆီမီးခွက်ကိုပင် မှန်မှန်မသုံးနိုင်အောင် ဆင်းရဲတွင်းနက်ခဲ့သည့် မော်ဖဒေသ၊ ထိုမှ ၁၉၈၉–၁၉၉၀ နောက်ပိုင်း မီးစက်များရောက်လာပြီး မီးအလင်းရောင်ကို အချိန်ပိုင်းနှင့် သုံးခွင့်ရလာသော မော်ဖဒေသ။ ယနေ့အချိန်ထိလည်း မီးစက်မီးဖြင့် အချိန်ပိုင်း မီးလင်းအောင် နှစ်ပါးသွားနေရဆဲ၊ ကြိုးစားရုန်းကန်နေကြရဆဲ။

အိပ်မက်မက်ခွင့်ရှိပါသည်။ အရာရာကို မျှော်လင့်ခွင့်ရှိပါသည်။ ကျွန်တော်ချစ်သော မော်ဖဒေသနေ တိုင်းရင်းသားအားလုံး အိပ်မက်များဖြင့် ထာဝစဉ်ရှင်သန်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ လိုက်ရပါသည်။ ။

# ကောလင်းမြို့ မြောက်အင်းရပ်ကွက်အတွင်းရှိ စာသင်ကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက ဆင်ခြင်တုံတရားမဲ့စွာ ဒေသန္တရလက်လုပ်ရီမုမိုင်းဖြင့် ဖောက်ခွဲ၊ ၄၀ မမ ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြောက်အင်းရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(မြောက်အင်း)၏ မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ထားကြောင်း သိရှိရသဖြင့် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ် ရီမုမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး စာသင်ကျောင်းဝင်းအတွင်းသို့လည်း ၄၀ မမ ဗုံးသီးများဖြင့် ပစ်ခတ်ခဲ့သည်။

ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အခြေခံပညာ အလယ်တန်းကျောင်း (မြောက်အင်း)၏ တန်းစီကွင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အဆောက်အအုံများ ထိခိုက်ဒဏ်ရာ၊ ပျက်စီးမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရှိရသည်။

NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များနှင့် Human Resources (HR) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဆောင်ရွက်လျက်ရှိသည့် လူငယ်များ၏ ကြိုးစားအားထုတ်မှုများအပေါ် မနာလို မရှုဆိတ်များဖြင့် ယုတ်မာပက်စက်သော အကြံဉာဏ်ဖြင့် ဖျက်လိုဖျက်ဆီး ပြုလုပ်ခဲ့ကြောင်းကို တွေ့ရှိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ယခုကဲ့သို့ ဖြစ်စဉ်မဖြစ်ပွားစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို အထူးဆောင်ရွက်လျက်ရှိပြီး အထက်ပါ အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား ရှာဖွေဖော်ထုတ် ချေမှုန်း၊ သုတ်သင်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



ကောလင်းမြို့ အလက(မြောက်အင်း)သို့ အကြမ်းဖက်သမားများမှ နှောင့်ယှက်ပစ်ခတ်သည့် နေရာပြပုံ

# တရားမဝင် သစ်မျိုးစုံနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် NISSAN DISSEL အမျိုးအစား ၁၀ ဘီး တွဲခေါင်းယာဉ်နှင့် ၁၆ ဘီး နောက်တွဲယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)** နှင့် (လိုင်စင်မဲ့) TOYOTA CALDING အမျိုးအစား မော်တော်ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀)**ကို လည်းကောင်း၊ ရွှေဘိုမြို့နယ်အတွင်း Shayan 125 အမျိုးအစား (လိုင်စင်မဲ့) ဆိုင်ကယ်တစ်စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀)**အားလည်းကောင်း စုစုပေါင်း **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ (၅ ဒသမ ၄၄၉၂)တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၅)မှု၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၈၈၀၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# ဖားကန့်၊ မိုးမိတ်နှင့် တန့်ယန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက် မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိပ်မူကျေးရွာတွင် အောင်မိုင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈,၃၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု ရွှေဇာလီကျေးရွာအနီး မိုးမိတ်-မဘိမ်းသွားကားလမ်းတွင် ကျော်မင်း(ခ)ဗလ မောင်းနှင်လာသည့် AlPHARD အမျိုးအစား မော်တော်ယာဉ်နှင့် သူရအောင် မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစားမော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ AlPHARD အမျိုးအစားမော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုနှင့် TOYOTA WISH အမျိုးအစားမော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၁ ဒသမ ၃၂ ကီလိုတို့ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်နေ မအေးကြင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**





# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု လိုက်လံကြည့်ရှု

မန္တလေး မေ ၂

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်တို့နှင့်အတူ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာန၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ယနေ့ နံနက်ပိုင်းက လိုက်လံကြည့်ရှုသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးစန်းအောင်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာနှင့် တာဝန်ရှိ သူများက စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေး ထားမှုအခြေအနေများကို ရှင်းလင်းပြသကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မတ် ၃၁ ရက်မှစတင်၍ သက်ဆိုင်ရာစာစစ်ဌာနများ၌ ကျင်းပလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၃၉ ခု ၌ စာရင်းရှိ ၃၇၂၃၅ ဦးတွင် ယနေ့ ဖြေဆိုသူ ၃၃၄၅၉ ဦး (၈၉ ဒသမ ၈၆ ရာခိုင်နှုန်း) ရှိကြောင်း၊ စာမေးပွဲမဖြေဆိုမီ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နှာခေါင်းစည်းများ တပ်ဆင်လာစေခြင်း၊ အပူချိန်တိုင်းတာခြင်း၊ စာမေးပွဲ ဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးပေးခြင်းများ ကို ဆရာ ဆရာမများက စနစ်တကျစစ်ဆေးခြင်း များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းဝင်း အတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင် များနှင့် မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ် ဖြေဆိုပြီး ကျောင်းဝင်း အတွင်းမှ ပြန်လည်ထွက်ခွာလာကြစဉ်။

လင်းလတ်ဇော်(MNA)



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာကို ကျောင်းသား ကျောင်းသူ ၁၄၄၄ ဦး မေ ၂ ရက်က ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၁၄၇ ဦး တတိယနေ့ သင်္ချာဘာသာရပ်ကို မေ ၂ ရက်က အေးချမ်းစွာဆက်လက်ဖြေဆိုစဉ်။

အေးအေးနွဲ့(ပြန်/ဆက်)



မိုင်းရယ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၅၈ ဦး မေ ၂ ရက်က အေးချမ်းစွာဖြေဆိုစဉ်။

ကျော်ဇင်ထိုက်



ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ စာစစ်ဌာန ၃၅ ခု၌ တတိယနေ့ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၈၅၃၃ ဦး မေ ၂ ရက်က အေးချမ်းစွာ ဖြေဆိုစဉ်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အ.ထ.က (၂)ကျောင်း၌ တတိယနေ့ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၁၆ ဦး မေ ၂ ရက်က အေးချမ်းစွာ ဖြေဆိုစဉ်။

ချယ်ရီမြေ(မူဆယ်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စာစစ်ဌာနလေးခု၌ တတိယနေ့ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၇၀၈ ဦး မေ ၂ ရက်က ဝင်ရောက်ဖြေဆိုစဉ်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)



ရမ်းဗြဲမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန ၁၀ ခုတွင် သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၂၀၂၈ ဦး မေ ၂ ရက် က အေးချမ်းစွာ ဖြေဆိုစဉ်။

အောင်နိုင်(ပြန်/ဆက်)



ဘုတ်ပြင်... 

ဘူးသီးတောင်မြို့နယ်တွင် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာကို မေ ၂ ရက်က မြို့နယ် အတွင်းရှိ စာစစ်ဌာနငါးခု၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၃ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုစဉ်။ လှကျော်(ပြန်/ဆက်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၂/ခ) ရပ်ကွက်ရှိ ပန်းခြံကုန်းကျောင်းတိုက်၊ ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်ရှိ ပုညာရာမကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ကျောင်းတောင်တောရကျောင်းတိုက်၊ ပဓာနိကာရာမကျောင်းတိုက်၊ ပုသိမ်မြို့ရှိအောင်မင်္ဂလာကျောင်း ပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တွိတဲဘုန်းတော်ကြီးကျောင်း၊ အမ်းမြို့ရှိဓမ္မသုခဝိပဿနာဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာရှိ ဖလံကျင်းဘုန်းတော်ကြီးကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ ဘုရားကြီး ရပ်ကွက်ရှိ မဟာထူပါရုံပရိယတ္တိစာသင်တိုက်တို့မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဧပြီ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဝဲကြီးကျောင်းတိုက်သို့လည်းကောင်း (ယာပုံ)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ပိန္နဲကုန်းကျောင်းတိုက် သို့လည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ ဆေးဝင်္ကဘာစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုဒ္ဓါရာမစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ မြစိမ်းရောင်စာသင်တိုက်သို့



လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



ဆောင်ရွက်ပြီးစီးနေသော ကျေးလက်မြေသားလမ်းခင်းခြင်းလုပ်ငန်းတစ်ခု။

**ကျောက်ဖြူ ဧပြီ ၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျောက်ဖြူမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၅၉၁ ဒသမ ၂၀၆ သန်းဖြင့် မြေသားလမ်းနှစ်မိုင် ခြောက်ဖာလုံ၊ ကျောက်လမ်း ငါးဖာလုံ၊ ရေထုတ်ပြွန်တံတား ငါးစင်း၊ ပိုက်ပြွန်တံတား ရှစ်စင်း၊ ရေကန်တစ်ကန်၊ တန်ဖိုးနည်း အိမ်ရာငါးလုံးနှင့် ပညာရေးလုပ်ငန်းတစ်ခုတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကိုထွန်း**

# ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာ မဟာဝိဇိတာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တရေဝတာလင်္ကာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါအရ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ (၃၀-၃-၂၀၂၂) ဗုဒ္ဓဟူးနေ့၊ နံနက် ၂:၃၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၇-၄-၂၀၂၂) ကြာသပတေးနေ့တွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာ မဟာဝိဇိတာရာမစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တရေဝတာလင်္ကာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇီးပင်ဝဲရွာလေးတွင် ခမည်းတော် ဦးဘိုးသန်း+မယ်တော်ဒေါ်ဖွားစိန်တို့မှ ၁၃၀၄ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသောသားရတနာ ဖြစ်သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် လှည်းကူးမြို့နယ် ဇီးပင်ဝဲကျေးရွာ ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့တွင် လှည်းကူး မြို့နယ်၊ ပိုက်ကြီးဝဲကျေးရွာ၊ အရှေ့ကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပညာသာရကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်သောင်း+ဒေါ်ခင်လှတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးမြို့ မြို့မကျောင်းဆရာတော်၊ ရွှေတောင်ဆရာတော်၊ ကြခတ်ဝိုင်းဆရာတော်၊ ပဲခူးမြို့နယ် ဇလေးရွာပညာလင်္ကာရကျောင်းဆရာတော်၊ မြောင်းမြမြို့ ပဋ္ဌာနတာရုံပါဠိတက္ကသိုလ်ဆရာတော်များနှင့် အိန္ဒိယနိုင်ငံ မာဂဓတက္ကသိုလ်တို့မှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ ပါရဂူဘွဲ့ (အိန္ဒိယ) တို့ကို ရရှိတော်မူခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာ မဟာဝိဇိတာရာမစာသင်တိုက်၌ စာသင်သားရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ပျူသုတေသနဆိုင်ရာကျမ်းစာနှင့် အခြားဘာသာရေးကျမ်းစာများ ရေးသားပြုစုတော်မူခဲ့ခြင်း၊ မြို့နယ်အတွင်း ယဉ်ကျေးလိမ္မာသင်တန်း၊ ဓမ္မစကူးလ်သင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချပေးတော်မူခဲ့ခြင်း၊ သုတေသနဆိုင်ရာ မြို့နယ်သမိုင်းပြတိုက်နှင့် စာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

### . ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဧရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၆၈-ခုနှစ်တွင် “အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ” ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါအရ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ (၃၀-၃-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၂:၃၃ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၇-၄-၂၀၂၂)၊ ကြာသပတေးနေ့တွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# သီးနှံစိုက်ပျိုးရေးတွင် သဘာဝမြေဩဇာ၊ သစ်စိမ်းနှင့် ဇီဝမြေဩဇာများ၏ အရေးပါမှုအခန်းကဏ္ဍ (၃)

ဒေါက်တာနိုင်ကြည်ဝင်း(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)



တင်လဲရည်


နုပ်နုပ်စဉ်းထားသော ငါးအရိုးစုံ



ငါးအမိုင်နိုအားဆေးရည်

*(ယခင်အပတ်မှအဆက်)*

**အီးအမ်ဘိုကာရှီ (EM Bokashi)**

အီးအမ် (EM) ဆိုသည်မှာ အကျိုးပြုအဏုဇီဝ (Effective Micro-organism)များဖြစ်ပြီး သဘာဝတွင်ရှိနေသော Latic acid bacteria, Yeast, Photosynthesis bacteria, Actinomycetes နှင့် Fermenting Fungi များပါဝင်သော အရည်ဖြစ်ပါသည်။ ဘိုကာရှီဆိုသည်မှာ ဂျပန်ဝေါဟာရတစ်ခုဖြစ်ပြီး အီးအမ်ထည့်ပေးထားသော အော်ဂဲနစ်ပွားစာ EM inoculated organic source ဖြစ်ပါသည်။

အီးအမ်ဖျော်ရည်အပြင်း၊ တင်လဲရည်နှင့် ရေရိုးရိုးတို့ကို ၁:၄:၉၅ အချိုးအတိုင်းရော၍ အဖုံးပါသော ဖန်ပုလင်း သို့မဟုတ် ပလတ်စတစ်ဘူးတွင်ထည့်ကာ အဖုံးလုံအောင်ပြန်ပိတ်ပြီး မှောင်သောနေရာတွင်ထားပါ။ နေ့စဉ် ပုလင်းကိုလှုပ်၍ အတွင်းမှ ဓာတ်ငွေ့များကို ဖွင့်ထုတ်၍ ပထမဖျော်ရည်အရောင်သည် အညိုရင့်ဖြစ်နေရာမှ တစ်ပတ်ခန့်ကြာလျှင် ကြံရည်ရောင်ပြောင်းသွားပြီး အနံ့မှာလည်း ချိုချဉ်နံ့မျိုး ရလာပါက သုံးစွဲနိုင်သည့် အသင့်သုံးအီးအမ်ကို ရရှိပြီဖြစ်ပါသည်။ ယခုအခါတွင် ထိုအသင့်သုံးအီးအမ်ကို ဈေးကွက်များတွင် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ပါသည်။ အသင့်သုံး အီးအမ်ကို သုံးစွဲသောအခါ အသင့်သုံးအီးအမ်ဖျော်ရည်၊ သကာရည်နှင့် ရေရိုးရိုးတို့ကို ၁: ၁: ၁၈ အချိုးအတိုင်း ရောရပါမည်။

ဖွဲနုအခြေခံသည့် အီးအမ်ဘိုကာရှီအတွက် စပါးခွံ၊ လွှစာ၊ ပဲမှော်၊ ကောက်ရိုးမှုန့် စသည်တို့ကို သုံးစွဲနိုင်ပြီး ၎င်းတို့အနက် လွှစာဘိုကာရှီသည် အနံ့အသက်ဖယ်ရှားရာတွင် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ လွှစာဘိုကာရှီပြုလုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းပစ္စည်းများဖြစ်သည့် လွှစာ၊ ဖွဲနု၊ ကြက်ချေးတို့ကို ၃:၆:၁ နှုန်းဖြင့် သမအောင်ရောနယ်ပေးရပါမည်။ ၎င်းအပေါ်မှ အသင့်သုံးအီးအမ်ကို အစိုဓာတ် ၃၀ ရာခိုင်နှုန်းခန့် ဖြစ်လာသည်အထိ ဖျန်းပေး၍ သမအောင် မွှေပေးရပါမည်။ ကုန်ကြမ်းပစ္စည်း နှစ်တင်းလျှင် အသင့်သုံး အီးအမ်အရည် နှစ်ဂါလန်မှ နှစ်ဂါလန်ခွဲခန့် လိုအပ်ပါသည်။ ရောစပ်ပြီးသော ပစ္စည်းအားလုံးကို အဖုံးပါသော ပလတ်စတစ်ပုံး သို့မဟုတ် အတွင်းမှ လေလုံပလတ်စတစ်တစ်ထပ်ခံထားသော ပီနံအိတ်အတွင်းသို့ ဖိသိပ်ထည့်၍ လေလုံအောင်ကြိုးဖြင့်စည်းကာ နေရောင်တိုက်ရိုက်မထိသော နေရာတွင် ၇-၁၀ ရက်ခန့် ထားရမည်။ ဤသို့ထားစဉ် လေလုံအောင် အဖုံးဖုံးခြင်း၊ ကြိုးဖြင့် သေချာစွာချည်ထားခြင်းတို့ကို ဂရုပြုရမည်။ ထိုဘိုကာရှီကို လေသလပ်အခြောက်ခံထားပြီး သုံးလကြာသည်အထိ အာနိသင်မပျက် အသုံးပြုနိုင်ပါသည်။

အီးအမ်ဘိုကာရှီအမှိုက်ပုံးကို ပြုလုပ်ရာတွင် သင့်တင့်သောအရွယ်အစားရှိသည့် ပလတ်စတစ်ပုံး၌ အောက်ခြေမှ တစ်လက်မအမြင့်တွင် ပလတ်စတစ်ရေပိုက်ခေါင်း တပ်ဆင်ပြီး ပုံး၏အတွင်းပိုင်း အောက်ခြေတွင် အရွယ်တူ ဆန်ခါခုံးကိုမှောက်၍ ထည့်ပေးခြင်းအားဖြင့် မိသားစုသုံး ပလတ်စတစ်အမှိုက်ပုံးကို ရရှိပါသည်။ ပုံးထဲသို့ မီးဖိုချောင်မှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများထည့်ပြီးတိုင်း ဖိသိပ်ပေးပါ။ အပေါ်မှ လွှစာဘိုကာရှီ အခြောက်မှုန့် လက်တစ်ဆုပ်ခန့် ဖြူးထည့်ပေးပါ။ အပေါ်မှ အမှိုက်ပုံး၏အဖုံး ပြန်ဖုံးထားပါ။ စားကြွင်းစားကျန်နှင့် စွန့်ပစ်ပစ္စည်းများတွင် ရေများလွန်းပါက ရေစစ်ပြီးမှ ထည့်ပါ။ စွန့်ပစ်ပစ္စည်းများထည့်နေစဉ်နှင့် ပုံးပြည့်ပြီးနောက်ပိုင်း ပုံးအောက်ခြေရှိ ရေပိုက်ခေါင်းမှတစ်ဆင့် အရည်များဖွင့်ချပေးပါ။ နေ့စဉ်ဖွင့်ချသော ထိုအပုပ်ရည်များကိုလည်း ထိုအရည်တစ်ဆလျှင် ရေအဆ ၁၀၀ နှင့် ထပ်မံရောပြီး မိမိတို့အိမ်ရှိ စိုက်ခင်း၊ ပန်းခင်းများကို အရွက်ပေါ်မှ ဖျန်းပေးခြင်းဖြင့် အပင်ကြီးထွားမှု ကောင်းမွန်စေပါသည်။ အမှိုက်ပုံး ပြည့်သွားလျှင် အဖုံးလုံအောင်ပိတ်ထားသော အခြေအနေတွင် တစ်ပတ်ခန့်ဆက်ထားပြီး ပုံးအတွင်းမှ အချဉ်ဖောက်ထားသော အဖတ်များကို မြေဆွေးပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။

မီးဖိုဆောင်မှထွက်ရှိသော စားကြွင်းစားကျန်များမှ အပုပ်နံ့ကင်းပြီး ယင်ကောင်မလာသဖြင့် မိမိ မိသားစုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း၊ မိမိအိမ်ထောင်စုအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ပန်းအလှပင်၊ သီးပင်စားပင် ဟင်းသီးဟင်းရွက်များအတွက် ဖျန်းရန်၊ မြေဩဇာအရည်နှင့် ထည့်ပေးရန် မြေဆွေးများ ပုံမှန်ရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

ကောက်ရိုး အီးအမ်ဘိုကာရှီမြေဆွေးကို ကောက်ရိုးနှင့် အသင့်သုံး အီးအမ် အသုံးပြု၍ ပြုလုပ်နိုင်ပါသည်။ ပြုလုပ်ရာတွင် ပထမဦးစွာ အလျား ခြောက်ပေ၊ အနံ သုံးပေ၊ ထု ခြောက်လက်မရှိ ကောက်ရိုးတစ်လွှာစာအတွက် အီးအမ် ၁၅၀ စီစီကို ရေ လီတာ ၄၀ ဖြင့် ရောပါ။ ကောက်ရိုးကို ဖျော်ရည်ထဲတွင်နှစ်ပြီးမှ ညီညာစွာဖြန့်ခင်းပါ။ နွားချေးသုံးပြည်၊ ဖွဲနု သုံးပြည်နှင့် ထုံး တစ်ပြည်တို့ကို သမအောင်ရော၍ ကောက်ရိုးလွှာပေါ်တွင် ညီညာစွာဖြန့်ဖြူးပါ။ ထိုကဲ့သို့ အလွှာ ခြောက်လွှာရအောင် လုပ်ပြီးမှ ပလတ်စတစ်အုပ်ပါ။ သင့်တင့်သော အပူချိန် (မြေဆွေးပုံထဲသို့ လက်ထိုးကြည့်လျှင် နွေးနေသောအခြေအနေ) နှင့် စိုထိုင်းဆရှိနေစေရန် နေ့စဉ်ရေလောင်းပေးပြီး ပလတ်စတစ်ဖြင့် လုံအောင်ပြန်အုပ်ထားပါ။ ၁-၂ ပတ်ခန့်ကြာလျှင် အထက်အောက်လှန်ပေးပြီး ပလတ်စတစ်ဖြင့် ပြန်အုပ်ပါ။ သုံးပတ်ခန့်ကြာလျှင် အသုံးပြုနိုင်သော ကောက်ရိုး အီးအမ်ဘိုကာရှီမြေဆွေး ရရှိပါမည်။

သီးနှံစိုက်ခင်း တစ်ဧကအတွက် အဆိုပါ ကောက်ရိုး အီးအမ်ဘိုကာရှီမြေဆွေးပုံ ၅-၆ ပုံခန့် ထည့်သွင်းအသုံးပြုရပါမည်။ ကောက်ရိုး အီးအမ်ဘိုကာရှီကို အသုံးပြုခြင်းဖြင့် မြေသားဖွဲ့စည်းမှုကို ပိုမိုကောင်းမွန်စေပြီး ထည့်သွင်းပေးသော ဓာတ်မြေဩဇာများကို အပင်မှ အကျိုးရှိစွာ ပိုမိုအသုံးပြုနိုင်ပါသည်။ မြေတွင် သစ်ဆွေးဓာတ်များ တိုးတက်လာစေပြီး မြေဆီဩဇာ ပြန်လည်ထက်သန်လာစေနိုင်ပါသည်။

**ငါးအမိုင်နိုရွက်ဖျန်းအားဆေးရည်**

ငါးအမိုင်နိုရွက်ဖျန်းအားဆေးရည်ဆိုသည်မှာ ငါးအရိုးစုံ၊ တင်လဲရည်နှင့် ရေတို့ ရောစပ်ထားသော အားဆေးရည်ဖြစ်သည်။ ငါးအမိုင်နိုရွက်ဖျန်းအားဆေးရည် ပြုလုပ်မည်ဆိုပါက ငါးအရိုးစုံ နှစ်ပိဿာကို နုပ်နုပ်စဉ်းပြီး တင်လဲရည် နှစ်လီတာနှင့် ရေခြောက်လီတာတို့ဖြင့် ရောစပ်၍ သမအောင် ရောမွှေရပါမည်။ ယင်းနောက် အဝတ်ပါးပါးဖြင့် ဖုံးအုပ်ပေးပြီး အေးမြသောနေရာတွင်ထား၍ တစ်နေ့ တစ်ကြိမ် မွှေပေးရပါမည်။ တစ်လကြာလျှင် အဖတ်များကို ရေစစ်ဖြင့်စစ်ပြီး စစ်ထုတ်ရည်ကို စတင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ စစ်ထားသော အရည်များကို သုံးလအတွင်း သုံးစွဲရပါမည်။

သုံးစွဲပုံမှာ သီးနှံများစိုက်ခါစတွင် အားဆေးရည် ၃၀ စီစီနှင့် ရေတစ်ဂါလန် ရောစပ်၍ နှစ်ရက်ခြားတစ်ခါ ဖျန်းပေးရပါမည်။ စိုက်ပြီး ခုနစ်ရက်သားတွင် ဆေးရည် ၆၀ စီစီနှင့် ရေတစ်ဂါလန် ရောစပ်၍ ဖျန်းရမည်ဖြစ်ပြီး အပင်အခြေအနေပေါ်မူတည်၍ အဆတိုးဖျန်းပေးရန် လိုအပ်ပါသည်။ အားဆေးရည် အာနိသင်ပိုမိုကောင်းမွန်စေရန် မနက်နေထွက်ချိန်တွင် ဆေးဖျန်းအသုံးပြုသင့်ပါသည်။

ငါးအမိုင်နိုအားဆေးရည်ကို အသုံးပြုခြင်းဖြင့် သီးနှံပင်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်စေပါသည်။ ဓာတုရွက်ဖျန်းအားဆေးများ သုံးစွဲမှုကို လျှော့ချနိုင်ခြင်းကြောင့် ကုန်ကျစရိတ် သက်သာစေပါသည်။

## လက်တွေ့ အသုံးချနိုင်ရန်

တောင်သူလယ်သမား အများစုသည် မိမိတို့ သီးနှံစိုက်ခင်းများအတွက် အသုံးပြုရန်လိုအပ်သော အဓိကသွင်းအားစုတစ်ခုဖြစ်သည့် ဓာတ်မြေဩဇာများကို ကိုဗစ်-၁၉ ရောဂါအခြေအနေအရ လိုအပ်သည့်အချိန်တွင် လိုအပ်သော အမျိုးအစားနှင့် ပမာဏ ဝယ်ယူရန်ခက်ခဲမှု ရှိလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရန် ခက်ခဲမှုကြောင့် ဓာတ်မြေဩဇာဈေးနှုန်းများ ကြီးမြင့်လာနိုင်ခြင်း၊ အချိန်မီသုံးစွဲရန် အဟန့်အတားဖြစ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့အပြင် နှစ်ပေါင်းများစွာ သုံးစွဲလာသော ဓာတုသွင်းအားစုများကြောင့် ပျက်စီးယိုယွင်းလာသော မြေဆီလွှာ ဂုဏ်သတ္တိများကို ပြန်လည်ကောင်းမွန်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့နည်းစေရန်အတွက် ဓာတုမြေဩဇာများအစား သဘာဝ မြေဩဇာများ၊ သစ်စိမ်းမြေဩဇာများ၊ ဇီဝမြေဩဇာများကို အစားထိုးအသုံးပြုရန် လိုအပ်လာပြီဖြစ်ပါသည်။ သို့ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော သုတေသနတွေ့ရှိချက်များကို အခြေခံ၍ သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာနှင့် ဇီဝမြေဩဇာများကို တောင်သူလယ်သမား ဦးကြီးများ လက်တွေ့အသုံးချနိုင်ရန် မျှော်မှန်း၍ သတင်းကောင်းပါးလိုက်ရပါသည်။ ။

- **တောင်သူလယ်သမား အများစုသည် မိမိတို့ သီးနှံစိုက်ခင်းများအတွက် အသုံးပြုရန်လိုအပ်သော အဓိကသွင်းအားစုတစ်ခုဖြစ်သည့် ဓာတ်မြေဩဇာများကို ကိုဗစ်-၁၉ ရောဂါအခြေအနေအရ လိုအပ်သည့်အချိန်တွင် လိုအပ်သောအမျိုးအစားနှင့် ပမာဏဝယ်ယူရန်ခက်ခဲမှု ရှိလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရန် ခက်ခဲမှုကြောင့် ဓာတ်မြေဩဇာဈေးနှုန်းများ ကြီးမြင့်လာနိုင်ခြင်း၊ အချိန်မီသုံးစွဲရန် အဟန့်အတားဖြစ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်**
- **ထို့အပြင် နှစ်ပေါင်းများစွာ သုံးစွဲလာသော ဓာတုသွင်းအားစုများကြောင့် ပျက်စီးယိုယွင်းလာသော မြေဆီလွှာ ဂုဏ်သတ္တိများကို ပြန်လည်ကောင်းမွန်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့နည်းစေရန် အတွက် ဓာတုမြေဩဇာများအစား သဘာဝမြေဩဇာများ၊ သစ်စိမ်းမြေဩဇာများ၊ ဇီဝမြေဩဇာများကို အစားထိုးအသုံးပြုရန် လိုအပ်လာပြီဖြစ်ပါသည်**

# မတ်ပဲနှင့်ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၃ မတ်လကုန်အထိ အိန္ဒိယသက်တမ်းတစ်နှစ်တိုးမြှင့်

**နေပြည်တော် ဧပြီ ၂**

အိန္ဒိယနိုင်ငံဘက်မှ မတ်ပဲနှင့်ပဲစင်းငုံ လွတ်လပ်စွာ တင်သွင်းခွင့်ကို ၂၀၂၃ ခုနှစ် မတ်လကုန်အထိ သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်လိုက်ကြောင်း ကြေညာချက်ကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ် ၂၉ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံဘက်မှ ပဲတင်သွင်းသူ ကုန်သည်များအနေဖြင့် ပဲစင်းငုံနှင့် မတ်ပဲ ပမာဏအကန့်အသတ်မရှိ တင်သွင်းနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အိန္ဒိယနိုင်ငံက ပဲစင်းငုံနှင့် မတ်ပဲ တင်သွင်းခွင့်ထပ်တိုးလိုက်သည့်အတွက် ပြည်တွင်းမတ်ပဲဈေးကွက် အနည်းငယ် ပြန်အေးနိုင်သည်ဟု ကုန်သည်များက သုံးသပ်ကြသည်။

သို့သော်လည်း မတ်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအရ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ – ၁၅၀၀၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိခဲ့သဖြင့် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ – ၅၀၀၀၀ ဝန်းကျင်ရှိကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်ပေါက်ဈေးများအရ သိရသည်။ အလားတူ ပဲစင်းငုံနီ(အသစ်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၁၀၀၀ မှ ၁၃၂၀၀၀၊ ပဲစင်းငုံဖြူ (အသစ်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ မှ ၁၂၉၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းက ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ မှ ၁၀၅၀၀၀ အထိသာ ရှိခဲ့သော်လည်း ယခုလက်ရှိ ပဲစင်းငုံ ဈေးကွက်မှာ ပိုမိုကောင်းမွန်လျက်ရှိကြောင်း ရတနာပုံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့-မန္တလေး၏ မှတ်တမ်းအရ သိရသည်။

ပဲမျိုးစုံတင်ပို့မှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် ဇွန် ၁၈ ရက်က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့သည့် မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ နှစ်စဉ် မတ်ပဲ တန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံ တန်ချိန် တစ်သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လအတွင်း) နောင် ဘဏ္ဍာနှစ် ငါးနှစ်အထိ ဆက်လက်တင်ပို့ခွင့် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ရှိ မတ်ပဲစိုက်ခင်းတစ်ခုကိုတွေ့ရစဉ်။ (ဓာတ်ပုံ- DOCA)

မြန်မာနိုင်ငံမှ အဓိကပို့ကုန်တစ်မယ်ဖြစ်သည့် ပဲမျိုးစုံ ပြည်ပသို့တင်ပို့မှုအနေဖြင့် ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၁၀-၂၀၂၁ မှ ၁၈-၃-၂၀၂၂ ရက်အထိ) ကာလအတွင်း ပင်လယ်ရေကြောင်းမှ ၃၉၄၃၅၂ ဒသမ ၃၇၄ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၆၈၂ ဒသမ ၇၀၈ သန်း)၊ နယ်စပ်မှ ၅၅၆၁၃၈ ဒသမ ၄၉၄ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၀၁ သန်း) စုစုပေါင်း ၉၅၀၄၉၀ ဒသမ ၈၆၈ တန် (တန်ဖိုး အမေရိကန် ဒေါ်လာ ၇၂၈ ဒသမ ၇၁၈ သန်း) တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

အလားတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က ပင်လယ်ရေကြောင်းမှ ၁၂၄၂၇၇၅ ဒသမ ၂၃၁ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၉၆၆ ဒသမ ၄၀၇ သန်း)၊ နယ်စပ်မှ ၇၈၆၉၂၀ ဒသမ ၆၅၁ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၄ ဒသမ ၃ သန်း) စုစုပေါင်း ၂၀၂၉၆၉၅ ဒသမ ၈၈၂ တန် (တန်ဖိုး အမေရိကန် ဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်း) တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သီဟစည်သူ**

## ငါးသယံဇာတများ ဝိုင်းဝန်းထိန်းသိမ်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ဇန်းမော် ဧပြီ ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့သည် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးရန်၊ ငါးမျိုးစိတ်များကို



ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ ငါးစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချရန် ရည်ရွယ်၍ ဧပြီ ၁ ရက်က ဗန်းမော်မြို့ ကမ်းနားဈေးသို့သွားရောက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ငါးရစ်/ငါးသန်ကာလဖြစ်သော တန်ခူးလဆန်း ၁ ရက်မှ ဝါဆိုလပြည့်နေ့ (၁-၄-၂၀၂၂ ရက်မှ ၁၂-၇- ၂၀၂၂ ရက်) အထိ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်တမံများ၊ သဘာဝရေပြင် အနှံ့အပြားတွင် မိုးဦးကာလဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် မိတ်လိုက်ဥချပြီး ငါးရစ်တက်ကြရာ ထိုငါးရစ်တက်ငါးများကို သားစဉ်မြေးဆက် စားသုံးနိုင်ရေး လူတိုင်းလူတိုင်း လိုက်နာထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ထွက်ကုန် မန်ကျည်းသီးမှည့် ပြည်တွင်း ပြည်ပဝယ်လိုအား တက်လာ၍ မန္တလေးဈေးကွက်အတွင်း၌ တစ်ပိဿာကျပ် ၃၆၀၀ ပေါက်ဈေးရှိ

**မန္တလေး ဧပြီ ၂**

ယခု သင်္ကြန်မတိုင်မီကာလတွင် မြန်မာ့ထွက်ကုန် မန်ကျည်းသီးမှည့်ကို ပြည်တွင်း ပြည်ပမှ ဝယ်လိုအား မြင့်တက်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးနှုန်းများ ကောင်းမွန်ကာ အရောင်းသွက်နေကြောင်း သိရသည်။

အဆိုပါ မန်ကျည်းသီးမှည့် ဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ် သင်္ကြန်မတိုင်မီကာလက အစေ့ပါ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ အစေ့လွတ် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ် ကာလတူ အချိန်တွင် မန်ကျည်းသီးမှည့်အစေ့ပါ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ဖြင့်လည်းကောင်း၊ အစေ့လွတ် တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ဖြင့်လည်းကောင်း ပေါက်ဈေးများ ကောင်းမွန်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"မန်ကျည်းဈေးကွက်ကို ပြောရရင် မန်ကျည်းတစ်လှည့်၊ ဆီးတစ်လှည့်ဆိုတဲ့ မြန်မာဆိုရိုးအတိုင်း ဒီနှစ်မှာတော့ မန်ကျည်းဈေးကောင်းတဲ့နှစ်ပါပဲ။ ၂၀၂၂ ခုနှစ် မန်ကျည်းရာသီမှာဆိုရင် မန်ကျည်းထွက်ရာ ဒေသတွေအားလုံးမှာ မန်ကျည်းအထွက်နှုန်းကလည်း နည်းမယ်လို့ ခန့်မှန်းထားပါတယ်။ ပြည်ပနိုင်ငံတွေကလည်း ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ အချိန်မှာတောင် ဝယ်လက်စုံပြီး ဝယ်လိုအား မြင့်တက်နေတဲ့အပြင် ပြည်တွင်းစားသုံးမှုကလည်း ပုံမှန်ရှိနေတဲ့အတွက် အခုလိုဈေးကွက်အတွင်းမှာ အမြင့်ဆုံးဈေးနဲ့ အရောင်းသွက်နေတာပါ။ လက်ရှိ ဈေးကွက်မှာလည်း မန်ကျည်းလက်ကျန် နည်းနေတဲ့အတွက် ဈေးနှုန်းထပ်တက်ဖို့ အလားအလာ ရှိနေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ မန်ကျည်းကို ပြည်ပပို့ကုန်အနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချနေရကြောင်း၊ မန်ကျည်းကို အညာဒေသများဖြစ်သည့် ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ပခုက္ကူ၊ မြိုင်၊ ရမည်းသင်း၊ ရှမ်းပြည်နယ် ဇီးပင်ကြီးနှင့် ပင်လည်ဘူးမြို့များမှ အများဆုံးထွက်ရှိပြီး တပေါင်းလတွင် ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိကာ သင်္ကြန်ကာလအတွင်း၌ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## ပေါက်ခေါင်းမြို့နယ်၌ ကြံသီးနှံ ဧကနှစ်သောင်းကျော် စိုက်ပျိုးထားရှိ

**ပေါက်ခေါင်း ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်သည် နှစ်စဉ် ကြံသီးနှံဧကနှစ်သောင်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ယခု ၂၀၂၂ ခုနှစ်တွင်လည်း ကြံသီးနှံ ၂၀၄၄၅ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြံသီးနှံကို ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင်စတင် စိုက်ပျိုးကြသည်။ ဒီဇင်ဘာလတွင် ခုတ်သိမ်းနိုင်ပြီး အင်ငါးခွ သကြားစက်၊ နဝဒေးသကြားစက်ရုံများသို့ တင်ပို့ရောင်းချရသည်။ ကြံတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သင့်တော်သော အချိန်ရာသီမီ စိုက်ပျိုးနိုင်ရေး၊ ကြံမျိုးကောင်း အထွက်ကောင်းမျိုး အသုံးပြုရေး၊ လမိုင်းခင်းများကိုလည်း စနစ်တကျ ပြုပြင်ထားရှိရေးတို့ကို လိုအပ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြံအထွက်နှုန်း တိုးတက်ရေး၊ စိုက်နည်း စနစ်မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာ အချိုးကျသုံးစွဲရေးနှင့် အပင်ကြီးထွားချိန် ပိုးမွှားကျရောက်လာပါက ကာကွယ်နှိမ်နင်းခြင်းနှင့် နည်းပညာပေး ကူညီပံ့ပိုးပေးခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကြံသီးနှံစိုက်တောင်သူများအတွက် ယူရီးယားဓာတ်မြေသြဇာ အိတ် ၁၇၀၀ ကျော်ကို တောင်သူများထံသို့ဖြန့်ဝေပေးရန် လျာထားစီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ ထို့အတူ ကြံသီးနှံစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကြံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



## နှစ်ကြိမ်တိုင်တိုင် အိုလံပစ် ရွှေတံဆိပ် ချန်ပီယံရရှိခဲ့သူ ဂူအိုင်းလင်

ဂူအိုင်းလင်ဆိုတဲ့ တရုတ်နာမည်နဲ့လူသိများတဲ့ အိုင်းလင်ဖန်ဂူဟာ အမေရိကန်ဖွား အလွတ်တန်းစကိတ်စီး သမားတစ်ဦးဖြစ်ပြီး နှစ်ကြိမ်တိုင်တိုင် အိုလံပစ်ရွှေတံဆိပ်ဆုကို ရရှိခဲ့သူလည်းဖြစ်ပါတယ်။ သူဟာ (အောက်ပုံ) အောင်မြင်ကျော်ကြားတဲ့ အလွတ်တန်း



စကိတ်စီးသမားဖြစ် ရုံသာမက မော်ဒယ်တစ်ဦးလည်းဖြစ်ပါတယ်။

သူ့ကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမှာ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၃ ရက်က မွေးဖွားခဲ့ပါတယ်။ အခုအခါမှာတော့ သူဟာ အသက် ၁၈ နှစ်ပဲရှိပါသေးတယ်။

သူ့ရဲ့အရပ်အမြင့်ကတော့ ၁ ဒသမ ၆၈ မီတာဖြစ်ပြီး Halfpipe၊ Slopestyle၊ Big air ပွဲစဉ်များမှာ ထူးချွန်စွာ အစွမ်းပြနိုင်ခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ကလပ်အသင်းကတော့ ပေကျင်းနန်ရှန်ဖြစ်ပါတယ်။ သူ့ရဲ့ အောင်မြင်မှုတွေကို ဗော့မဂ္ဂဇင်းမှာဖော်ပြခဲ့ပါတယ်။ ထို့အပြင်သူဟာ စတန်းဖို့ဒ် တက္ကသိုလ်တက်ရောက်မယ့် ထူးချွန်တဲ့ ကျောင်းသူတစ်ဦး လည်းဖြစ်ပါတယ်။

သူဟာ အင်္ဂလိပ်ဘာသာစကားနဲ့ တရုတ်ဘာသာစကားတို့ကို ကျွမ်းကျင်စွာပြောနိုင်ပါတယ်။ အောင်မြင်မှုများနဲ့ သူမရဲ့ဘဝဟာ မအားမလပ်အောင် အလုပ်များနေသော်လည်း ချက်ပြုတ်ခြင်းကို လည်း စိတ်ပါဝင်စားပါသေးတယ်။

**လင်းခေတ်ဆန်**

## ၂၀၂၂ ကမ္ဘာ့ဖလားအုပ်စုအဆင့် ပွဲစဉ်များကိုမဲခွဲထုတ်ပြန် စပိန်နှင့်ဂျာမနီတစ်အုပ်စုတည်း ကျရောက်နေ

လာမည့် နိုဝင်ဘာလတွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလား အုပ်စုအဆင့်ပွဲစဉ်များကို သောကြာနေ့က မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ နာမည်ကြီး ဘရာဇီးအသင်းသည် အုပ်စု (G) တွင် ဆားဘီးယား၊ ဆွစ်ဇာလန်၊ ကင်မရွန်း အသင်းတို့နှင့်အတူ ကျရောက်နေသည်။

အုပ်စု (A) တွင် အိမ်ရှင်ကာတာ၊ အီကွေဒေါ၊ ဆီနီဂေါနှင့် နယ်သာလန်အသင်းတို့ ဆုံတွေ့နေပြီး အုပ်စု (B) တွင် အင်္ဂလန်၊ အီရန်၊ အမေရိကန်၊ ဝေးလ်/စကော့တန်/ယူကရိန်း၊ အုပ်စု (C) တွင် အင်ဂျင်တီးနား၊ ဆော်ဒီအာရေဗျ၊ မက္ကဆီကို၊ ပိုလန်၊ အုပ်စု(D)တွင် ပြင်သစ်၊ ယူအေအီး/ဩစတြေးလျ/ပီရူး၊ ဒိန်းမတ်၊ တူနီးရှား၊ အုပ်စု (E) တွင် စပိန်၊ ကော်စတာရီကာ/နယူးဇီလန်၊ ဂျာမနီ၊ ဂျပန်၊ အုပ်စု (F) တွင် ဘယ်လ်ဂျီယံ၊ ကနေဒါ၊ မော်ရိုကို၊ ခရိုအေးရှား၊ အုပ်စု (H) တွင် ပေါ်တူဂီ၊ ဂါနာ၊ ဥရုဂွေးနှင့် တောင်ကိုရီးယားအသင်းတို့ ဆုံတွေ့နေသည်။

**အောင်ဇော်**

## မဲလ်ဘုန်းမှာကျင်းပမယ့်ပြိုင်ပွဲအတွက် ပြင်ဆင်သွားတော့မယ်လို့ တရုတ်ဖော်မြူလာဝမ်း ကားမောင်းသမားပြော

ဖော်မြူလာဝမ်း ကားပြိုင်ပွဲတစ်ခုဖြစ်သည့် ဆော်ဒီအာရေဗျ ဂရန့်ပရစ်ပြီးပြီးချင်း တရုတ်ဖော်မြူလာဝမ်း ကားမောင်းသမား တစ်ဦးဖြစ်သူ ချိုဂွမ်ယုက သူ့အနေဖြင့် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမှာကျင်းပမယ့် နောက်ပွဲတစ်ပွဲအတွက် စိတ်နှစ်ပြီး ကြိုတင်ပြင်ဆင်သွားတော့မယ်လို့ ပြောကြားလိုက်သည်။

ချိုဟာ ဘာရိန်းဂရန်းပရစ်ကားပြိုင်ပွဲတွင် သမိုင်းစိုက်ထူနိုင်ခဲ့ပြီး တရုတ်နိုင်ငံရဲ့ ပထမဆုံး ဖော်မြူလာဝမ်း ကားမောင်းသမားတစ်ဦးအဖြစ် သာမက ချန်ပီယံအမှတ်ထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ အက်ဖ်-ဝမ်းနေရာအတွက် ထိုက်တန်ကြောင်း သက်သေပြဖို့ အချိန်တွေနဲ့ခွန်အားတွေကို အကောင်းဆုံးအသုံးချသွားမှာဖြစ်တယ်လို့ သူက ဆက်ပြောခဲ့ပါတယ်။ တရုတ်ဖော်မြူလာဝမ်း ကားမောင်းသမား တစ်ဦးဖြစ်သူ ချိုဂွမ်ယုဟာ အသက် ၂၂ နှစ်သာရှိသေးပြီး လင်းလက်တောက်ပနေတဲ့ ကြယ်တစ်ပွင့် ဖြစ်ပါတယ်။

**လင်းခေတ်ဆန်**

## နိုင်ငံတကာအိုလံပစ်ကော်မတီ အမှုဆောင်ဘုတ်အဖွဲ့က ပါရီ ၂၀၂၄ အိုလံပစ်အားကစားပြိုင်ပွဲအတွက် အတည်ပြု

နိုင်ငံတကာအိုလံပစ်ကော်မတီရဲ့ အမှုဆောင်ဘုတ်အဖွဲ့က ပါရီ ၂၀၂၄ အိုလံပစ်အားကစားပြိုင်ပွဲအတွက် ဧပြီ ၁ ရက်က အတည်ပြုလိုက်ပြီဖြစ်ပါတယ်။

ဇူလိုင် ၂၆ ရက်ကစပြီး ၁၉ ရက် ကြာမြင့်မယ့် အဲဒီအိုလံပစ်အားကစားပြိုင်ပွဲမှာ ကဏ္ဍပေါင်း ၇၆၂ ခုပါဝင်ပြီး ဆုပေးမယ့် ပွဲစဉ်ပေါင်း ၃၂၉ ခု ပါဝင်မှာဖြစ်ပါတယ်။

ဖွင့်ပွဲကျင်းပပြီးနောက် ပထမဆုံးရွှေတံဆိပ်ကို ဇူလိုင် ၂၇ ရက်မှာ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ စက်ဘီးစီး၊ ဂျူဒို၊ ခါးရေးယှဉ်ပြိုင်ကစားခြင်း၊ ဒိုင်ဗင်၊ ရက်ဘီ၊ သေနတ်ပစ်၊ ရေကူး၊ ဘုတ်ပြားစကိတ်စီးပြိုင်ပွဲ ဆုတံဆိပ်များကိုလည်း တစ်ခါတည်းဆုတံဆိပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ရေကူးနှင့် ပြေးခုန်ပစ်ဖိုင်နယ်ပွဲစဉ်များကို ညနေပိုင်းတွင် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပထမဆုံး ရေကူးပြိုင်ပွဲ ဆုတံဆိပ်ကို ဇူလိုင် ၂၇ ရက်တွင် ချီးမြှင့်ပေးသွားမှာဖြစ်ပြီး ပြေးခုန်ပစ် ပထမဆုံး ရွှေတံဆိပ်ဆုကို ဩဂုတ် ၂ ရက်တွင် ပေးအပ်သွားမှာဖြစ်ပါတယ်။

ဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ အမျိုးသမီး အမျိုးသား ဟော်ကီ ဖိုင်နယ် ပွဲစဉ်များ၊ လက်ပစ်ဘော၊ ဘောလုံး၊ သဲသောင်ပြင်ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ဝါတာပိုလိုကစားခြင်းများကိုလည်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

**လင်းခေတ်ဆန်**

## အိုလံပစ်ကြေးတံဆိပ်နဲ့ မတင်းတိမ်နိုင်ကြောင်း ပိုလန်နှင်းလျှောစီးနည်းပြဟောင်းပြော

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် မိမိတို့ကြေးတံဆိပ်ရရှိခဲ့ကြောင်း၊ သို့သော်လည်း ဒီထက်မကအောင်မြင်မှုတွေ ရနိုင်ခဲ့သော်လည်း အခြေအနေက မိမိတို့အတွက် အခွင့်မသာခဲ့ကြောင်း ပိုလန်နှင်းလျှောစီး အသင်းနည်းပြဟောင်း မီချယ်ဒိုလီဇယ်က ဧပြီ ၂ ရက်က ပြောကြားလိုက်ပါတယ်။

ဒိုလီဇယ်ရဲ့ ဦးဆောင်မှုအောက်မှာ ပိုလန်နှင်းလျှောစီးအသင်းဟာ အိုလံပစ်ကြေးတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း ပိုလန်နှင်းလျှောစီးအဖွဲ့က အခုထက်ပိုမိုကောင်းမွန်တဲ့ ရလဒ်များကို မျှော်လင့်ထားကြောင်း သိရပါတယ်။ ဧပြီ ၂ ရက် ဒေသတွင်းမီဒီယာနဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဒိုလီဇယ်က ပိုလန်နှင်းလျှောစီးအဖွဲ့ရဲ့ သဘောထားအတိုင်းလိုက်ပြီး နှင်းလျှောစီးသမားတွေဟာ မျှော်မှန်းသလို ဖြစ်မလာကြောင်း ပြောကြားခဲ့ပါတယ်။

ပေကျင်းမှာ ကြေးတံဆိပ်ဆု ရရှိခဲ့တဲ့အတွက် မိမိပျော်ကြောင်း၊ အောင်မြင်မှုတစ်ခုအဖြစ် သတ်မှတ်ကြောင်း၊ သို့သော်လည်း ဒီထက်မက ပိုပြီးအောင်မြင်မှုတွေ ရရှိသင့်ကြောင်း၊ ဒီလိုအခြေအနေနဲ့ ထွက်မသွားချင်သေးကြောင်း၊ ပိုပြီးအောင်မြင်မှုကြီးကြီးမားမားရရှိဖို့ မျှော်လင့်ထားကြောင်း ဒိုလီဇယ် ကပြောကြားခဲ့ပါတယ်။

ဒိုလီဇယ်သည် ပိုလန်အတွက် ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အရင်က နိုင်ငံ့နှင်းလျှောစီးနည်းပြ စတီဖန်ဟွန်းဂါချာ လက်ထက်မှာ လက်ထောက်အသင်းနည်းပြအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်းမှာ အဓိကနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ မိမိတို့အကောင်းဆုံးလုပ်ဆောင်ခဲ့ကြောင်း၊ တကယ့်အချိန်ကောင်း ဖြစ်ခဲ့ကြောင်း၊ ပရိသတ်ကို ပျော်ရွှင်မှုတွေ အများကြီးပေးခဲ့ကြောင်း ဒိုလီဇယ်က ပြောကြားခဲ့ပါတယ်။

**လင်းခေတ်ဆန်**

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

ဧပြီ ၅ ရက်၊ ၆ ရက်မှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်စီးတီးက အေတီမက်၊ ဘင်ဖီကာက လီဗာပူး၊ ဗီလာရီးရဲက ဘိုင်ယန်မြူးနစ်၊ ချယ်ဆီးက ရီးရဲမက်ဒရစ်အသင်းတို့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ဘင်ဖီကာ VS လီဗာပူး

နောက်ဆုံးအကြိမ်တွေ့ဆုံမှု -

အိုင်းယက်စ်ကို ကျော်ဖြတ်ခဲ့တဲ့ ဘင်ဖီကာအသင်းရဲ့ ခြေစွမ်းက အကောင်းဘက်မှာရှိနေသလို အင်တာမီလန်ကို အနိုင်ယူခဲ့တဲ့ လီဗာပူးရဲ့ ခြေစွမ်းကလည်း အကောင်းဘက်ဦးတည်နေတယ်။ ယခုပွဲစဉ်က ခြေရည်တူနှစ်သင်းဆုံတွေ့နေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ ခက်ခက်ခဲခဲကစားရပြီး ဘင်ဖီကာအသင်း ရလဒ်ကောင်းရရှိနိုင်တယ်။

### မန်စီးတီး VS အေတီမက်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု -

အက်သလက်တီကိုမက်ဒရစ် (အေတီမက်) အနေနဲ့ ၁၆ သင်းအဆင့်မှာ မန်ယူကိုကျော်ဖြတ်နိုင်ခဲ့ပေမယ့် ကွာတားဖိုင်နယ်မှာ မန်စီးတီးအသင်းကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ စုဖွဲ့မှုအားကောင်းတဲ့ မန်စီးတီးရဲ့ တိုက်စစ်ကို အေတီမက်အသင်းရဲ့ ခံစစ်ထိန်းချုပ်ဖို့ ခက်ခဲဖွယ်ရှိတာကြောင့် ပထမအကျော့ အီတီဟက်မှာ မန်စီးတီးအသင်း အသာရဖွယ်ရှိတယ်။

### ချယ်ဆီး VS ရီးရဲမက်ဒရစ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ချယ်ဆီး ၂-၀ ရီးရဲမက်ဒရစ်

ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်မှာ ချယ်ဆီးနဲ့ ရီးရဲမက်ဒရစ်တို့ ဆုံတွေ့ခဲ့ပြီး ချယ်ဆီးက နှစ်ကျော့ပေါင်းရလဒ်ဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့တယ်။ ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ယခုအကြိမ်တွေ့ဆုံမှုမှာ ယမန်နှစ်က ရှုံးကြွေးပြန်ဆပ်ကာ အသာရယူထားနိုင်မလား သို့တည်းမဟုတ် ချယ်ဆီးအသင်းကပင် ထပ်မံအနိုင်ယူသွားနိုင်မလား။

### ဗီလာရီးရဲ VS ဘိုင်ယန်မြူးနစ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘိုင်ယန် ၃-၁ ဗီလာရီးရဲ

၂၀၁၁ ခုနှစ်က ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ဒီနှစ်သင်းတွေ့ဆုံထားပြီး ဘိုင်ယန်မြူးနစ်အသင်းက အသာရထားတယ်။ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းထက်မြက်မှုမှာ ဗီလာရီးရဲအသင်းအနေနဲ့ ယခုနှစ်မှာလည်း ဘိုင်ယန်မြူးနစ်အသင်းကို မယှဉ်သာသေးဘူး။ မည်သို့ပင်ဆိုစေ အိမ်ကွင်းမာကျောတဲ့ ဗီလာရီးရဲကို ဘိုင်ယန်မြူးနစ်အသင်း ပထမအကျော့မှာ အသာရယူထားနိုင်မလား။

### ချန်ပီယံလိဂ်ကွာတားဖိုင်နယ်

| | |
|---|---|
| ၅-၄-၂၀၂၂ အင်္ဂါနံနက် ၁း၃၀ | |
| မန်စီးတီး | အေတီမက် |
| ဘင်ဖီကာ | လီဗာပူး |
| ၆-၄-၂၀၂၂ ဗုဒ္ဓဟူးနံနက် ၁း၃၀ | |
| ချယ်ဆီး | ရီးရဲမက်ဒရစ် |
| ဗီလာရီးရဲ | ဘိုင်ယန်မြူးနစ် |

### ချန်ပီယံလိဂ် ဂိုးအများဆုံး သွင်းယူထားသူများ



| အမည် | အသင်း | ဂိုး |
|---|---|---|
| လီဝမ်ဒေါစကီး | ဘိုင်ယန် | ၁၂ |
| ဟယ်လာ | အိုင်းယက် | ၁၁ |
| ဘင်ဇီမာ | ရီးရဲ | ၈ |
| ဆာလာ | လီဗာပူး | ၈ |
| အင်ခွန်ကူ | လိုက်ပ်ဇစ် | ၇ |
| ဆာနေး | ဘိုင်ယန် | ၆ |

**အောင်ဇော် - စုစည်းသည်**

❂ *ကျောဖုံးမှ*

"ဘိတ်သိတ် – မဟာ – သာသာ ဒီရေတောကြိုးပြင်ကာကွယ်တော"ကို ဒေသတွင်းရှိ မြေသဘာဝနှင့် ရာသီဥတုကို မျှတစေရန်၊ ဇီဝမျိုးစုံနှင့် ဂေဟစနစ်ကို ရေရှည်တည်တံ့စေရန်၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုနိုင်ရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင်ရှိသော ကျေးရွာများကို လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ဒီရေလှိုင်းရိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များဘေးမှ ဒီရေတောအပင်များဖြင့် တံတိုင်းကြီးတစ်ခုသဖွယ် ကာကွယ်တားဆီးနိုင်ရန်၊ ဒီရေတော နယ်နိမိတ်အတွင်း သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်များအတွက် ဘေးကင်းလုံခြုံ၍ တည်ငြိမ်သောဂေဟစနစ်ကို ဖြစ်ပေါ်လာစေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်ရန်ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဘိတ်သိတ် – မဟာ – သိတ်သိတ်ဒီရေတောကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ဒီရေတော အပင်မျိုးစိတ်များဖြစ်သည့် လမု၊ လမဲ့၊ သမဲ့၊ ကန့်ပလာ၊ ဖြူးအုပ်ဆောင်း၊ ခရာပင်များပေါက်ရောက်ပြီး ငါး၊ ပုစွန်၊ ကဏန်းတို့ပေါက်ဖွားရာ နေရင်းဒေသများလည်းဖြစ်ပါသည်။ ခရုစုပ်ငှက်၊ ဝန်ပိုငှက်၊ နှုတ်သီးဝိုင်းရေညှောင့်ငှက်၊ တောဘဲ၊ ဒင်ကျီးငှက် စသည့် ရေပျော်ငှက်များ ကျက်စားရာဒေသလည်း ဖြစ်ပါသည်။

ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ကာကွယ်ထိန်းသိမ်းလိုက်ခြင်းဖြင့် ဒီရေတောများ စနစ်တကျစီမံအုပ်ချုပ်နိုင်ခြင်း၊ အစိမ်းရောင်သဘာဝတံတိုင်းတစ်ခုအဖြစ် ဒီရေတောများ ပေါ်ထွက်လာခြင်း၊ သစ်တောပြုန်းတီးမှု ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာ၍ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာခြင်း၊ ရာသီဥတုသာယာမျှတခြင်း၊ သား၊ ငါး၊ ပုစွန်များ ပေါကြွယ်ဝခြင်း၊ ဒေသခံပြည်သူများအတွက် သစ်၊ ထင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# နိုင်ငံတကာအွန်လိုင်းတိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် နိုင်ငံတကာအွန်လိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ (Myanmar Open International Taekwondo Online Championships) တွင် မြန်မာတိုက်ကွမ်ဒိုကစားသမား ၂၀၀ ခန့်အထိ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ အမေရိကန်၊ ဩစတြေးလျနိုင်ငံများအပြင် အာဆီယံ၊ အာရှ၊ ဥရောပရှိ နိုင်ငံပေါင်း ၂၀ ဝန်းကျင်ခန့်မှ တိုက်ကွမ်ဒိုကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသည် အွန်လိုင်းမှ ကျင်းပမည့် ပြိုင်ပွဲဖြစ်ခြင်းကြောင့် ပြိုင်ပွဲဝင်ကစားသမားများ အနေဖြင့် ပြိုင်ပွဲအမျိုးအစားအလိုက် ကစားသည့် ရုပ်သံဖိုင်များကို နိုင်ငံတကာဒိုင်များထံ မေ ၉ ရက်မှ ၁၁ ရက်အထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲမှာ အာရှနိုင်ငံနဲ့ အာဆီယံနိုင်ငံတွေက ကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြိုင်ပွဲအမျိုးအစားကတော့ နှစ်ခုရှိတယ်။ မြန်မာကစားသမားတွေ အနေနဲ့ကတော့ ၂၀၀လောက် ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ် " ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်မှ နည်းစနစ်ကော်မတီ ဦးကျော်သန်းဦးက ပြောသည်။

ယင်းပြိုင်ပွဲတွင် Poomsae (ကကွက်)၊ Spe-edkick (အမြန် ကန်ချက်) ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

❍ *ကျောဖုံးမှ*

ဖိလစ်ပိုင်၊ အမျိုးသမီးပြိုင်ပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှားနှင့် အင်ဒိုနီးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ငါးကြိမ်မြောက်ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ပြိုင်ပွဲ ထည့်သွင်းကျင်းပပြီးနောက် ၂၀၂၁ ပြိုင်ပွဲတွင် ထပ်မံပါဝင်လာခြင်းဖြစ်သည်။ မြန်မာ အသင်းများသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ် အားကစားနည်း ပါဝင်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးအသင်းက ၂၀၁၁ ပြိုင်ပွဲတွင် ကြေးတံဆိပ် ရရှိထားသည်။

ယင်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းများမှာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး အမျိုးသားအသင်းကို ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်၊ အမျိုးသမီးအသင်းကို ဦးတင်မောင်ဌေးတို့က ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသား ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် ထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လက်ရှိကျင်းပနေသည့် အာဆီယံဖူဆယ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းမှာမူ ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ယခုလအတွင်း ထိုင်းဖိတ်ခေါ် ပြိုင်ပွဲယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

**ရဲရင့်လွင်**

# ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှာ ဝက်ဖို့ဒ်ကို လီဗာပူးတို့ ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ချယ်ဆီးတို့ အိမ်ကွင်းမှာ ဘရန့်ဖို့ဒ်ကို ဂိုးပြတ်ရှုံး



ပရီမီယာလိဂ်ပွဲစဉ် (၃၁) ၏ အစောဆုံးပွဲစဉ်ဖြစ်သည့် လီဗာပူးအသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ပွဲစဉ်ကို ဧပြီ ၂ ရက် ညပိုင်းက အန်းဖီးလ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းနိုင်ပွဲကြောင့် လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲ (၃၀) ကစားပြီး ရမှတ် ၇၂ မှတ်အထိ ရရှိလာပြီ ဖြစ်သည်။

ဝက်ဖို့ဒ်အသင်းသည် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ကြိုးစားလာသော်လည်း ရရှိလာသော ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၂၂ မိနစ်တွင် ဂိုမက်ဇ်၏ ဖန်တီးမှုမှ တိုက်စစ်ကစားသမား ဂျိုတာ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် လီဗာပူးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် ဖာဘင်ဟိုက သွင်းယူပေးခဲ့သည်။ **(အပေါ်ယာပုံ)** လီဗာပူးအသင်းသည် ယခုပွဲစဉ်တွင် ပြိုင်ဘက် ဝက်ဖို့ဒ်အသင်းဘက်သို့ ဂိုးအသာ၊ ခြေအသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ အထိ ရရှိခဲ့ရာ ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်တွင် နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဝက်ဖို့ဒ်အသင်းက ဂိုးကန်သွင်းခွင့် ငါးကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ်ရှိခဲ့သည်။

ဝက်ဖို့ဒ်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ပွဲ ၃၀ ကစားပြီး ရမှတ် ၂၂ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် ဘန်လေကို နှစ်ဂိုး–ဂိုးမရှိဖြင့် မန်စီးတီးက အနိုင်ရပြီး ချယ်ဆီးက အိမ်ကွင်း၌ ဘရန့်ဖို့ဒ်ကို လေးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘရိုက်တန်နှင့် နော့ဝှစ်ဂိုးမရှိသရေ၊ လိဒ်နှင့် ဆောက်သမ်တန် တစ်ဂိုးစီသရေဖြစ်ခဲ့ပြီး ဝုလ်ဖ်က ဗီလာကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

- မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၉)ခု၊ MICC 1 နှင့် MICC 2 မြေယာရှုခင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | – | ၂–၄–၂၀၂၂ |
| တင်ဒါပိတ်မည့်ရက် | – | ၂၂–၄–၂၀၂၂ (၁၆:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | – | ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်–

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း–၀၆၇–၃၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်–၃၁**
**ကွယ်လွန်သူ ဦးဝင်းကြည် ၏**
**ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်သန်းသန်းအေး လျှောက်ထားသူ
(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ချောစုကြည်)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃) ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၁၁၁တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝင်းကြည်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းသန်းအေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ချောစုကြည်)က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် မေ ၃ရက်(၁၃၈၄ ခုနှစ် ကဆုန်လဆန်း ၄ ရက်)တွင် ဆိုင်ဆိုကြား နာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဝင်းကြည်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ မေလ ၃ရက်၊ (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်သန်းသန်းအေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ချောစုကြည်) ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မာမာစိုးရင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဟိုင်ဆင်ဒူးဝါး(၁)လမ်း၊ မြေကွက်အမှတ်(၇၄၆)၊ ဧရိယာပေ(၄၀x၆၀)ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ ဧရိယာပေ(၂၀x၆၀) မြေနှင့် ယင်းမြေပေါ်ရှိ တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကိုဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းနိုင် ၁၂/ကမရ(နိုင်)၀၂၆၈၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်မိုး ၁၂/အစန(နိုင်)၀၆၇၉၂၄ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)**
**ဖုန်း–၀၉–၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်၇၀၆၊ အကျယ်အဝန်း(၄၀'x၆၂ ½')ရှိသော ဒေါ်သန်းအေး (ခ) ဒေါ်သန်းအေးတင့်(BF–၀၃၄၆၂၁)၊ ၁၂/စခန(နိုင်)၀၂၀၆၀၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်၊ အမှတ် ၇၀၆၊ နဝရတ်(၂)လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးနန္ဒာအောင် ၁၂/ဒဂဆ(နိုင်)၀၀၆၄၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမင်းသူ** | **ဒေါ်ယဉ်ယဉ်သူ(LL.B)** |
| **၁၄/ဝခမ(နိုင်)၁၃၇၇၆၈** | **အထက်တန်းရှေ့နေ(စဉ်–၂၅၈၃၂)** |
| | **ဒေါ်တင်ဇာအေးကို(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၅၆၄)** |
| | **ဖုန်း–၀၉–၇၆၄၈၅၂၈၇၉၊ ၀၉–၇၇၀၀၇၃၅၆၁** |

## ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ခိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ခေါင်းလောင်း(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင့်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင့်ကနုတ်ပန်း (စကျင့်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင့်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင့်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ)၁၆၂၄. ၀၀ | | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းပြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၆

# ပြည်ထဲရေးဝန်ကြီးဌာန
# (မီးသတ်ဦးစီးဌာန)
# မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ ။ ၁-၄-၂၀၂၂

၁။ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလျှောက်လွှာများ ခေါ်ယူပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်း**

(၁) မော်လမြိုင်ခရိုင်မီးသတ်ဦးစီးမှူးရုံး(၁၃၃ x၅၂x၂၆)ပေ (၂)ထပ် (ရေသန့်၊လျှပ်စစ်)ပါ — Lot-1

(၂) (ကက) မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူးရုံးတွင် ရေဂါလန် (၂၀၀၀၀) ဆံ့ အုတ်ရေကန်(၁)ကန်၊ Pump House (၁)လုံး၊ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း တစ်ခုနှင့် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရရှိရေး လုပ်ငန်းများ (၁)ခုဆောင်ရွက်ရန်။ — Lot-2

(ခခ) မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူးရုံးတွင် ခြံစည်းရိုးကာရံခြင်း၊ (ချိန်းလိပ်၊ တံခါး(၂)ချပ်) မော်လမြိုင်ခရိုင် မီးသတ်စခန်း ကားဝင်/ထွက်တံတား ဆောက်လုပ်ခြင်း။

(ဂဂ) ဘီးလင်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ရေဂါလန် (၂၀၀၀၀)ဆံ့ အုတ်ရေကန် (၁)ကန်၊ Pump House (၁)လုံး၊ အဝီစိတွင်းတူးဖော်ခြင်း လုပ်ငန်းတစ်ခုနှင့် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရရှိရေး လုပ်ငန်းများ (၁)ခုဆောင်ရွက်ရန်။

(ဃဃ) ဘီးလင်းမြို့နယ်၊ ဝင်းကနယ်မြေ မီးသတ်စခန်းတွင် ရေဂါလန်(၂၀၀၀၀)ဆံ့ အုတ်ရေကန် (၁)ကန်၊ Pump House(၁)လုံး၊အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းတစ်ခုနှင့်လျှပ်စစ်ဓာတ်အားဆက်သွယ်ရရှိရေးလုပ်ငန်းများ (၁)ခု ဆောင်ရွက်ရန်။

(ငင) သံဖြူဇရပ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ရေဂါလန် (၂၀၀၀၀) ဆံ့ အုတ်ရေကန် (၁)ကန်၊ Pump House (၁) လုံး၊ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်းတစ်ခုနှင့် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရရှိရေး လုပ်ငန်းများ (၁)ခု ဆောင်ရွက်ရန်။

(ခ) **ဝယ်ယူရေးလုပ်ငန်း**

| | | | | |
|---|---|---|---|---|
| (၁) | (ကက) | ရေပတ်ပိုက်လိပ်(၆၅mm) | (၁၀၀)လိပ် | Lot-1 |
| | (ခခ) | ရေပတ်ပိုက်လိပ်(၄၀mm) | (၁၀၀)လိပ် | |
| | (ဂဂ) | နှစ်တန်းခွဲပိုက်ဆက် (၆၅mmx၄၀mm) | (၃၀)ခု | |
| | (ဃဃ) | Foam Nozzle | (၃၀)ခု | |
| | (ငင) | 3Dပိုက်ခေါင်း(၄၀mm) | (၂၀)ခု | |
| (၂) | (ကက) | High Pressure Pump | (၅)လုံး | Lot-2 |
| | (ခခ) | Dive Suit | (၅)စုံ | |
| | (ဂဂ) | Search Light | (၅၀)ခု | |
| | (ဃဃ) | Chain Saw | (၁၀)လက် | |
| (၃) | (ကက) | Sona Camera (Under Water Search) | (၁)လုံး | Lot-3 |
| | (ခခ) | High Expansion Foam Generator | (၂)ခု | |
| | (ဂဂ) | Door Openner | (၁)စုံ | |
| (၄) | (ကက) | Carabiner | (၅၀)ကွင်း | Lot-4 |
| | (ခခ) | Leader Mix | (၅)စုံ | |
| | (ဂဂ) | Harness | (၅၀)စုံ | |
| (၅) | (ကက) | Rescue Rope(၁၅)ပေ | (၅၀)ချောင်း | Lot-5 |
| | (ခခ) | Rescue Glove | (၅၀)စုံ | |
| | (ဂဂ) | ကြိုး (၂၀၀)ပေ | (၁၀)ခွေ | |
| | (ဃဃ) | Foam Liquid | (၂၀)ပီပါ | |
| (၆) | (ကက) | BA Set | (၃၀)လုံး | Lot-6 |
| | (ခခ) | Air Filling Machine | (၃)လုံး | |
| (၇) | (ကက) | လေထိုးရွက်ဖျင်တဲ(၁၀၀)ဆံ့ | (၂)လုံး | Lot-7 |
| | (ခခ) | လေထိုးရွက်ဖျင်တဲ(၅၀)ဆံ့ | (၂)လုံး | |
| | (ဂဂ) | Rescue Power Ascender | (၁)လုံး | |
| (၈) | (ကက) | Pulley & MPDL | (၁၂)လုံး | Lot-8 |
| | (ခခ) | Stretcher | (၈) ခု | |
| | (ဂဂ) | Drilling Machine | (၂)ခု | |
| | (ဃဃ) | Quick up Ascender(CT) | (၁၀)ခု | |
| | (ငင) | Quick Roll Ascender(CT) | (၁၀)ခု | |
| | (စစ) | Roll N Lock Ascender(CT) | (၁၀)ခု | |
| | (ဆဆ) | Anchor Plate CMC | (၁၀)ခု | |
| | (ဇဇ) | Micro-Anchor Plate CMC | (၁၀)ခု | |
| | (ဈဈ) | Harken Ninja Foot Ascender | (၁၀)ခု | |
| | (ညည) | Tubular Web(၇ပေ) CMC | (၁၀)ချောင်း | |
| | (ဋဋ) | Flat Web CMC | (၁၀)ချောင်း | |
| | (ဌဌ) | Fire Escape Web CMC | (၁၀)ခု | |
| | (ဍဍ) | PMP Swivel Pulley CMC | (၁၀)ခု | |
| | (ဎဎ) | Swivel Double Pulley CMC | (၇)ခု | |
| | (ဏဏ) | Clutch CMC | (၂)ခု | |
| (၉) | (ကက) | Projector& Screen | (၂)စုံ | Lot-9 |
| | (ခခ) | Laptop i-7(Window 10) | (၅)လုံး | |
| | (ဂဂ) | Computer(i-7) | (၅)စုံ | |
| | (ဃဃ) | Camera(Canon, Nikon) | (၂)လုံး | |
| | (ငင) | Copier | (၂)လုံး | |
| | (စစ) | Colour Printer(4 colour) | (၂)လုံး | |
| | (ဆဆ) | Fax | (၅)လုံး | |
| (၁၀) | (ကက) | ၅ပေ၃ပေ(ထိုင်ခုံပါ) | (၂၀)လုံး | Lot-10 |
| | (ခခ) | သံဘီဒို(၆ပေ၃ပေ) | (၅)လုံး | |
| | (ဂဂ) | ဖိုင်တင်စင် | (၁၃)လုံး | |
| | (ဃဃ) | ပလတ်စတစ်ထိုင်ခုံ | (၁၀၀)လုံး | |

၂။ တင်ဒါလျှောက်လွှာများကို မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတည်ရှိရာ မော်လမြိုင်မြို့တွင် အောက်ပါအစီအစဉ်အတိုင်း လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်- သက်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁-၄-၂၀၂၂ ရက်နေ့မှ ၂၂-၄-၂၀၂၂ ရက်နေ့ အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၂-၄-၂၀၂၂ရက်တွင် နောက်ဆုံးတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်၊ ဖုန်း-၀၅၇-၂၀၂၁၄၉၅၊ ၀၅၇-၂၀၂၁၄၉၁ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းရှိ ချောင်း/မြောင်းတူးဖော်ခြင်းနှင့် တာတမံပြင်ဆင်ခြင်း၊ ရေကန်တူးဖော်ခြင်းနှင့် ရေတံခါးရွက်များ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံသား လုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၂၁-၃-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီမှ ၁၉-၄-၂၀၂၂ ရက်၊ ၁၆:၃၀ နာရီထိ

(ခ) **တင်ဒါပုံစံရယူနိုင်သည့်နေရာ** - မော်လမြိုင်ခရိုင်အတွင်းရှိ လုပ်ငန်းများအတွက် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မော်လမြိုင်မြို့
- သထုံခရိုင်အတွင်းရှိ လုပ်ငန်းများအတွက် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သထုံမြို့

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၄-၂၀၂၂ ရက်၊ အင်္ဂါနေ့ ညနေ ၁၆:၃၀ နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၀-၄-၂၀၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀:၀၀ နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (ဆည်မြောင်း)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၅၇-၂၀၂၇၀၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရေဆုံးတွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၄၆၇)၊ ဦးပိုင်အမှတ်(၃၀၅/၃)၊ ဧရိယာ ၀ ဒသမ ၂၂ ဧက အကျယ်အဝန်းရှိ ဒေါ်တင်တင်စိုးအမည်ပေါက် ပိုင်ဆိုင်အသုံးပြုလျက်ရှိသော လယ်ယာမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်သူ ဒေါ်တင်တင်စိုးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နီလာဝင်းမှ အဆုံးအပိုင်လက်ရောက်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အထက်ပါလယ်ယာမြေနှင့်ပတ်သက်၍ ပုံစံ(၇)အမည်ပေါက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အဆိုပါလယ်ယာမြေနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်နီလာဝင်း** | **ဒေါ်ဇင်ချိုအောင်(LL.B)** |
| **၁၃/သပန(နိုင်)၀၄၅၁၀၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၃၄)** |
| **ဖုန်း-၀၉-၄၃၁၂၈၀၀၆** | **ဖုန်း-၀၉-၂၅၀၂၃၂၃၈** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/4754 Honda Fit H/B ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာနည်ဖြိုး ၁၀/ဘလန(နိုင်)၁၃၅၃၃၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မော်လမြိုင်မြို့နယ်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၅၄

ဦးကျော်ထွန်းနိုင် **နှင့်** ဒေါ်ရဟီမာဘီဘီ (ခ)ဒေါ်ခင်မျိုးဝင်း
**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်နေ တရားပြိုင် ဒေါ်ရဟီမာဘီဘီ (ခ) ဒေါ်ခင်မျိုးဝင်း (ယခုလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလို ဦးကျော်ထွန်းနိုင်က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို ရေစ္စတြီမှတ်ပုံတင်ပေးစေလိုမှု "လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ရက် (၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝတီလှိုင်းအိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးတေဇာလင်း (ဘ) ဦးလင်း ၅/မရန(နိုင်)၁၇၃၇၇၄၊ ချမ်းမြဝတီရပ်၊မုံရွာမြို့ ၊ (၂) ဦးတင့်လွင်ဦး (ဘ) ဦးထန်လျှန်အုပ် ၅/မရန(နိုင်)၁၇၃၇၂၄ ၊ နန္ဒဝန်ရပ် ၊ မုံရွာမြို့၊ (၃) ဦးဇော်မင်းသန့် (ဘ) ဦးအေးဆောင် ၅/ကသန(နိုင်)၀၅၃၈၄၀ ၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့နှင့် (၄) ဦးဇော်မင်း (ဘ) ဦးမင်းအောင် ၅/မရန(နိုင်)၂၇၉၇၈၃ ၊ မြဝတီရပ်၊ မုံရွာမြို့ နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတေဇာလင်းပိုင်ဆိုင်သော MDY-9M/3846, SUZUKI CARRY DA63T PICKUP အဖြူရောင်ယာဉ်၊ ဦးတင့်လွင်ဦးမှလည်း ၎င်းပိုင်ဆိုင်သော SGG-1G/8220,DYNA (၁၀)ပေ အဖြူရောင်ယာဉ်၊ ဦးဇော်မင်းသန့် မှလည်း၎င်းပိုင်ဆိုင်သော YGN-4K/3674 , NISSAN AD VAN 12 STATION WAGON (4x2)(R)အဖြူရောင်ယာဉ်၊ ဦးဇော်မင်းမှလည်း ၎င်းပိုင်ဆိုင်သော MDY-2L/5596, SUZUKI CARRY DA63T PICKUP အဖြူရောင်ယာဉ်တို့အား ဦးကျော်ကျော် (ဘ) ဦးကျော်ငြိမ်း ၁/မညန(နိုင်) ၀၉၄၃၈၉ (ယခုနေရပ်လိပ်စာမသိ)နှင့် ကားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများအားလုံးကို ပေးအပ်ကာအငှားစာချုပ် ပြုလုပ်ငှားရမ်းထားခဲ့ပါသည်။

၁၉-၃-၂၀၂၂ရက်မှစ၍ ကားငှားရမ်းသူ ဦးကျော်ကျော်နှင့်ကျွန်ုပ်၏မိတ်ဆွေများမှာ ဆက်သွယ်ရရှိခြင်း မရှိတော့ဘဲ ဦးကျော်ကျော်မှကားများနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည့်အတွက် မုံရွာမြို့၊ နယ်မြေရဲစခန်းတွင်လိမ်လည်မှုဖြင့် အမှုဖွင့်တိုင်တန်းထားပါသည်။

ထို့ကြောင့်အထက်ပါ မော်တော်ယာဉ်များမှာ ကျွန်ုပ်၏မိတ်ဆွေများ ပိုင်ဆိုင်သော မော်တော်ယာဉ်များဖြစ်သည့်အတွက် ရောင်းဝယ်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်းများ၊ လက်ခံခြင်းများ စသည်ဖြင့် မပြုလုပ်ကြပါရန် ထိုသို့ လာရောက်ပြုလုပ်ပါက ကျွန်ုပ်ထံသို့အကြောင်းကြားပေးပါရန်နှင့် သိရှိပါလျက်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတေဇာလင်း၊ ဦးတင့်လွင်ဦး၊ ဦးဇော်မင်းသန့် ၊ ဦးဇော်မင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဦးကျော်ဇေယျာဦး** | **ဦးလှကိုထွန်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၆၈)** |
| **သီရိလမ်း၊ ကန်သာဦးရပ်၊မုံရွာမြို့၊** | **သက္ကလမ်း၊ ကန်သာဦးရပ်၊ မုံရွာမြို့** |

**ဖုန်း-၀၉-၄၃၁၄၆၇၉၀၊ ၀၉-၄၂၀၇၂၃၄၅၈၊ ၀၉-၄၄၂၀၇၅၆၇၁၊ ၀၉-၉၇၆၉၆၄၄၂၀**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆/ကျိုက်ဖနဲ) ၊ ဦးပိုင်အမှတ်(၁၂၂)၊ မြေဧရိယာ ၀ ဒသမ ၀၇၀ ဧကရှိမြေသည် DORPNo(V) 149/1950-1951အရ ဦးဖေသန်း၊ မခင်စိန်၊ မခေင်၊ မောင်သွင်လှ၊ မထွေးမြင့် အမည်ဖြင့် နှစ်(၃၀) အငှားဂရန်ရရှိထားပြီး RDNo-402/1952 အရ ဦးစိန်နိုင်၊ RDNO-115/1953အရ မကြေူ ၊ မမေသန်း၊ မခင်စိန်၊ မကျွေယ်၊ မောင်သွင်လှ၊ မထွေးမြင့် တို့မှ ဝယ်ယူခဲ့ပြီး RDNo-195/1957အရ ဒေါ်ခင်စိန်၊ ဦးထွေး၊ မကြေည်၊ RDNo-200/1957အရ ဦးထွေး၊ မကြေည် အမည်ဖြင့်လည်းကောင်း အသီးသီးလွှဲပြောင်းထားပြီး ဦးထွေးနှင့်သားဖြစ်သူ မောင်လှကြည်၊ သမီးဖြစ်သူ မခင်နွဲ့တို့ထံမှ ဦးကျော်မြင့်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးကျော်မြင့်သည် ၃-၇-၁၉၉၆ ရက်တွင်ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်အေးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ သမီးဖြစ်သူ ဒေါ်စန္ဒာမြင့်အား အထူးကိုယ်စားလှယ်စာအမှတ်(၁၉၇/၂၀၁၇)ဖြင့် လွှဲအပ်ပေးခဲ့ပြီး သမီးဖြစ်သူ ဒေါ်စန္ဒာမြင့် ၁၀/မလမ(နိုင်)၀၂၅၁၈၈ မှ ဦးမောင်ထွေး သားဖြစ်သူ မောင်လှကြည် ၊ သမီးဖြစ်သူ မခင်နွဲ့တို့အားမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် မော်လမြိုင်ခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ရာ ၅-၁၂-၂၀၁၉ ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းအပေါ် တရားမကျင့်ထုံးအမိန့် (၂၁)နည်းဥပဒေ (၃၄)အရ မော်လမြိုင်ခရိုင်တရားရုံးမှ ဒု-ဦးစီးမှူး ဒေါ်စုမွန်ထွေးမှ တာဝန်ယူကာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်အမှတ်(၂၀၀/၂၀၂၀)ဖြင့် ဒေါ်ခင်အေးကိုယ်စား ၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စန္ဒာမြင့် ၁၀/မလမ(နိုင်)၀၂၅၁၈၈ ထံ ရောင်းချပေးခဲ့၍ ဒေါ်ခင်အေးမှ မြေငှားဂရန် ပထမအကြိမ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက နှစ်ရှည် မြေငှားဂရန် လျှောက်ထားလာခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
## မြေတိုင်းရပ်ကွက်အမှတ်(၁၀+၁၁ ရွှေပေါက်ကံ)၊
## မြေကွက်အမှတ်(၁-အေ)အနက်မှ ခွဲစိတ်မြေကွက်အမှတ်(၁ ဘီ)ဟု
## ခေါ်တွင်သော မြေအကျယ်အဝန်း (၆၄'.၃"/၄၈'.၆")x(၄၅'/၄၆'.၅")
## ဧရိယာ ၂၄၉၁ စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ
## အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ခေါင်းစဉ်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်ယဉ်မေအမည်ဖြင့် မှတ်သားတည်ရှိနေပြီး၊ ယခုရောင်းချသူ ဖြူဇင်ကုမ္ပဏီလီမိတက်၏ဥက္ကဋ္ဌ ဦးဝေစိုး ၁၃/တကန(နိုင်)၀၆၀၅၀၇ က ဒေါ်ယဉ်မေထံမှ တရားဝင် ဝယ်ယူထားပြီးဖြစ်ရာ မိမိသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိ၍ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ကျွန်ုပ်တို့၏မိတ်ဆွေထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင် ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နန့်စန္ဒာဝင်း(ဥပဒေဘွဲ့)** | **နော်ဝင်းသန္တာဖေါ(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၃၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၂၄)** |

**K-Legal Consult Co.,Ltd**
**အမှတ် ၉၅၊ အောက်မင်္ဂလာဒုံ(၁)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၇၉၉၇၇၆၅၄၄၊ ၀၉-၂၆၂၃၉၇၁၆၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုင်းကိုင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁/၂၈၅)နေ ဒေါ်ဇင်နမ်ဘီ(ခ)ဒေါ်စန်း ၁၃/မကန(နိုင်)၀၀၂၇၂၅ ၏ သမီး ဒေါ်စီစီလွင် ၁၂/မဂတ(နိုင်) ၀၆၇၈၇၈သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်ဖြစ်သူအား ကြိမ်ဖန်များစွာ စိတ်ဆင်းရဲစေခြင်းကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ဇင်နမ်ဘီ(ခ)ဒေါ်စန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၉/တောင်ပိုင်း)၊ ဦးပိုင်အမှတ်(၁၂၀)၊ မြေကွက်အမှတ်(၂၁၀)၊ မြေဧရိယာ ၀ ဒသမ ၀၄၁ ဧကအား ဒေါ်အိအိချောအမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်(သက်တမ်းတိုး အမည်ပြောင်း)လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျခတ်ငူကျေးရွာအုပ်စု၊ အမှတ် (၁)ရပ်ကွက်နေ ဦးသန်းရွှေ-(ဒေါ်ညွန့်တင်) တို့၏သမီးဖြစ်သူ မခင်ခင်စိုး (ခ) မခင်စိုးစိုး(ဘ)ဦးသန်းရွှေသည် သက်ကြီးရွယ်အိုအသက် (၈၅)နှစ်အရွယ်ရှိ ဖခင်အပေါ် သမီးဝတ္တရားကျေပွန်မှု မရှိသည့်အပြင် ရန်သူသဖွယ် ပြုမူပြောဆိုမှုများဖြင့် ဖခင်၏ စီမံဆောင်ရွက်မှုများကို မလိုက်နာဘဲ လူပုံအလယ် အရှက်ရစေသည့် ပြုမူပြောဆိုခြင်းများ ပြုလုပ်နေသောကြောင့် ဖခင်မှာ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲနေရပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းရွှေ(ဘ)ဦးအောင်သိန်း**
**၁၀/ပမန(နိုင်)၀၂၂၁၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၆၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မြေငှားဂရန် အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးဆုမီရန် ၉/မကန(နိုင်) ၀၇၅၆၂၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2001, Toyota Townace, Light Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၇/ဝမန(နိုင်)၀၇၆၁၀၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1398, Mitsubishi Canter FE12DC, Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်မြင့် ၁၃/ကခန(နိုင်)၁၀၉၇၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

သင့်သွေးဖြင့်အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း။

၁။ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** | - ၄-၄-၂၀၂၂ ရက်၊ တနင်္လာနေ့ |
| **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** | - ၂၂-၄-၂၀၂၂ ရက်၊ သောကြာနေ့ |
| **တင်ဒါ Deposit နောက်ဆုံး တင်သွင်းရမည့်ရက်** | - ၂၂-၄-၂၀၂၂ ရက်၊ သောကြာနေ့ |
| **တင်ဒါလျှောက်လွှာနောက်ဆုံးပြန်လည် တင်သွင်းရမည့်ရက်** | - ၂၅-၄-၂၀၂၂ ရက်၊ တနင်္လာနေ့ |
| **လုပ်ငန်းတင်ဒါလျှောက်လွှာနောက်ဆုံးပြန် လည်တင်သွင်းရမည့်နေရာ** | - ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန |
| **လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်နေရာ** | - ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန |
| **လုပ်ငန်းတင်ဒါလျှောက်လွှာရောင်းချမည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး။ (အရှေ့မြို့ရှောင်လမ်းနှင့် ကလိ-ရှမ်းရွာကြီးလမ်းကြား) |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄-၄-၂၀၂၂ ရက်မှ ၂၅-၄-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး | ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန | - ဖုန်း-၀၉-၄၂၈၀၃၇၃၃၄၊ ဖုန်း-၀၅၂-၂၂၀၁၉၀၂ ဖုန်း-၀၉-၇၉၀၂၅၁၇၇၅ |
| လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး | ပဲခူးခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန | - ဖုန်း-၀၅၂-၂၂၀၁၉၀၈ |
| လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး | တောင်ငူခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန | - ဖုန်း-၀၅၄-၂၈၂၅၉၆၇ |
| လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး | ပြည်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန | - ဖုန်း-၀၅၃-၂၀၂၆၅၂၃ |
| လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး | သာယာဝတီခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန | - ဖုန်း-၀၅၅-၂၂၃၁၁၈၃ |

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြော်ငြာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၁၇၁/၁၇၃) နေသူများဖြစ်သော ဦးစောဟိုရေး ၁၂/အစန(နိုင်)၀၁၆၂၇၄၃ နှင့် ဒေါ်နော်စတဲလာ ၁၂/အစန(နိုင်)၀၁၆၂၇၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊ ကွင်းအမှတ်(၅၉၁)၊ တောရကွင်း၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ ၅ ဒသမ ၀၀ကေရှိသော မြေအနက်မှ ဟိန္ဒူသင်္ချိုင်းဘေးလမ်းနှင့်ကပ်လျက်ရှိသော မြေဧရိယာ ၁ ဒသမ ၀၀ကေအား မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ရှင်စောပုလမ်း ၊ အမှတ်(၈၂)နေ ဦးမောင်မောင်ဂျက် ၁၀/မလမ(နိုင်)၁၂၂၈၂၅ မှ ဝယ်ယူရန် အတွက် နှစ်ဦးသဘောတူ မြေအရောင်းအဝယ်စရန် ပေးကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

ဦးမောင်မောင်ဂျက်မှ ၃၀-၁၂-၂၀၂၁ ရက်တွင် ကျန်ငွေပေးချေရန် သတ်မှတ်ရက်ပြည့်သော်လည်း လာရောက်ပေးချေခြင်းမရှိဘဲ ပျက်ကွက်သဖြင့် ဦးမောင်မောင်ဂျက်နှင့် ဦးစောဟိုရေး၊ ဒေါ်နော်စတဲလာတို့ ချုပ်ဆိုခဲ့သော ၂၄-၁၁-၂၀၂၁ရက်စွဲပါ နှစ်ဦးသဘောတူ မြေအရောင်းအဝယ်စရန်ပေးကတိစာချုပ် ပျက်ပြယ်သွားပြီးဖြစ်ပါကြောင်းနှင့် အထက်ဖော်ပြပါ ရောင်းချသည့်မြေသည်လည်း ဦးမောင်မောင်ဂျက်နှင့် တစ်စုံတစ်ရာမျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစောဟိုရေး** | **ဒေါ်ငုဝါဝါကျော် (LL.B)** |
| **၁၂/အစန(နိုင်)၀၁၆၂၇၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၉၆)** |
| **ဒေါ်နော်စတဲလာ** | **အမှတ်(၂၅၉၆)၊ (၂၁)လမ်း၊** |
| **၁၂/အစန(နိုင်)၀၁၆၂၇၄** | **မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့** |
| | **ဖုန်း-၀၉-၄၂၅၂၉၈၁၂၀** |

## ကန့်ကွက်နိုင်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၈) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂-E/တုံးလုံကွင်း)၊ ဦးပိုင်အမှတ်(၂က/၁+၂-ခ+၄-ခ)၊ ဧရိယာ ၀ ဒသမ ၅၀၉ ကေရှိမြေအား ဦးစိုးသန်းအမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် (အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဒိုက်ဦးမြို့နယ်တရားရုံးတော်
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၈

| | | |
|---|---|---|
| မမာမာအေး | နှင့် | မဇင်မာဦး |
| **တရားလို** | | **တရားပြိုင်** |

ဒိုက်ဦးမြို့၊ မင်းတဲရပ်ကွက်၊ မြို့သစ်(က)(၇)လမ်းနေ တရားပြိုင် မဇင်မာဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို မမာမာအေးက ချေးငွေ(၁၁၀၀၀၀၀/-) (တစ်ဆယ့်တစ်သိန်းကျပ်)တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၁၈ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၃ရက်) နံနက်၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပိုင်မင်းသွင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒိုက်ဦးမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်(၃)ထပ် အဖွဲ့ရုံး ဆောက်လုပ်ခြင်း နှင့် အခြေခံဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၃)ထပ် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများအား တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၁-၄-၂၀၂၂ ရက်မှ ၁-၅-၂၀၂၂ ရက်ထိ |
| (ခ) **တင်ဒါစိစစ်မည့်ရက်နှင့်အချိန်** | - ၂-၅-၂၀၂၂ ရက် ၊ နံနက် ၁၀:၀၀ နာရီ |
| (ဂ) **တင်ဒါစိစစ်မည့်နေရာ** | - သန်လျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၊ အစည်းအဝေးခန်းမ |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက သန်လျင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့(အင်ဂျင်နီယာဌာနခွဲ) ဖုန်း-၀၉-၇၉၉၄၀၀၉၂၀၊ ၀၉-၈၅၃၁၂၉၆၆၀၊ ၀၉-၄၀၄၇၅၁၂၅၀ တို့တွင် ရုံးချိန်အတွင်းစုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အမှတ်(၁၀၂၀) ရှိ မျိုးမြန်မာမင်းကုမ္ပဏီလီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၀၅၇၇၀၇၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

Myo Myanmar Min
- TRADING AND TOURS -

RD-(၆၅၆/၂၀၂၂)

မျိုးမြန်မာမင်းကုမ္ပဏီလီမိတက်သည် အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်အားအသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံး၌ ကုန်သွယ်မှုနယ်ပယ်တွင် မျိုးမြန်မာမင်းကုမ္ပဏီလီမိတက်၏ ကုမ္ပဏီအမည် အမှတ်တံဆိပ်အဖြစ်လည်းကောင်း၊ "Trading & Tours"လုပ်ငန်းများတွင်လည်းကောင်း၊ သဘောရိုးဖြင့် တစ်ဆက်တည်း၊ တစ်ဦးတည်းသီးသန့်အသုံးပြုလျက် သုံးစွဲသူများအကြား သိသာထင်ရှားမှုရှိပြီး မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်ကြေညာစာချုပ်အမှတ်-၆၅၆/၂၀၂၂အရ တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်သည့် အမည်အမှတ်တံဆိပ်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မျိုးမြန်မာမင်းကုမ္ပဏီလီမိတက် ရရှိပိုင်ဆိုင်အသုံးပြုသော အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ခွင့်ပြုချက်မရရှိဘဲ ကုန်သွယ်မှုနယ်ပယ်တွင်လည်းကောင်း၊ "Trading & Tours" လုပ်ငန်းများတွင်လည်းကောင်း၊ ၎င်းလုပ်ငန်းများနှင့်ဆက်စပ်သည့်လုပ်ငန်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းမပြုလုပ်ကြရန်နှင့်မည်သူမဆို မျိုးမြန်မာမင်းကုမ္ပဏီလီမိတက်၏ အကျိုးစီးပွားနစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးစိုးညီညီဝင်း (စဉ်-၁၃၆၀၀)** | **ဒေါ်သီတာအောင် (စဉ်-၁၄၇၁၄)** |
| **LL.B, D.B.L, D.P.S, D.Phil** | **LL.B, LL.M, D.B.L, D.I.L, D.P.S, D.O.S,D.Phil** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**Daw Thida Aung Law Firm**
**ဥပဒေအကျိုးဆောင်**
**ထထ-၇/၁၉၊ ၆၀(F)လမ်း၊ ၁၂၇လမ်းနှင့်၁၂၈လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၆၀၁၅၈၊ ၀၉-၄၃၁၈၄၁၉၀**

## အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅)၊ ဟဲဟိုးချိုင့်ဝှမ်းကွင်း၊ ဦးပိုင်အမှတ်(၁၄၂/၁၉၆)၊ ဧရိယာ ၁ ဒသမ ၂၅ ကေရှိ လယ်မြေကွက်သည် ဒေါ်မြစန္ဒာ (ခ) ဒေါ်မြစန္ဒာအောင် အမည်ဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့် ပြုလက်မှတ် ပုံစံ(၇)ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ရောင်းချရန်ကတိပြုပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဒေါ်မြစန္ဒာ(ခ)ဒေါ်မြစန္ဒာအောင် ၁၃/ကလန(နိုင်)၀၉၁၇၉၂ ထံမှ အဆိုပါမြေကွက်၏ မြေပေါ်မြေအောက်ပိုင်ဆိုင်ခွင့် လုပ်ပိုင်ခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား ရောင်းကြေးငွေ ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စများပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သော ကြောင့် အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြေညာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးထက်အောင်ကျော်** | **ဒေါ်ခင်စိုးဝင်း** | **ဒေါ်ဇင်မာစိုး** |
| **(စဉ်-၄၈၆၉၈)** | **(စဉ်-၃၁၆၈၉)** | **(စဉ်-၄၈၆၀၇)** |
| **ဒေါ်သူဇာကျော်** | **ဒေါ်အိအိခိုင်** | |
| **(စဉ်-၄၉၅၉၆)** | **(စဉ်-၅၂၀၃၆)** | |

**အထက်တန်းရှေ့နေများ**
**အခန်းအမှတ်(E-3)၊ ၆၈ လမ်း၊ ၂၉x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၄၀၃၄၂၇၅၊ ၀၉-၇၉၇၆၁၆၈၇၃၊ ၀၉-၂၅၉၀၄၈၃၁၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၆၁)၊ ဦးပိုင်အမှတ်(၁၃)၊ သူရဲကျော်လမ်းနှင့်၄၁လမ်းကြား၊ မဟာစည်လမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုလေးသည် ဒေါ်စောမြနှင့် အိမ်ထောင်ကျပြီး ဦးဇော်ဝင်း၊ ဦးမောင်မောင်၊ ဒေါ်ခင်မြမြ၊ ဒေါ်ဆန်း၊ ဒေါ်မလေး၊ ဒေါ်အေးအေးလှိုင်၊ ဒေါ်မာမာလေးတို့ကို မွေးဖွားခဲ့ပါသည်။ မိခင်၊ ဖခင်နှင့် ဦးမောင်မောင် (လူပျိုဘဝ) တို့အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူ သား/သမီးများဖြစ်သော ဦးဇော်ဝင်း ၉/မနတ(နိုင်)၀၅၉၈၃၉၊ ဒေါ်ခင်မြမြ ၉/မနတ(နိုင်)၀၅၅၇၃၅ ၊ ဒေါ်မလေး ၉/မနတ(နိုင်)၀၅၅၇၃၆၊ ဒေါ်ဆန်း ၉/မနတ(နိုင်)၀၆၁၃၉၉၊ ဒေါ်အေးအေးလှိုင် ၉/မနတ(နိုင်)၀၅၅၇၃၃၊ ဒေါ်မာမာလေး ၉/မနတ(နိုင်)၀၀၁၈၆၃ တို့က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် ခဲစင်းပြစ္စန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်65W/19884 Adixin ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းထက်အာကာအောင် ၉/ခမစ(နိုင်)၀၁၉၁၈၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်5J/7757 KIA BONGO III pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထူးထက်ရဲရင့် ၉/မဟမ(နိုင်)၀၂၉၁၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/3742 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်8A/1706 Mitsubishi canter FE335E Light Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးဝင်း ၉/မနတ(နိုင်)၀၂၀၆၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/15708 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းပြည့်ပြည့်ဖူး ၉/ပသက(နိုင်)၁၁၆၆၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9V/54030 TRAWLERGI LIFAN FARM TRUCK(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၉/ကဆန(နိုင်)၀၈၁၃၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/3409 Hyundai Grand Starex Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလင်းနိုင် ၈/ပခက(နိုင်)၁၉၇၁၉၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9601 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၈၂၃၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/7277, KIA SPOR, S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဟန်ရပ် (ခ) ကြည်စိုးဝင်း ၁၂/မဂတ(နိုင်)၀၀၈၉၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၃၇၂၃ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူဦးစိန်လှိုင် ၉/မရမ(နိုင်)၀၈၀၈၄၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်4C/6666 Toyota Lexus Rx 350 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ထွေး ၁၃/တယန(နိုင်)၀၃၂၅၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်8G/7999 THAW LIN THUNL/T(1) TON ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိနွယ် ၁၃/တခလ(နိုင်)၀၂၆၃၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တာချီလိတ်မြို့၊ နမ့်ခင်းအုပ်စု၊ ပန်းပဲကျေးရွာနေ၊ စိုင်းကျော်ဇေယျာလင်း၏ဖခင်ဖြစ်သူ ဦးခွန်ချစ်ထွေး ၁၃/မနန (နိုင်)၀၀၀၀၆၁၊ ဦးစိုင်းချစ်ထွေးနှင့် ဦးချစ်ထွန်း တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/2186 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် (၁၀/ပဒေသာ)၊ ဦးပိုင်အမှတ်(၇၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်နှင့် ဦးပိုင်အမှတ်(၇၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်တို့အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေးတို့အား ဦးစောနိုင်ထွန်း ၉/ပဥလ(နိုင်)၀၀၃၈၃၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂/ရေချမ်းအိုးမြောက်)၊ ကွင်း/အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၂၈/၅)ရှိ ဒေါ်ခင်ပိုပိုသိန်း ၉/ခအခ(နိုင်)၀၁၂၂၀၉ သည် ရွှေဖလား Guest House အမည်ဖြင့် တည်းခိုခန်းဖွင့်လှစ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံး အင်ဂျင်နီယာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပိုပိုသိန်း**
**၉/ခအခ(နိုင်)၀၁၂၂၀၉**
**အကွက်အမှတ်(၆၇၅)၊**
**ရပ်ကွက်ကြီး(၁၂/ရေချမ်းအိုးမြောက်၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက် အမှတ်(၈/စည်းခုံ)၊ ဦးပိုင်အမှတ်(၁၁)၊ မြေဧရိယာ ၀ ဒသမ ၀၆၇ ဧကရှိ မြေကွက်အား မြေငှားဂရန် (စက်မှု / စီးပွား / သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သီတာအေး (ခ) ဒေါ်အေးအေး ၉/မမန(ဧည့်) ၀၀၀၂၂၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၄၈/၂၇)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ ၀ ဒသမ ၁၁၃ ဧကရှိ ဦးအေး (TKA-020960)အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဒေါ်ငွါးမဆာ ၉/မကန(နိုင်)၀၆၀၈၂၃မှ ဝယ်ယူထားရှိပြီး ၎င်းမြေကွက်အား ဒေါ်ငွါးမဆာအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထား စုံလင်စွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွါးမဆာ**
**ဖုန်း-၀၉-၄၅၀၀၆၄၇၁၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၈) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၂-E/တုံးလုံကွင်း)၊ ဦးပိုင်အမှတ်(၅/၁+၂က/၂)၊ ဧရိယာ ၀ ဒသမ ၅၀၁ ဧကအား ဦးမျိုးကျော်အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

**ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ဘိတ်သိတ်-မဟာ-သာသာ ဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၈၄၉၂ ဧကရှိသော နယ်မြေကို **"ဘိတ်သိတ်-မဟာ-သာသာ ဒီရေတော ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၆၂/၂၀၂၂)အရ ၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁ ရက် (၂၀၂၂ခုနှစ် ဧပြီလ ၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

*စာမျက်နှာ ၂၅ ကော်လံ ၁* ❂

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဧပြီ ၇ ရက်၌ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**ယနေ့** *သ တင်း အ ညွှန်း*

**ကျောင်းတွင်းအားကစားပွဲမှသည် ငြိမ်းချမ်းရေးဆီသို့ ....**

ဆောင်းပါး စာ - ၆

**ကောလင်းမြို့ မြောက်အင်းရပ်ကွက်အတွင်းရှိ စာသင်ကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက ဆင်ခြင်တုံတရားမဲ့စွာ ဒေသန္တရလက်လုပ်ရိုမှုမိုင်းဖြင့် ဖောက်ခွဲ၊ ၄၀ မမ ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်**

ပြည်တွင်းသတင်း စာ - ၁၈

## မေလတွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲ မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂

၂၀၂၂ ခုနှစ် မေလတွင်ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲတွင် မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆီးဂိမ်းအိမ်ရှင် ဗီယက်နမ်နိုင်ငံအနေဖြင့် ဘောလုံးအားကစားနည်းတွင် ဖူဆယ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ပါဝင်မည်ဖြစ်သည်။ ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသား ခြောက်သင်း၊ အမျိုးသမီး ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းအရေအတွက်အရ အမျိုးသားပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲကိုမူ ငါးသင်း ပတ်လည်စနစ်ဖြင့် ပြုလုပ်မည်ဖြစ်သည်။ ဖူဆယ် အမျိုးသားပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်၊ လက်ရှိ ချန်ပီယံ ထိုင်း၊ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊

*စာမျက်နှာ ၂၅ ကော်လံ ၁* ❍



မတ်လက ကျင်းပသည့် ထိုင်း ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။